www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

အကြည်တော်

# ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၇၇)၊ ၃၈-လမ်း၊ ကျောက်တံတား။
ဖုန်း-၃၇၉၅၇၂

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၂၀၅၀၈

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - ၅၀၁၁၇၃၀၅၁၀

**အကြည်တော်၏ စာအုပ်အမှတ်စဉ် - ၁၅**

အဖုံးပန်းချီ - ကိုဆန်း

ထုတ်ဝေသူ - ဦးလှိုင်ဝင်းမိုး (မြဲ - ၃၉၀၀)
အမှတ်-၇၇/ခ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့် - ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်)
အတွင်းပုံနှိပ် အမှတ်-(၁၄၀)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်။

အတွင်းဖလင် - ကိုဦးနှင့် ညီများ

စာအုပ်ချုပ် - ကြူကြူမွှေး

ပုံနှိပ်ခြင်း - ပထမအကြိမ်၊
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀၀ ကျပ်

www.burmeseclassic.com



အချစ်အကြောင်းကို

တစ်ထိုင်တည်းပြောလို့

တင်းတိမ်ရရိုးဆိုလျှင်

ကမ္ဘာပေါ်မှာ

လူစွမ်းကောင်းဆိုတာတောင်

ပေါ်လာမှာမဟုတ်ဘူး...

www.burmeseclassic.com



သူမသည် ． ． ．
　　ကလေး ． ． ．
　　သဘင်သည် ． ． ．
　　သူရူး ． ． ．
　　သုံးဦးဖလှယ်ထားသော စိတ်ထားမျိုးရှိပါသည်။
ထို့ကြောင့် သူမသည် ． ． ．
　　ကလေးကဲ့သို့ချစ်စရာကောင်း၏။
　　သဘင်သည်ကဲ့သို့ ဆွဲဆောင်မှုရှိ၏။
　　သူရူးကဲ့သို့လည်း ． ． ．
　　ထင်ရာလုပ်တတ်သည်။

www.burmeseclassic.com



မြန်မာစကားတွင် ကလေး၊ သဘင်သည်၊ သူရူးတို့၏စကားသည် မှန်တတ်ကြောင်းကြားဖူးပါသည်။

သူမသည် ကလေး၊ သဘင်သည်၊ သူရူးနှင့်တူပါသည်။ ကလေးကဲ့သို့ ချစ်စဖွယ်ကောင်းပါသည်။ သဘင်သည်ကဲ့သို့လည်း နှစ်လိုဖွယ်ရမ္မက်ကိုပေးပါ သည်။ သူရူးကဲ့သို့လည်း ပေါင်းရသင်းရခက်ပြန်ပါသည်။

ပိုဆိုးသည်က ရှေးလူကြီးများ၏အထင်ကရစကား ကမောက်ကမနှင့် မှားကုန်ခြင်းဖြစ်၏။ သူမသည်မှန်ကန်သော စကားကိုဆိုခဲ့သောကြောင့်ဖြစ်ပါသည်။

ဤသို့ဆိုသော် သူမကဆိုးလို့လားဟု ပြန်မေးကြလိမ့်မည်။ ဟုတ်ကဲ့ အတော်ဆိုးပါသည်။ သူကဘယ်သူ့အပေါ်မှာဆိုးနေလို့လဲ။ ဤသို့လည်း မေးနိုင်ပါသည်။ ကျွန်တော့်အပေါ်တွင်ဆိုးပါသည်၊ ပတ်ဝန်းကျင်အပေါ်တွင်လည်း ဆိုးပါသည်။ သူ့ချစ်သူအပေါ်တွင်လည်းဆိုးပါသည်၊ အဆိုးဆုံးမှာ သူ့အပေါ် သူပြန်ဆိုးနေခြင်းပင် ဖြစ်ပါသည်။

သူမနှင့်ဆုံစည်းပုံမှာ ဤသို့သာဖြစ်၏. . . ။

www.burmeseclassic.com

ညဥ့်ကအတော်နက်နေပြီ။ ဤကဲ့သို့တောင်ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ သူငယ်ချင်းတစ်ဦးထံ မူးမူးရူးရူးနဲ့နန့်နန့်တက်၍လိုက်လည်မိပြီးမှ ကက်ကက်လန်စကားများကြပြီး စိတ်ဆိုးဆိုးဖြင့်ဘောက်ထော်ရှိ အိမ်သို့ပြန်ရန်ထွက်ခဲ့မိခြင်းက ကျွန်တော့်၏ပထမအမှားဖြစ်သည်။

တော်သေးသည်ဟုဆိုရမည်။ ဘယ်ကဘယ်လိုမျက်စိလည်လမ်းမှား ပြီးရောက်လာသည်မသိသော အငှားကားတစ်စီးကိုတွေ့လိုက်ရသဖြင့် အလှမပျက် ချွေးမထွက်ဘဲ အိမ်သို့ပြန်ရောက်နိုင်ခြင်းဖြစ်သည်။

ဘုရားဒကာ ကားဆရာကြီးကလည်း စိတ်ပဲကောင်းလို့လား၊ အဖော်ပဲလိုချင်လို့လားမသိ ဤမျှဝေးသောခရီးကိုမဆိုစလောက်ဟုပြောရမည်ဖြစ်သော ငွေ၂၀၀၀ /-ကျပ်နှင့် "တက်"ဟုအတည်ပြုပေးသဖြင့် ဝမ်းသာလုံးကိုမနည်းမြိုချပြီး ကားပေါ်တက်ခဲ့ရသည်။ ကားပေါ်ရောက်သော်လည်းဒေါသကမပြေချင်။ ဟုတ်တယ်လေ။ သူငယ်ချင်းကမြို့ထဲမှာ

www.burmeseclassic.com



စားသောက်ရင်းမှ သူ့အိမ်လိုက်ခဲ့ သူထပ်ပြုစုဦးမည်ဟု အတင်းအဓမ္မခေါ်ပြီး အိမ်ရောက်၍တစ်ပြားမျှပင်မကုန်နိုင်သေးခင် ပြဿနာတက်ခြင်းဖြစ်သည်။ ပြဿနာကလည်း. . .

'မြန္မာ××ရေညှိချိန်ရိပ်သန်း××"

"ဟင်. . ဘာသံကြီးလဲဟ. . . "

ကားဆရာ၏နှုတ်မှထွက်လာသော သံကွဲသံကြောင်ကြီး။ စာသားတွေကလည်းကပေါက်တိကပေါက်ချာနှင့် မှားနေသေး။ အေးလေသူလည်းတစ်နေ့ လုံးနေပူကျဲတဲထဲကားမောင်းရှာရတော့ ပင်ပန်းလှရှာပေမပေါ့။ ဒါသူ့ဖြေဖျော်ရေး ပဲ။ ဆိုပါစေလေ။

နေပါဦး ခုနကပြဿနာကဒီလောက်ငြင်းခုန်စရာမဟုတ်။ ဟိုအကြောင်းဒီအကြောင်းပြောရင်း နာမ်လောကအကြောင်း ရောက်ရှိသွားကာမှ. .

"ရွှေမန်းတောင်ထိပ်××တူနယ်တယ်နယ်×××တယ်နယ်ခိုတယ်×××"

အား. . . ဒီအသံဆိုးကြီးကလည်းတမျှောင့်.   . . နေပါစေလေ. . .  ကိုယ်နဲ့ဘာ ဆိုင်တာမှတ်လို့ . . . ။

ဘာတဲ့. . . အင်း. . . နာမ်လောကအကြောင်းရောက်သွားရင်းမှ သူငယ်ချင်းကပရလောကကို သူလုံးဝမယုံကြောင်း. . . အဓိပ္ပါယ်မရှိပြောနေကြကြောင်း. . ကျွန်တော်ကစာပေအထောက်အထားများရှိကြောင်း. . လုံးလုံးမဟုတ်ဘဲတော့ စာရေးဆရာများက ရေးကြမှာမဟုတ်ကြောင်း. . . ။

"အပျော်ပွဲလေးရှားပါဘိကွယ်×××"

"ဟ. . ဘာသံကြီးလဲဟ. . . "

အမလေး. . ဒီကားဆရာမောင်းကွဲသံကြီးက ငှက်ဆိုးထိုးတဲ့အတိုင်းပဲ  အသံမှာတော်တော်ကြီးကိုပါရမီနည်းရှာတယ်ထင်ပါ့။

"တောက်. . . "

ရုပ်နဲ့အသံနဲ့ကလည်းလိုက်ပါ့။ စုတ်တီးစုတ်ဖတ်။ ကျီးကြည့်

www.burmeseclassic.com



ကြောင်ကြည့်နဲ့။

ထားပါလေ သူ့ကိစ္စ။ ကဲ. . ကိုယ့်ကိစ္စဆက်ရအောင်။ သူငယ်ချင်းကစာထဲတွေ့ရုံနဲ့မယုံ. . . သူကိုယ်တိုင်မျက်ဝါးထင်ထင်တွေ့ရမှယုံ မည်ဟုဆိုသဖြင့်. . .

"ကဲ. . ဂျပန်ပြည်ရှိတယ်ဆိုတာမင်းယုံလား. . . "

ဟုဆိုလိုက်၍ သူငယ်ချင်းက မျက်နှာကွက်ကွက်ကြီးဖရိုဖရဲနှင့် ကက်ကက် လန်. . .

"မြနန္ဒာ×××ရေချိုရင်×××ရိပ်ကာသန်း×××"

"ဟဲ့. . . ပလုပ်တုတ်. . . "

ကားဆရာ၏အသံချောက်ကွဲကြီးကြောင့် လွှတ်ခနဲအော်မိမလိုဖြစ်သွား၏။ အင်မတန်ဆိုးပြီး တော်တော်ကျက်သရေတုံးတဲ့အသံပါ။ ကဲ. . ဒီကားဆရာ ဒီလိုတော့လွှတ်ထားလို့ရတော့မည်မဟုတ်။ သူ့အသံကြီးဖြတ်ဖြတ်ဝင်လာရင် ကျွန်တော့်စိတ်ကူးတွေကပြတ်ပြတ်သွားတယ်။ အဲဒီအသံကြီးနဲ့ခရီးသွားရတာနှင့် စာလျှင် ကက်ဆက်သီချင်းလေးနှင့်သွားရတာမှ ငြိမ့်တိမ့်တိမ့်ရှိဦးမည်ဟုစဉ်းစားမိပြီး ကားဆရာ၏ပခုံးကိုပုတ်လိုက်ရာ. . .

"ဟေ့လူ. . . "

"ဟာ. . . "

"ကျွိ. . "

ကားဆရာ ဘာကိုကြောက်လန့်သွားသည်မသိ ကားစတီယာရင်ကို ဘယ်ကွေ့ချလိုက်မိပြီး ပလက်ဖောင်းပေါ်တက်ကာနီးတွင် ညာသို့ပြန်ကွေ့ကာ မီးပွိုင့်ကိုတစ်ပတ်ပတ်ရင်း ခါတ်တိုင်နှင့်ပွတ်ကာသီကာရှောင်၍ ကားကိုရုပ်ပျက် ဆင်းပျက်ရပ်လိုက်သည်။ ပြီးနောက် အတန်ကြာသည်ထိ စကားလည်းမပြော လှုပ် လည်းမလှုပ်ဘဲ ငုက်ကုလားအုတ်သေသေနေ၏။ ကျွန်တော်လည်း ပခုံးကိုကိုင်လှုပ်ယုံနဲ့ ဤမျှဟန်ပျက်သွားသောကားဆရာကို နားမလည်နိုင်သဖြင့်. . .

"ဘာဖြစ်သွားတာလဲဗျ. . . ဟင်. . . "

www.burmeseclassic.com



ထိုတော့မှ ကားဆရာသတိပြန်ဝင်လာပြီး ကတုန်ကရင်နှင့် ကျွန်တော့်ဖက်သို့ မဝံ့မရဲလှည့်ကြည့်သည်။ ပြီးမှ မျက်လုံးပေကလပ်ပေကလပ်နှင့်. . .

"ဩော်. . . ခင်ဗျားကိုး. . ."

"ဟုတ်တယ်လေ. . . ဟုတ်တယ်. . ကျွန်တော်ပဲ. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဗျ. . . ခင်ဗျားက. . . ဟီး. . ."

ကားဆရာစကားကိုဆက်မပြောနိုင်သေးပဲ ကလေးမုန့်တောင်းသလို ချုံးပွဲချငိုချလိုက်သည်။ တော်တော်ကြာမှ. . .

"ဆင်းဗျာ. . ခင်ဗျားကြီး. . ဆင်း. . . ကျုပ်ကားမစီးနဲ့. . ."

"ဟင်. . . ဘာဖြစ်လို့လဲ. . . ကျုပ်ဘာလုပ်မိလို့လဲ. . ."

"ဘာလုပ်လို့လဲဟုတ်လား. . ခင်ဗျားလက်အေးကြီးနဲ့. . . ဟီး. . . ကျုပ်နောက်ကြောကို . . . ကျဥ. . ကျဥ. ."

ကားဆရာ သူ့အငိုကိုအနိုင်နိုင်မျိုချနေရ၏။ ပြီးမျက်နှာပေါ်က မျက်ရည်များ၊ နှပ်များ၊ သွားရည်များကို သုံးမျိုးပေါင်းမျက်နှာသစ်ဆေးရည်လိုသ ဘောထားပြီး မျက်နှာပေါ် ဝလုံးပုံဝိုင်း၍ဝိုင်း၍ အတန်ကြာရေးနေသေး၏။

"မဟုတ်ဘူးလေ. . . ကျွန်တော်က ကားဆရာကို ကက်ဆက်ဖွင့်ခိုင်းဖို့ ပခုံးလေးကို ဟောဒီလိုတို့ပြီး . . ."

"အဲဒီပခုံးကိုတို့တာပေါ့ဗျ. . အီး. . ."

"ပခုံးတို့တာနဲ့ဒီလောက်တောင်လန့်ရလားဗျာ. ."

"လန့်တာပေါ့ဗျ. . ကျုပ်က လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လုံးလုံး အသုဘကားမောင်းလာရတာဗျ. . . အဲဒါ. . ဒီနေ့မှဒီအငှားကားလေးရလို့ မြို့ပြင်မှာအမောင်း စမ်းရင်း ခင်ဗျားကိုတင်လာ တာ. . . သူ့ဒုက္ခကိုကယ်တင်လာတဲ့သူမှန်းမသိ ဘာမှန်းမသိ. . . သူ့လက်အေးကြီးနဲ့ ဟော့လူဆိုပြီးတို့လိုက်တာ ကျုပ်ကခါတိုင်းလို့အသုဘကားမောင်းရင်း မသာကြီးထတို့တယ်မှတ်ပြီး. . . အောင်မလေး. . အခုစဉ်းစားရင် အခုကြက်သီးထ

www.burmeseclassic.com



တယ်. . . တော်ပါဗျာ. . ဆင်းတော့ ခင်ဗျားကို ကျုပ်မတင်ချင်တော့ဘူး. . .”

ကျွန်တော်လည်းလန့်သွား၏။ ဟုတ်တယ်လေ ဒီအချိန်ဒီလိုနေရာကြီး မှာ နောက်ထပ်ကားရဖို့မလွယ်. . .။

“အဲလိုတော့မလုပ်ပါနဲ့ကားဆရာရယ်. . . ကားခပိုပေးဆိုပိုပါ့မယ် နောက်လည်း မတို့တော့ပါဘူး. . .”

“မရဘူးဗျာ. . . ကံကောင်းလို့ကားမတိုက်တာ. . . ဆင်းဗျာ ကျုပ်ပိုက်ဆံလည်းမလိုချင်တော့ဘူး. . သူ့လက်အေးအေးကြီးနဲ့ အဟွင့်. ရှုတ်. . .”

“အစ်ကိုကြီးကလည်းအချင်းချင်းတွေပဲဟာ. . .”

“ဘာအချင်းချင်းမှ မချင်းချင်းဘူး. . . ခုကားပေါ်ကဆင်းဆိုဆင်း. . . ဒါပဲ. . . ခင်ဗျားကြီးမဆင်းရင်ကျုပ်အော်မှာနော်. . မသာကြီးဆင်းဆိုခုဆင်း. . .”

ကားဆရာ၏မျက်နှာမှာခုပဲ မသာကြီးနှင့်ဖက်အိပ်ရမလို ခုပဲလူထသတ်တော့မလိုဖြစ်နေ၏။

ကားဆရာအား မည်သို့မှ တောင်းပန်၍ရတော့မည်မဟုတ်သဖြင့် ကျွန် တော်မဆင်းချင်ဆင်းချင်နှင့် ကားပေါ်ကဆင်းလိုက်ရသည်။ ‘တောက်’ ဒီနေ့တော့ အိမ်မှပြန်ရောက်နိုင်ပါဦးမလား. .။

ညကအတော်နက်နေပြီ။လိုင်းကားရှာ ၍မတွေ့တော့။ ဖြတ်သွားဖြတ်လာ အငှားကားများကလည်း လူပါသည်နှင့် မလိုက်ချင်တော့သည်နှင့်ဖြစ်နေသည်။ အိမ်ကိုမည်သို့ပြန်ရမှန်း လည်းမသိတော့။ သူငယ်ချင်းနှင့်ကလည်း ရန်ဖြစ်ထားလာသည်ဆိုပြန်တော့ သူ့အိမ်သို့ပြန်သွားရန်ကမသင့်။ ဒီကနေ ဘောက်ထော်ထိလမ်းလျှောက်ပြန်ဖို့ကလည်း မည်သို့မျှမဖြစ်နိုင်။ ထို့ကြောင့် မကြံတတ်မစည်တတ်ဖြစ်ပြီး တောင်မြောက်လမ်းဆုံမှတ်တိုင်နား ဓါတ်တိုင်တစ်တိုင်အောက် မယောင်မလည်နှင့်ရပ်နေရခြင်းဖြစ်၏။

ကားတစ်စီး၏ မီးအလင်းရောင်တွေ့ရသည်။ ဝမ်း သာအားရလမ်း

www.burmeseclassic.com



မပေါ်တက်၍ လှမ်းတားလိုက်သည်။ အချက်ပြမီးအလင်းရောင် နှင့်အတူ ကားကသူ့နားကပ်လာ၏။

"ဘယ်သွားမလို့လဲညီလေး. . ."

"ဘောက်ထော်ကိုပါ. . ."

ကားဆရာမျက်မှောင်ကြုတ်သွားသည်။

"ဘောက်ထော်တော့မရောက်ဘူး မှော်ဘီတော့ရောက်မယ်. . ."

"အဲ. . ."

သွားရမယ့်လမ်းကတခြားစီ. . .

"လိုက်ခဲ့ပါဗျ. . . ညနက်နက်မှာ တစ်ယောက်တည်း မှော်ဘီ ထိပြန်ရမှာပျင်းလို့ နှစ်ထောင်ပဲပေး. . . အနည်းဆုံးအဝေးပြေးဂိတ်တော့ ပြန်ရောက်မှာ ပဲ. . ."

"အင်"

ကားဆရာက သူကားမောင်းရမှာပျင်းလို့ အတင်းကြီးခေါ်နေသည်။ နေ့ဘက်ဆိုလျှင်တော့ အတော်ပေါသည့်ဈေး။ သို့သော် သွားရမယ့် လမ်းကတစ်ခြားစီ။

"လိုက်ခဲ့စမ်းပါဗျ. . . ခင်ဗျားဒီကကားစောင့်နေလို့ ဒီအချိန်ဘာ ကားမှရမှာမဟုတ်ဘူး. . . မှော်ဘီရောက်ရင် ရန်ကုန်ထဲပြန်ဝင်တဲ့ အဝေး ကားတွေနဲ့ လမ်းကြုံပြန်လိုက်လို့ရတယ်. . ."

"အဝေးပြေးဂိတ်ရောက်တော့ရော. . ."

"ဟိုကနေကားပြန်ငှားပေါ့ဗျ. . . ခင်ဗျားကလည်း ခေါင်းသုံးစမ်း ပါဗျ. . . လွယ်လွယ်လေး. . ဟားဟားကြာတယ်. . . တစ်ထောင်ပဲပေး ဗျာ. . ."

"အင်. . ."

ကြည့်ဦးပြောပုံ။ ဒီကနေမှော်ဘီကိုစီး မှော်ဘီကနေအဝေးပြေး ဂိတ်ကိုထပ်စီး အဝေးပြေးကမှ ဘောက်ထော်ကိုထပ်စီး။ သူပြောသည့် အတိုင်းဆို ဒီည မပြောနဲ့ မနက်ဖြန်မနက်တောင်ရောက်မည်မဟုတ်။ ထို့ကြောင့် စိတ်ညစ်ညစ်နဲ့ပဲ. . .

www.burmeseclassic.com



"တော်ပါဗျာ. . . ကိုယ့်လမ်းကြောင်းသာကိုယ်သွားပါ. . . "

"ငါးရာပဲပေးဗျာ ကျုပ်သရဲကြောက်လို့ . . . "

"အလိုဗျာ ရုပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်ပြီ သွားပါဗျာ. . တစ်ပြားမှ မပေးနိုင်ဘူး. . "

"ဒါဆိုတက်. . . "

"အင်"

ကားဆရာ အားရဝမ်းသာနှင့် ကားတံခါးကိုပါဖွင့်ပေးနေသည်။

"ကျုပ်အလကားတင်သွားမယ်လေ. . မှော်ဘီကို. . လာပါဗျာ ကျုပ် သရဲကြောက်လို့ပါ. . . "

အတော်ကလေးကို စိတ်ပျက်သွားမိသည်။ ဘယ့်နှယ် ကားမရလို့ စိတ် ညစ်နေရသည့်ကြားထဲ သရဲကြောက်တဲ့ကားသမားနဲ့မှ လာတွေ့နေ ရတယ်လို့ မတတ်သာသည့်အဆုံးတော့. . . ။

"ကဲဗျာ. . လိုက်ဆိုတော့လည်းလိုက်ရတော့မှာပေါ့ဗျာ. . . အဲ. . . ကျုပ်ကသရဲဖြစ်နေရင်. . . "

ကားဆရာမျက်လုံးပြူးသွားပြီး ကားတံခါးကို 'ဂျိုင်း' ခနဲပိတ် လိုက်သည်။ ပြီးနောက် သူ့ကို ခြေဆုံးခေါင်းဆုံးပြန်ကြည့်လိုက်သည်။ သူမျက်လုံးပြူးပြလိုက် သည်။ ကားဆရာဆံပင်များထောင်တက်သွားပြီး ကားကိုဝူးခနဲမောင်းထွက်သွားတော့၏။

ကားဆရာအဖြစ်အပျက်ကိုကြည့်ပြီး စိတ်ညစ်နေသည့်ကြားထဲ ရယ်ဖြစ် သေး၏။ ဘယ့်နှယ် ယောကျာ်းကြီးတန်မဲ့ သရဲကြောက်နေရသေး တယ်လို့။ သူလည်းယောင်ပေပေနှင့် ထိုနေရာတွင်သာဆက်ရပ်နေမိသည်။

ဟောဟောကားတစ်စီးလာပြန်ပြီ။ သူလက်များကိုအပေါ် အောက်လှုပ်ရမ်းပြီးတားလိုက်သည်။

"ဘယ်လဲ. . . "

'ဘောက်ထော်သွားချင်လို့ပါ. . . "

"ဘောက်ထော်ဘယ်နားလဲ. . . "

လမ်းအမည်ကိုပြောပြလိုက်၏။ ကားဆရာကမျက်မှောင်ကြုတ်

www.burmeseclassic.com



ပြီး ပြန်ကြည့်လိုက်သည်။

“လမ်းထဲဝင်ပေးရမှာလား. . .”

“အဲ. . နည်းနည်းဝင်ရမယ်. . .”

“ဒါဆို. . . လမ်းမကြုံဘူး. . .”

‘ဝူး’ ခနဲမောင်းထွက်သောကားကိုကြည့်ပြီး သူစိတ်တိုသွား၏။ အစက တည်းက လမ်းမကြုံဘူးဆိုရင် ဘာကြောင့်လာရစ်နေသေးလဲ။ သူ့အ တွေးမဆုံးခင်မှာ ထိုကားကဘက်ပြန်ဆုပ်လာသည်။ စိတ်ပြောင်းပြီး တင် တော့မယ်ဟု မှန်းပြီးဝမ်းသာသွား၏။

“ဒါဆို ခင်ဗျားအိမ်ကဦးတင်မောင်ကြီးအိမ်နားမှာပေါ့. . .”

“ဟုတ်. . . ဟုတ်ပါတယ်. . သူ့အိမ်နဲ့မျက်စောင်းထိုးပါပဲ. .”

ဝမ်းသာအားရပြောလို့ပြောလို့မှမဆုံးသေး. . .

“အဲဒါဆို ပိုမကြုံဘူးဗျာ. . .”

ဟုဆိုကာ ကားကိုပြန်မောင်းထွက်သွားတော့၏။

“တောက်. . .”

အရှိန်ပြင်းပြင်းမောင်းလာသော ကားတစ်စီးမီးရောင်ကိုမြင်တော့ သူ ကမန်းကတမ်းတားလိုက်သည်။ ကားက သူ့အရှေ့မှာမရပ်ဘဲ သူ့ကို လွန်သွားမှ ‘ကျွိ’ ခနဲရပ်သွား၏။ ပြီးနောက် အရှိန်ပြင်းပြင်းနှင့် ဘက်ခ်ပြန် ဆုတ်လာ၏။

“ဟင်. . . ကိုယ်ပိုင်ကားကြီး. . .”

ဟုတ်ပါသည်။ ကိုယ်ပိုင်ကားပါ။ ကိုယ်ပိုင်ကားမှ အနက်ရောင် ပြောင်လက်နေသောအဖိုးတန်ကားကြီးပါ။ သူလည်း မရရတာစီးရ တော့ မည်မို့ ကားဆီကမန်းကတမ်းပြေးသွားပြီး ကားမောင်းသူရှိ ရာငုံ့ကြည့်လိုက် ရာ. . .

“ဟင်”

မြင်ရတဲ့မြင်ကွင်းကြောင့် သူအတော်အံ့အားသင့်သွား၏။ ကား မောင်း လာသူမှာ သူလိုကိုယ်လို ယောကျ်ားသားမဟုတ်ဘဲ ရုပ်ခပ်ချောချော မိန်းကလေး ဖြစ်နေသောကြောင့်ပင်။ အနက်ရောင်ဝမ်းဆက်ဝတ်ထားပြီး

www.burmeseclassic.com



ဆံပင်ကိုဖားလျားကြီး ချထား၏။ သူမ၏ပုံမှာ ဝိညာဉ်တစ်ကောင်နှင့်ပင်တူသေး၏။ ‘တောက် ဝိညာဉ် လောကနဲ့အခုထိစာရင်းပြတ်သေးဘူး’။ ခုနက ကားသမားဆိုလျှင် ထိုကောင်မ လေးလမ်းမှကားဖြတ်တားလျှင် သရဲမှတ်ပြီး ထွက်ပြေးမလားမသိ။

“တက်”

အသံကသေးသေးစွာစွာပါ။ သူလည်းအူကြောင်ကြောင်နှင့် ကားတံခါး ကိုဆွဲဖွင့်လိုက်ပြီး. . .

“ဘောက်ထော်ကိုနော်. . .”

“လျှာမရှည်နဲ့. . . တက်မှာဖြင့်တက်စမ်းပါ. . .”

စိတ်မရှည်စွာပြောသောမိန်းကလေး၏စကားကြောင့်သူကမန်းကတမ်း ကားအနောက်ခန်းထဲဝင်ထိုင်လိုက်သည်။ သူကားထဲရောက်သည်နှင့် ကားက အရှိန်ပြင်းစွာမောင်းထွက်သွား၏။ ဩော် စီးပွားရေးအကွက်မြင်သည့်မိန်းကလေးပဲ။ အေးလေ. . ခေတ်ကာလကလည်းဒီလိုအကွက်မြင်မှဖြစ်မှာကိုး။ သွားရင်းလာရင်း ညကြီးပိုင်းတစ်ကြောင်းခုတ်ဆီဖိုးရအောင် အောက်ဆိုက်ဆွဲတာဖြစ်မယ်။

“ဘောက်ထော်ကို ဘယ်လောက်ပေးရမှာလဲ. . .”

သူ၏စကားမဆုံးမီ. . .

“ဝုန်း. . .”

ကျယ်လောင်စွာဖွင့်လိုက်သော ကက်ဆက်သံကြောင့် သူ့စကားသံများ အားဖုံးလွှမ်းသွား၏။ ဖွင့်လိုက်သည့်သီချင်းကလည်း တစ်ခါမှမကြားဖူးသော HIP HOP သီချင်း။ ဆူညံပေါက်ကွဲသံနှင့်အတူ ငိုသံများ။ မိန်းကလေးက ထိုသီချင်းသံစဉ်အတိုင်းကျယ်လောင်စွာလိုက်ဆိုသည်။

“ရွှေရောင်ငွေရောင်ဒါဆင်ပေးထားတာ××× ×မင်းအဖေရောအမေရောဝင်ဝင်နှိပ်စက်တာ× × × ×အခြေကိုး အနေကိုး နင်တို့အမျိုးလားကွာ”

ပြီးနောက် အရှေ့မှာဘာမှမရှိပါဘဲကားဟွန်းကိုအဆက်မပြတ်တီးသည်။ ကား၏မီတာလက်တံကိုကြည့်တော့ တစ်နာရီမိုင်ခြောက်ဆယ်နှုန်း။ သူလည်းမိန်းကလေး၏ထူးဆန်းသောအပြုအမူကြောင့် ကြက်သီးများ

www.burmeseclassic.com



ပင် ထမိသည်။ မည်သို့လုပ်ရမည်မသိ။ စကားဆက်ရန်ပြင်စဉ်မှာပင်. . .

"ကျွိ"

ရုတ်တရက်ချိုးကွေ့လိုက်သော အချိုးအကွေ့ကြောင့် သူကားထဲမှ လွင့်စင်ကျမတတ်လိမ့်ထွက်သွား၏။ ကား၏ဦးတည်ရာကြည့်တော့ မြို့ပြင်သို့. . .။

"ဟာ"

သူအကြီးအကျယ်လန့်သွားမိ၏။ ထို့နောက် ပျာပျာသလဲဖြင့်. . .

"ဒီ. . . ဒီမှာ. . . ကျွန်တော်သွားမှာ ဘောက်ထော်ကိုဗျ. . . ခင်ဗျားဘယ်ကိုမောင်းနေတာလဲ. . . ဒါမြို့ပြင်သွားတဲ့လမ်းမကြီး. . ."

သူကားကက်ဆက်သံထက်ကျော်အောင်ပင် မနည်းအော်ယူရသည်။ သူ့အော်သံကို မိန်းကလေးက ကားကိုဂီယာချိန်းလိုက်ပြီး. . .

"လျှာမရှည်နဲ့. . . ကိုယ့်ဂီယာကိုယ်ထိုး ပဲခူးရောက်ရောက်. . ."

"ဗျာ"

သူအကြီးအကျယ်အံ့အားသင့်သွားမိ၏။ နောက် ဒီကောင်မလေး သူ့ကို ကားတင်ပြေးပြီလားဟူ၍ပင်သံသယဖြစ်မိ၏။ ဒါလည်း မဖြစ်နိုင် ဒီကောင်မလေးနဲ့ သူက တစ်ခါမှ တွေ့ဖူးတာမှမဟုတ်တာ။ ဒါဆို ဒီမိန်းကလေးက စိတ်မနှံ့တာလား။ ဒါလည်းမဖြစ်နိုင်။ သူ့ကြည့်ရတာ အကောင်းပုံပါပဲ။ ဒါဆို. . . သရဲမလား၊ လာပြန်ပြီဝိညာဉ်လောက။ သူစဉ်းစား၍မဆုံးခင်မှာပင်. . .

" ရော့ဒီမှာကြည့်စမ်း. . ."

ကောင်မလေးက သူ့ဆီတစ်ခုခုပစ်ပေးလိုက်၍ သူလှမ်းဖမ်းလိုက်သည်။

"ဟင်"

ဓာတ်ပုံအယ်လ်ဘမ်တစ်ခု။

"ဟင်. . ဒါဘာလုပ်ရမှာလဲ. . ."

သူ့အမေးကိုကောင်မလေးက. . .

"လျှာမရှေ့နဲ့. . . အထဲကပုံတွေကြည့်. . ."

www.burmeseclassic.com



ဟုခပ်ဆတ်ဆတ်ပြန်ပြောသည်။ သူလည်းကြောက်အားလန့်နဲ့ ခေါင်း ကိုခပ်ဆတ်ဆတ်ငြိတ်လိုက်ပြီး အယ်လ်ဘမ်ကိုဖွင့်ကြည့်လိုက်သည်။ ထိုအယ်လ်ဘမ်ထဲတွင်(ယခုကားမောင်းနေသူ) ကောင်မလေးနှင့် ကောင်လေးတစ်ယောက် စုံတွဲပုံများ။

"ဒါ. . . ဒါဘာတွေလဲ. . ."

"အဲဒါကျွန်မချစ်သူပဲ. . ."

သူ့စကားမဆုံးမီဖြတ်ပြောသောကောင်မလေးစကားကြောင့် သူမျက်လုံး ပြူးသွားပြီး. . .

"ဟင်. . . အဲဒါကျုပ်နဲ့ဘာဆိုင်လို့. . ."

"သူနဲ့ကျွန်မသိပ်ချစ်ခဲ့ကြတာ. . ."

"အင်းလေး. . ချစ်ပါ. . . ဒါပေမယ့်ကျုပ်နဲ့က. . ."

ကောင်မလေး သူ့စကားကို ဂရုမစိုက်ဘဲ သူပြောချင်ရာဆက်ပြော၏။

"အခုတော့. . . အခုတော့. . . ရှူ. . ."

ကောင်မလေးမျက်ဝန်းပေါ်မှ မျက်ရည်စများဝိုင်းတက်လာသည်။

"သူက မိဘသဘောတူတဲ့လူနဲ့ယူတော့မှာတဲ့. . ."

သူခေါင်းကုတ်လိုက်သည်။

"ပြဿနာပဲ. . ."

သူ့ကိစ္စအတွက် ဘာပြောလို့ပြောရမှန်းမသိတော့။ အိမ်ကို လည်းအမြန် ပြန်ရောက်ချင်နေပြီ။ သူ့စိတ်ထဲမှာဒါပဲရှိသည်။ အိမ်ရောက်ရင် နွေးနွေးထွေးထွေး နေ. . ထမင်းကောင်းကောင်းစား. . .။ သူစဉ်းစားနေတုန်းမှာပင်

"အဲဒါကောင်းသလား. . ."

ရုတ်တရက်ဖြတ်မေးသောကောင်မလေးစကားကြောင့် သူလည်း ယောင်ပြီး. . .

"အင်း. . . ကောင်းသားပဲ. . ."

သူ့စကားကြားတော့ ကောင်မလေးမျက်နှာမာနှင့် သူ့ကိုဝေ့

www.burmeseclassic.com



ကြည့်ပြီး. .

“ဘာကောင်းတာလဲ. . . ဘာကောင်းတာလဲပြောစမ်း. . . ”

သံကုန်ခြစ်အော်မေးသည်။ ပြီးတော့ ဟွန်းကိုအဆက်မပြတ်တီးသည်။ ပြီးနောက် ‘အား’ ခနဲအော်ပြီး ကားစတီယာရင်ကို ဟိုဘက်လှည့်ဒီဘက် လှည့်လုပ်သည်။ သူလုပ်လိုက်တိုင်း သူ့ကားအကောင်းစားကြီးယိုင်ထိုးယိုင်ထိုး။ သူလည်းလန့်သွားပြီး. . .

“ဟေ့. . . ကားကိုကောင်းကောင်းမောင်းပါ. . . တိုက်ကုန်ပြုကုန်မှဖြင့် ဒုက္ခရောက်ကုန်ပါ့မယ်. . . ”

သူ့စကားကို ကောင်မလေးကရယ်သည်. . .။

“ဟားဟား. . သိပ်ကြောက်နေပြီလား. . . ကျွန်မအခုထွက်လာတာ ကားတိုက်ပြီးသေဖို့ထွက်လာတာ. . . ”

“ဘာ”

ကောင်မလေး၏အဖြေစကားကြောင့် သူကြက်သီးထသွား၏။

“ဟုတ်တယ်. . . ကျွန်မသေဖို့ထွက်လာတာ. . . ပြောစမ်းဘယ်မှာ သေလို့ကောင်းသလဲ. . . ”

ကောင်မလေးစကားကြောင့် သူလန့်သွားပြီး. . .

“ဒါတော့ ကျုပ်ဘယ်သိမှာလဲဗျ. . . ။ ကျုပ်လည်းသေဖူးတာမှမဟုတ်တာ. . ဖွဟဲ့ လွဲပါစေချော်ပါစေ. . . ကလူကလူ. . . ”

သူ့စကားမဆုံးခင် ကောင်မလေးမျက်လုံးလက်ခနဲဖြစ်ပြီး. . .

“ဟိုမှာ. . . ဟိုမှာတွေ့လား ဂျစ်ကားတစ်စီး. . . ဂျစ်ကားတစ်စီးလာပြီ. . . ”

ဟုတ်ပါသည်။ မျက်နှာချင်းဆိုင်မှာ အရှိန်ပြင်းပြင်းနဲ့မောင်းလာသောဂျစ်ကားတစ်စီး။

“ဘာ. . . ဘာလုပ်ဖို့လဲဟင်. . . ”

သူ၏ကတုန်ကရင်အမေး။ ကောင်မလေးအားရဝမ်းသာဖြင့်. . .

“ခေါင်းထိုးထည့်လိုက်မယ်. . . ခေါင်းထိုးထည့်လိုက်မယ်လေ တစ်ခါတည်းပွဲချင်းပြီးအောင်. . . ဟားဟား. . . ကဲ. . ငါလာပြီ. . .

www.burmeseclassic.com



မေထူးချွန်လာပြီ. . . ”

ဆိုပြီး အရှေ့မှဂျစ်ကားဆီ သူ့ကားခေါင်းကို ဦးတည်လိုက်ရာ. . .

“အောင်မလေးအမေရဲ့ ကယ်တော်မူပါဗျ. . . ”

သူ၏ကြောက်လန့်တကြားရေရွတ်သံ။ အလိုလိုနေရင်းနဖူးမှ ဇောချွေး များစိမ့်ထွက်လာသည်။

“ဟီး ဟီးဟီးဟီး. . . ဟားဟားဟား. . . ဟီးဟီး. . . ”

သူ့ကိုကြည့်ပြီး ကောင်မလေးမြင်းဟီသလိုရယ်သည်။ ဦးတည်ချက် မပြောင်းလဲ။ ဂျစ်ကားနှင့်ကတဖြည်းဖြည်းနီးလာသည်။ အရှိန်က တစ်နာရီမိုင် ရှစ်ဆယ်။

“အမေ. . . ကယ်တော်မူပါဗျ. . . ”

သူ၏ရေရွတ်သံ။ ကောင်မလေးကားကိုဂီယာချိန်းလိုက်သည်။ ပြီးနောက်. . . ‘ဟိုင်းယား’ ဟူသောညာသံပေးသံနှင့်အတူ. . .

‘ဝှီး’ ခနဲမြည်သံ။

“အား. . . ”

သူ၏ကြောက်လန့်တကြားအော်သံ။ ဂျစ်ကားမီးရောင်က မျက်စိထဲဝင်လာပြီး. . .

“အား. . . လုပ်ကြပါဦးဗျ. . . ”

သူ၏သံကုန်ခြစ်အော်သံ။ ကောင်မလေးကားလက်ကိုင်ကို ‘ဝှီး’ ခနဲ ဆွဲချလိုက်သည်။ ဖျပ်ခနဲမျက်နှာပေါ်လာဟတ်သော လေများ။ မျက်လုံးမဖွင့်ရဲသေး။ အတန်ကြာမှ. . .

“ဟားဟား. . . သိပ်ကြောက်သွားသလား. . . မတိုက်ရသေးပါဘူး”

ကောင်မလေး၏အော်သံ။ သူမျက်လုံးဖွင့်ကြည့်လိုက်တော့လမ်းမပေါ် အရှိန်မပျက်ဆက်မောင်း သွားနေသောဂျစ်ကား။ သူလည်းတုန်လှုပ်ခြောက်ခြားစွာနှင့်. . .

“ကြောက်. . . ကြောက်တာပေါ့ဗျာ. . . ခင်ဗျား တကယ်နောက်တဲ့ လူပဲ. . . ကျုပ်ဖြင့် တကယ်တိုက်ပြီတောင်မှတ်တာ. . . ဝူး. . .

www.burmeseclassic.com



တော်သေးတာပေါ့. . . ”

“မတော်နဲ့ဦးလေ. . . ဂျစ်ကားကသေးလို့ကျွန်မ မတိုက်သေးတာ. . . ”

“ဟင်. . . ”

ဟားဟားဟား. . . ပွဲချင်းကပြီးချင်မှပြီးမှာလေ. . . ဟုတ်ဘူးလား. . . ဟားဟားဟား. . . ”

ကောင်မလေးစကားကြောင့် သူငိုချင်လျှက်နှင့်ပင် ဒေါသထွက်သွားပြီး. . .

“ဟာဗျာ. . . ခင်ဗျားကလည်း ခင်များဖာသာခင်များ ရည်းစားပျက်လို့သေချင်ရင် ကိုယ့်ဖာသာကိုယ်သေပေါ့ဗျ. . . ဘာလို့ကျုပ်ကိုခေါ်ရတာလဲ. . ”

ကောင်မလေးကသူ့ကို ဆတ်ခနဲဝေ့ကြည့်သည်။ ပြီးမှ. . .

“ဘာလို့ခေါ်လာလဲဟုတ်လား. . . ကျွန်မတစ်ယောက်တည်းမသေရဲလို့ ရှင့်ကိုခေါ်လာတာပေါ့. . ”

“ဘာလို့မသေရဲရတာလဲ သေရင်ပြီးပြီပဲ. . . ”

“ကျွန်မတစ်ယောက်တည်းသေရင် တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိဘဲသရဲ ဝိညာဉ် တွေအလည်မှာ မျက်နှာငယ်မှာစိုးလို့ ရှင့်ကိုအဖော်ခေါ်ခဲ့တာ. . . ”

“အင်”

လာပြန်ပြီတစ်ယောက်။ သူကြောက်ပုံကတစ်မျိုး သေပြီးမှကြောက်မှာတဲ့။ သူ့ကိုကြည့်၍ကောင်မလေးကကျယ်လောင်စွာရယ်ကာ. . .

“ဟားဟားဟား. . . မေထူးချွန်တို့ အကြံမပိုင်ဘူးလား ဟားဟားသေတာတောင်အဖော်ကလေးနဲ့. . . ဟောဟော ဟိုမှာလာပြန်ပြီ. . ဆီဘောက် ဆာကားကြီးကြိုက်ပြီဗျာ. . ကြိုက်ပြီ ဟားဟား. . . အဲဒီကားကြီးနဲ့ဆိုဆိမ့်နေမှာပဲ. . . ဟားဟားဟား. . . ”

သူညွှန်ပြရာကြည့်လိုက်တော့ ဂါလံ ‘၁၆၀၀’ အမည်ပေါက်ဆီ

www.burmeseclassic.com



ဘောက်ဆာကားကြီး။ ကားကိုဂီယာချိန်းလိုက်တာမြင်ရသည်။ နောက် လီဗာကိုဆောင့်နင်း ချလိုက်သည်။ ကားကဝူးခနဲဆီဘောက်ဆာကားဆီ ဦးတည်သွားသည်။ သူမက တဟီးဟီးတဟားဟားနဲ့ အားရဝမ်းသာ သီချင်းကိုကျယ်လောင်စွာသီဆိုလိုက်သည်။

"ရွှေရော× × × ငွေရော× × ×ငါဆင်ပေးထားတာ× × × နင့်အဖေ ရော နင့်အမေရော ဝင်ဝင်နှိပ်စက်တာ× × × ×အခြေဂိုး×××အနေဂိုး××× နင်တို့ အမျိုးလားကွာ×××"

ကောင်မလေး၏အပြုအမူနှင့် ကျယ်လောင်သောသီချင်းသံ ကြောင့် သူ့နဖူးမှချွေးများပြိုက်ခနဲပြန်ကျလာရာ. . .

"ဟေ့ဟေ့. . . အရှေ့ကြည့်မောင်းပါဟ. . တိုက်. . တိုက်ကုန် တော့မယ် ကားကတော့ဦးတည်ချက်မပြောင်းဘဲ ဆီဘောက်ဆာမှဆီ ဘောက်ဆာတည့်တည့်။

"မ. . . မလုပ်. . . မလုပ်ပါနဲ့. . . "

သူ၏အထိတ်တလန့်စကားကို ကောင်မလေးကတဟားဟားရယ် ကာ. .

"ဟားဟား. . . တိုက်မှာပါ. . မကြောက်ပါနဲ့ တိုက်ကိုတိုက် မှာ. . . "

ဟုဆို၍လီဗာကိုဆောင့်နင်းချလိုက်သည်။

"အား. . . "

သူ၏ငယ်သံပါအောင်အော်သံ။

ကောင်မလေးကသူ့ကိုလှည့်မကြည့်။ 'ဟိုင်းယား' ဟုညာသံပေးပြီး ဂီယာကိုဆောင့်ချိန်းလိုက်သည်။

"ဟာ. . တိုက်. . . တိုက်"

ဆီဘောက်ဆာကြီးက မျက်စိထဲတည့်တည့်တိုးဝင်လာပြီ။

"အားသေပါပြီဗျ. . . "

သူကြောက်အားလန့်အားနဲ့သံကုန်ခြစ်အော်လိုက်သည်။

"ကျွိ"

www.burmeseclassic.com



'ဝုန်း' ခနဲမြည်လိုက်သောဘရိတ်အုပ်သံတစ်ချက်။

ဆံပင်များ အနောက်ဘက်သို့ လန်ထွက်သွားသည်။ ဆီဘောက်ဆာ ကားကြီး 'ဝှီး' ခနဲနဘေးနားက ကပ်ဖြတ်သွားသံ ကိုကြားလိုက်ရသည်။ ကားပေါ်မှ 'သေချင်လို့လား' ဟူသောဆုတောင်းသံများ။ နောက် ကောင်မလေး၏ငှက်ဆိုး ထိုးသလိုရယ်သံ. . .။ နောက်. . .

"ဟားဟားဟားသိပ်ကြောက်သွားသလားကိုဘောက်ထော် မကြောက် ပါနဲ့. . . ကျွန်မ မတိုက်ရသေးပါဘူး. . ."

ငြိုပ်ဆိုးမလေး၏စကား။ သူမျက်လုံးမဖွင့်ရဲသေး။ မျက်လုံးထဲမှ မျက် ရည်များ နှာခေါင်းထဲမှ နှပ်များ တစ်ကိုယ်လုံးအနှံ့ဇောချွေးများ စိမ့်ထွက်လာပြီး လူလည်းတစ်ဟီးဟီးနဲ့ အဖျားတက်ချင်သလိုဖြစ်လာသည်။ ဤအတိုင်းဆက်သွား နေလျှင် မကြာခင်သေးပါထွက်တော့မည်။

"ကျွန်မစဉ်းစားနေတယ် ကျွန်မဝင်တိုက်လိုက်လို့ ကိုယ်ကတော့ ဆုံးသွားပြီထားပါတော့. . တမလွန်မှာအဖော်ပါလို့ သရဲမကြောက်ဘူး ပဲထားဦး. . အဲ. . . ကျန်ခဲ့တဲ့ဆီဘောက်ဆာကားသမားက ယဉ်တိုက်မှုအ တွက် အမှုဖြစ်ဦးမယ်. . သူ့မိန်းမခမျာ ဘုမသိဘမသိနဲ့ တစ်ခုလတ်သော် လည်းကောင်း မုဆိုးမသော်လည်းကောင်းဖြစ်ဦးမှာ. . . ကိုယ့်ကြောင့် တစ်ဖက် လူကို ဒုက္ခမရောက်စေချင်ဘူးလေ. . ဒီတော့ ကိုဘောက်ထော်"

"ခင်ဗျာ"

ဘောက်ထော်မဟုတ်သော်ငြား ကောင်မလေး၏ခေါ်သံကြောင့် သူယောင်ပြီးပြန်ထူးမိသည်။

"ဘယ်ကုက္ကိုလ်ပင်ကောင်းလဲကြည့်စမ်းပါဦး။

"ဟင်. . . ဘာ. . . ဘာလုပ်ဖို့လဲ. . ."

ကောင်မလေးစကားကြောင့် ပတ်ဝန်းကျင်ကိုဝေ့ကြည့်ပြီး သူအလန့်တကြားပြန်ဖြေမိသည်။ ကောင်မလေးကဘေး ဆီဝေ့ကြည့်ရင်း. . .

"ကားခေါင်းကို ကုက္ကိုလ်ပင်ခြေရင်း ထိုးဝင်လိုက်မယ်လေ. . . ရုပ်ရှင်ထဲမှာကုက္ကိုပင်သုံးပတ်လှည့်ပြလိုက်ရင်ပြီးပြီ. . ဒါဆို ကိစ္စအေး

www.burmeseclassic.com



ရော. . . ဘယ်သူမှလည်း ဒုက္ခမရောက်တော့ဘူး. . .”

“ဗျာ”

ကောင်မလေးစကားကြောင့် သူပြန်ပြီးတုန်တက်သွား၏။ ကောင်မလေးကသူ့ကိုလှည့်မကြည့်ဘဲ ဘေးဆီဝေ့ကြည့်ရင်းကပဲ. . .။

“အို. . . ကုက္ကိုလ်ပင်ဆို မတော်တဆချော်ပြုပြီးကိစ္စ အေးချင်မှအေးမှာ ကြာတယ် လမ်းဘေးချောက်ထဲပဲထိုးချလိုက်တော့မယ် နော့်. . ဟုတ်ပလား. . ”

“ဟာ. . . မလုပ်. . မလုပ်နဲ့. . . ဟတကယ်ကျပြီဗျ. . . ကျပြီ ဟ. . .”

သူ၏အာမေဋိတ်သံများ။ ကောင်မလေးထံမှ. . .။

“ရွှေရော×××ငွေရော×××ငါဆင်ပေးထားတာ× × × × ”

သီချင်းသံ။

ကားက ‘ဝှီး’ ခနဲလေထဲမှာ. . .

“အား. . .”

သူ၏ကြောက်လန့်တကြားအော်သံ. . .။

နောက်ဆုံး. . .။

“အား. . .”

“ကွိ”

“ဒုန်း. . .”

www.burmeseclassic.com

ပဲခူးမြို့အဝင်စားသောက်ဆိုင်တစ်ဆိုင်တွင် လူများသတင်းတစ်ခုကို ပြောနေကြ၏။သတင်းမှာ ကားတစ်စီးမြို့ပြင်လမ်းတစ်နေရာတွင် ဘရိတ်ပေါက်ပြီး လမ်းဘေးထိုးကျသွားသည်ဟုပင်။ ခရီးသည်တစ်ဦးတစ်ယောက်မှ ဒဏ်ရာအနာတရ ရရှိခြင်းမရှိကြောင်းနှင့်ယာဉ် မောင်းကိုလည်း ဥပဒေအရအရေးယူ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အကျယ်တဝင့်ပြောဆိုနေကြလေသည်။ ထိုကားမှာ ခရီးသည်တင်ဘတ်စ်ကားဖြစ်သည်။

"တောက်. . . အမှန်ဆို အဲဒါငါတို့ကားဖြစ်နေရမှာနော် ဘောက်ထော်. . ."

သူမက အအေးခွက်ကိုပင်မသောက်သေးဘဲ မကျေမနပ်ပြောသည်။ သူတုန်တုန်ရီရီနှင့် အရှေ့မှအအေးဖန်ခွက်ကို ဆွဲယူလိုက်သည်။

"ဟာ. . . ဘာလို့ဖြစ်ရမှာလဲ. . . ဖွဟဲ့ လွဲပါစေပယ်ပါစေ. . ."

သူမမျက်စောင်းထိုး၍ကြည့်သည်။ ပြီးနောက် နှုတ်ခမ်းကိုမဲ့

www.burmeseclassic.com



ပြီး. . .

“ယောက်ျားဖြစ်ပြီး ဘာဖြစ်လို့ဒီလောက်အားငယ်နေရတာလဲ. . နင့်ပုံ ကြည့်ရတာ အားကိုမရဘူး. . . မျက်နှာကိုက တစ္ဆေကိုရေခဲရိုက်ပြီး ထုံးဖြူးထားသလိုကြီး. . .”

သူမက သူ့ကိုငယ်ပေါင်းကြီးဖော်လိုပဲ ခပ်တည်တည်ပြောနေသည်။ သူကသာရှက်ကိုးရှက်ကန်းနှင့်. . .

“ဒါ. . . ဒါတော့ဟာ ”

“ဘာလဲ အကြောက်လွန်သွားတာမဟုတ်လား. . .”

သူမစကားကြောင့် သူအရှက်ပြေခေါင်းကုပ်လိုက်သည်။

“အဟီး. . . ခင်ဗျားကတစ်အားနောက်တာကို. . .”

သူမဖျပ်ခနဲလှည့်ကြည့်ပြန်သည်။ ပြီးနောက် မျက်နှာမာနှင့်. . .

“နောက်တာမဟုတ်ဘူး. . တကယ်လုပ်တာ. . နင့်ပုံကကြွက်စုပ်လည်မျိုညှစ်ပြီး ရေနှစ်ထားတဲ့ပုံစံမျိုးဖြစ်နေလို့ သနားသွားတာ. . . တောက်. . နောက်မဟုတ်ရင် နှစ်ယောက်လုံးပွဲချင်းပြီးနေလောက်ပြီ. . ဟုတ်တယ်နော. . .”

သူ့ဖာသာသူပြောချင်ရာပြောပြီး သူ့ဘက်အဖော်လှည့်ညိုသေး၏။ ဒါကို သူကချိန်နဲ့ဖျော့တော့နှင့် အရှ့ကဖန်ခွက်ကိုကိုင်ကာ. . .

“ပိုးစိုးပက်စက်မဖြစ်တာပဲ ကျေးဇူးကြီးလှပါပြီဟာ. . . နောက်ပြီး ဟိုလေ. . . ဒါမျိုးက အဖန်ငါး ရာငါးကမ္ဘာ. . .”

“တော်စမ်းပါ. . .”

စားပွဲခုံကို “ဝုန်း” ခနဲထုပြီးပြောလိုက်သောကြောင့် စားပွဲပေါ်မှ ဖန်ခွက်များခုန်ပျံတက်သွားသည်။ ဘေးနားဝိုင်းများကလူများ ခုနယာဉ်တိုက်မှုအ ကြောင်းပြောနေရာမှ သူတို့ကိုဝေ့ကြည့်ကြသည်။ သူတို့ကိုစိတ်ဝင်တစားကြည့် နေသောကြောင့် သူပျာပျာသလဲဖြစ်သွားပြီး. . .

“ဖြည်းဖြည်းလုပ်ပါဟ အားလုံးဝိုင်းကြည့်နေကြပြီ. . .”

သူ့စကားကို သူမကဂရုမစိုက်။ ဒူးနှံ့၍ အအေးပိုက်ကိုဆွဲယူပြီး အအေး သောက်နေလိုက်သည်။ အအေးထက်ဝက်ခန့်ကျိုးမှ . .

www.burmeseclassic.com



"ဒီမှာကြည့်စမ်း. . ."

သူကြည့်မိသည်။ အတော်လှတဲ့မိန်းကလေးပဲဟု မှတ်ချက်ချမိ၏။

"ငါရုပ်ဆိုးလား. . . "

"ဘာ"

စဉ်းစားနေသည့်အကြောင်းကို ရုတ်တရက်ဖြတ်မေးတော့ ကြောင်သွားမိသည်။ ဒါကို သူမကစားပွဲခုံကိုလက်နဲ့ပုတ် ကာမျက်နှာကို ပြီတီတီပြုံးပြီး . . .

"ငါရုပ်ဆိုးလားလို့. . ."

"ဟိုလေ. . ."

သူစကားကိုထပ်မဆက်ဘဲစဉ်းစားနေလိုက်သည်။ ပြီးမှ . . .

"ဟို. . . ဘယ်လိုပြောမလဲပေါ့နော်. . . မဆိုးဘူးပေါ့ နော်. . . မဆိုးတာထက်ကိုပေါ့နော်. . အဟင်း. . အဟင်းပေါ့နော့်. . . လှတဲ့ဘက်ကိုပါတယ်ပေါ့. . နော့်. . . အဲဒီလို . . . အဟဲပေါ့. . ."

ကောင်မလေးရုပ်ချက်ချင်းပြန်တည်သွားသည်။ နောက် သူ့ကိုခပ်တည်တည်ပြန်ကြည့်သည်။

"နင်တကယ်ပြောတာနော်. . ."

သူခေါင်းကို ခပ်မြန်မြန်ညိတ်ပြလိုက်သည်။ သူ့အဖြေလည်းကြားရော ကောင်မလေးမျက်လုံးတွင် မျက်ရည်များဝိုင်းတက်လာသည်။

တယ်လည်းမျက်ရည် လွယ်တဲ့အမျိုးပဲ. . .။

နောက် ထိုမျက်ရည်တွေကိုလက်ခုံနှင့်ပင့်သုတ်လိုက်ပြီး. . .။

"အဟင့်. . . ဒါနဲ့များတောင် သူကကျွန်မကိုပစ်သွားရက်တယ်. . . ဟီး. . . ကျွန်မရုပ်ဆိုးလို့သူပစ်သွားတယ်ဆို ခံနိုင်သေးတယ်. . . အဟစ်. . . အဟစ်. . ."

ဟုဆို၍ သူ့ဘက်လှည့်ပြီး. . .

"ကျွန်မက ချောတယ်နော်. . ."

ခပ်တည်တည်လှည့်မေး၏။ သူလည်းယောင်တောင်တောင်နဲ့ ခေါင်းညိတ်ကာ. . .

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့. . . ချောပါတယ်. . . "

"ငိုရင်ရောလှလား. . . "

"ဟင်"

"ငိုရင်ရောလှလားလို့. . "

ကောင်မလေး စိတ်မရှည်စွာစားပွဲခုံကိုပုတ်ပြီးမေး၏။ သူလည်း ပြီးပြီးရောသဘောဖြင့် ခေါင်းကို ခပ်မြန်မြန်ညိတ်လိုက်သည်။

"ဟုတ်. . . အဲ. . . လှပါတယ်. . . "

သူ့စကားလည်းကြားရော ကောင်မလေးမျက်နှာ ချက်ချင်းပြန်မဲ့ တက်သွားပြီး. . .

"အေးလေ. . . လှရဲ့သားနဲ့ဟာကို. . . သူက. . . သူက. . . ဝါး ဝါး. . . "

သူဘာမှ ပြန်မပြောနိုင်ခင် သူမကသံကုန်ခြစ်ငို၏။ သူမအသံ ပြကြီး နဲ့ငိုတော့ အားလုံးကလည်း သူတို့ကို တအံ့တသြဝေ့ကြည့်ကြပြန် သည်။ သူမအငိုမတိတ်ဘဲ . . .

"ကျွန်မလှတာ. . . လူမပြောနဲ့ ရှင်တောင်သိတယ်. . . "

အင်း. . . သူမပြောမှ သူ့ကိုယ်သူဘယ်ဘဝရောက်သွားမှန်း မသိဘူး။

"ဟီး. . . ဒါကိုတောင်သူက. . . သူက. . . ရှူ. . . တခြားတစ် ယောက်နဲ့ . . . အဟင့် ဟီး. . . ဝါး. . . "

"ဟော့ဟော့ မငိုနဲ့လေ. . . "

သူတားမရတော့။

မျက်ရည်တွေကအတောင့်လိုက်ကြီးကျနေပြီ။ ဆိုင်တွင်းရှိ လူများအားလုံး ခဏမှင်သက်ကုန်ပြီး သူတို့ကိုသာအထူးအဆန်းသ ဖွယ်ဝိုင်းကြည့်နေတော့၏။

"ဟော့. . . တော်တော့လေ. . အားလုံးဝိုင်းကြည့်နေကြပြီ ရှက်စ ရာကြီး. . . "

သူ့စကားကိုကောင်မလေးက အငိုမတိတ်ဘဲ။

www.burmeseclassic.com

BURMESE CLASSIC .com



"ကြည့်ကြည့်ပေါ့. . . ကိုယ့်ခံစားချက်နဲ့ကိုယ်ငိုတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ. . . ငိုမှာပဲ. . . ဟီးဟီး. . . ကျွန်မသိပ် ဝမ်းနည်းတယ်သိလား. . . ငိုရင် တောင်လှတာကို. . . အဲဒါ နဲ့တောင် ရက်ရက်စက်စက်ပစ်သွားရက်တယ် ကျွန်မနေဘူး. . . ကျွန်မအခုသေမယ်. . . အခုသေမယ်. . ."

ဟုဆို၍ သူ့အိတ်ထဲမှ ဆေးပုလင်းတစ်လုံးအားဆွဲထုတ်၍ မျက်နှာချင်း ဆိုင်ပြန်လှည့်ကာ. . .

"ဟောဒီမှာတွေလား. . . ဒါအိပ်ဆေးတွေ. . ."

ဟုဆို၍ ဆေးများကိုရေတွက်ကာ သူ့ဘက်တစ်ပုံလှမ်းပေးလိုက်သည်။

"ရော့. . . ရှင်တစ်ပုံသောက်. . . ကျွန်မတစ်ပုံသောက်မယ် ရှင်အရင်သောက်. . ."

ကောင်မလေးစကားကြောင့် သူလန့်သွားသည်။ ဘယ့်နှယ် အိပ်ဆေးကိုသူတစ်ပုံကိုယ်တစ်ပုံသောက်ရမယ်တဲ့။ မသောက်နိုင်ဘူး။ ကိုယ်ကသေချင်သူ မှမဟုတ်ဘဲ။ ထို့ကြောင့်. . .။

"အို. . . ကျုပ်ကဘာလို့သောက်ရမှာလဲ. . . ခင်ဗျားဟာခင်များ သေချင်ရင်သောက် ကျုပ်ကအေးရာအေးကြောင်း. . ."

ဟုဆို၍ အိပ်ဆေးပုံကို သူ့ဘက်ပြန်ထိုးပေးလိုက်သည်။ ဒါကို သူမက လည်း သူ့ဘက်အတင်းပြန်ထိုးပေးကာ. . .

"လုပ်ပါဟ. . . ငါတစ်ယောက်တည်းမသေရဲလို့ပါ. . သောက်လိုက်ပါ. . . နှစ်ယောက် အတူတူသေရအောင်လေ . . . နော်. . . ဟိုဘဝရောက်လို့ ငါကောင်းစားရင် နင့်ကိုမမေ့ပါဘူး. . ."

"ဟင့်အင်း. . . ဟင့်. . . သူ့ဖာသူကောင်း စားမကောင်းစား. . သိချင်ဘူး. . . ဒီဘဝမှာပဲပျော်တယ်. . . အင်း. . . သောက်ဘူး. . . သေချင်ဘူး. . . ဘာလို့အတူတူသေ ရမှာလဲ. . . သူနဲ့လည်းဘယ်တုန်းကမှ ဘယ်လောက်မှမခင်ဘူးဘဲနဲ့. . ."

အိပ်ဆေးပုံကို ပြန်ထိုးပေးရင်း သူအကြောက်အကန်ငြင်း

www.burmeseclassic.com



ဆန်သည်။ သူမချက်ချင်းမျက်နှာထားပြင်လိုက်သည်။

"နင်ငါ့ကိုမခင်ဘူးလား. . . "

"ခင်ဘူး. . . "

သူခေါင်းကို ခပ်သွက်သွက်ခါသည်။ ဟုတ်တယ်လေ။ ဘာလို့ခင်ရမှာလဲ အခုမှတွေ့ဖူး အခုဒုက္ခပေးနေတဲ့ဟာကို။

သူတစ်ဖက်လှည့်နေလိုက်သည်။ ထိုတော့မှ ငတိမကအိပ်ဆေးများကို ဗူးထဲပြန်ထည့်လိုက်သည်။

"မခင်ရင်နေခဲ့တော့. . . "

"ဟ. . . ဘယ်တုံး. . . "

"နင်မှ ငါနဲ့အတူမသေရဲတာ. . . ဒါကြောင့် အတူသေရဲတဲ့နောက်တစ် ယောက်ညလုံးပေါက်လိုက်ရှာရဦးမှာ. . . ကဲသွားပြီ. . . . "

ဟုဆို၍ ဘောက်ဘတ်ဘောက်ဘတ်နဲ့ ဆိုင်အပြင်သို့ထွက်ချသွားတော့ ၏။ ထိုတော့မှ သူလည်းသတိရသွားပြီး . . .

"ဟေ့ဟေ့. . နေဦးလေ. . . ပြန်လိုက်မယ်လေ. . ငါပြန်လိုက်မယ်. . . "

ဟု အော်ရင်း ဆိုင်အပြင်ဘက်ကိုပြေးထွက်လိုက်သည်။ အပြင်ရောက် တော့သူမက ကားကိုတောင်ပြန်ကွေ့ပြီးနေပြီ။ သူ့ကိုလည်းမြင်ရော တည့်တည့်ကြီးမောင်းချလာရာ သူပုံပျက်ပန်းပျက်နဲ့ပွတ်ခါသီကာရှောင်လိုက်သည်။ သူမကတော့. . .

"တာ့တာ. . . "

ဟုဆိုပြီး ကားကိုဒလကြမ်းမောင်းထွက်သွားလေတော့သည်။

"ဟာ. . ဟေ့ဟေ့. . . နေဦးလေ. . . နေဦး. . . "

သူ၏အသံ။ ကောင်မလေးကားကို မီးခိုးအူနေအောင်မောင်းထွက်သွားတော့၏။

သွားပြီ။ တကယ်သွားပြီ။ တကယ့်ကိုသွားပြီ။ ဘာမှမတတ်နိုင်တော့။ဒီအတိုင်းလမ်းမှာရပ်နေရုံအပြင် ဘာမှမရှိတော့။ ဘေးဘီဝေ့ကြည့်သည်။ လမ်းပေါ်မှာကိုယ်တစ်ယောက်တည်း။

www.burmeseclassic.com



“တောက်. . . ငါ့လိုကောင်မျိုးရာဇဝင်ထဲတောင်ရှိပ့ါမ လားမသိဘူး. . . ဘောက်ထော်ပြန်တာ ပဲခူးရောက်ရတယ်လို့. . .”

စဉ်းစားလေ အသည်းနာလေဖြစ်နေမိ၏။ ဖြတ်သွားဖြတ်လာကားကခေါင်းပါးဆဲ။

www.burmeseclassic.com

BURMESE CLASSIC .com

**သူမ** နှင့်စတင်ဆုံစည်းခြင်းမှာ ဤသို့သာဖြစ်၏။ ယခုအဖြစ်အပျက်ကို မြင်ရုံနှင့် ကျွန်တော်ပြောခဲ့သလို သူမဆိုးသည်ဟု ထင်နေကြလိမ့်မည်။ မဆိုးပါ။ မဆိုးသေးပါ။ ဤထက်ဆိုးသော အပြုအမူများရှိပါသေးသည်။

သူမအကြောင်းခြုံငုံမိရန် ဥပမာတစ်ခုပြောပြပါမည်။ သူမနှင့်မဆိုင်သည့် သူမနှင့်သူမ၏ပတ်ဝန်းကျင်အကြောင်းဖြစ်ပါသည်။

စားသောက်ဆိုင်တစ်ခု၏တတိယထပ်တွင် ရေချိန်လွန်နေကြပြီဖြစ်သောလူများအကြောင်းဖြစ်သည်။ လူတစ်ဦးက အာလုံးလျှာလုံးဖြင့်ပြဿနာတစ်ခုကိုစတင်သည်။

"ဆိုပါစို့။ ကမ္ဘာမြေကြီးက ဆွဲငင်အားရှိတယ်လို့ဆိုပါတယ်။ မငြင်းဘူး။ ဒါကိုပါပါမငြင်းဘူး။ ပါပါတွေ့ရှိချက်ကကမ္ဘာမြေကြီးကို လေထုကဖိနှိပ်ထားတယ်။ ဟိုး. . . မိုင်ပေါင်းများစွာအမြင့်ကနေပြီး

www.burmeseclassic.com



ဖိနှိပ်လာတဲ့လေထုဟာ ကမ္ဘာမြေနဲ့နီး ကပ်လေ ပိုပြီးသိပ်သည်းလေလေပဲ။ အဲဒီ သိပ်သည်းစွာဖိနှိပ်ထားတဲ့လေထုရဲ့ လှို့ဝှက်ချက်ကိုသိပြီဆိုလျှင် The Hold Air ခေါ်တဲ့ လေထုထဲကအပေါက်ကို တွေ့လာလိမ့်မယ်။ အေ့. . . အဲဒီအပေါက်ကိုတွေ့ရင် မင်းဟာ အဲဒီအပေါက်ကနေပြီး လေဟာနယ်မှာ မတ်တတ်ရပ်နိုင်ပြီပေါ့ကွာ. . . ဟားဟား. . . အေ့. . . ”

“ခင်ဗျားကတော့လုပ်ပြီ. . . ကဲ. . လေဟာနယ်ထဲမှာ တကယ် ရပ်လို့ရနိုင်တယ်ဆိုရင်. . ခင်ဗျားရပ်ပြနိုင်မလား. . . အေ့. . . ”

“ကောင်းပြီလေ. . ရပ်ပြမှယုံမယ်ဆို. . . ”

ထိုသူက သူ့ရင်ဘတ်ကိုတစ်အုန်းအုန်းထုရင်း. . .။

“ရပ်ပြမယ်. . . ဟောဒီပါပါကိုယ်တိုင်ရပ်ပြမယ်. . . အေ့. . . ”

ထိုသူကယိုင်ထိုးယိုင်ထိုးနဲ့ ပြတင်းပေါက်ပေါင်ပေါ်ကမြောက်က ချောက်တက်၍ လေထဲလမ်းသလားပြနေသည်။ ဟုတ်ပါသည်။ လေဟာ နယ်ထဲတွင် ယိုင်ထိုးယိုင်ထိုးနဲ့လမ်းလျှောက်ပြနေခြင်းဖြစ်သည်။ အောင်မယ် လေတအေ့အေ့တက်ရင်း. . . .

“ဟား. . . ဒီလေကလဲ. . . အေ့. . . ”

နဲ့တောင်လုပ်နေသေးသည်။

ထိုသူမှ ယိုင်ထိုးယိုင်ထိုးနဲ့ပြန်လျှောက်လာပြီး ပြတင်းပေါက်မှ ပြန်ခုန် ဆင်းလာသည်။

“ကိုင်း. . . ပါပါမပြောဘူးလား. . . လေထုရဲ့သိပ်သည်း စနဲ့. . The Hold Air ကိုသိရင် လေထုထဲမှာမတ်တတ်ရပ်လို့ရတယ်ဆိုတာ အေ့. . . ခင်များ လည်းမယုံရင်ရပ်ကြည့်. . . အိနေတာပဲ. . . တယ် ကောင်း. . . ”

အမူးလွန်နေသော မုတ်ဆိတ်မွေးပါးမြိုင်းမွေးနဲ့လူကြီးက. . . .

“အေ့. . မူးမှမရပ်ရဲဘူးလားကွ. . . ဟေ. . . အေးမစမ်းရဲရင်ငါ ပြမယ်. . . ”

ထိုလူကြီးက ပြတင်းပေါက်ပေါင်ပေါ်ကို မရမကကုတ်ကပ်တက် နေ၏။ အသက်ကြီးတာတစ်ကြောင်း မူးတာတစ်ကြောင်းကြောင့် တော်ရုံ

www.burmeseclassic.com



နှင့်အပေါ်မရောက်။ ပြတင်းပေါက်ပေါင်ပေါ်ရောက်မှ. . . .

“အေ့. . . အားလုံးကြည့်ကြ. . . ပါပါဆိုတဲ့လူရဲ့အဆိုကို ဘဘထောက်ခံတဲ့အနေနဲ့ လေဟာနယ်မှာရပ်ပြမယ်. . . လာလေ့. . . ”

“ဂွမ်း. . . ဒုန်း. . . . ”

ထိုလူပြတင်းပေါက်မှကျသွားခြင်းဖြစ်သည်။ လူများရုပ်ရုပ်သည်းသည်းဖြစ်ကုန်၏။ ဆိုင်ရှင်ပြေးလာပြီး ပြတင်းပေါက်မှအောက်ဘက်သို့ကြည့်သည်။ ခုနကလူကြီးအမှိုက်ပုံထဲတွင် ဖောက်ထိုးကြီးစိုက်နေပြီ။ ဆိုင်ရှင်က ပါပါဆိုတဲ့ လူကြီးဘက်လှည့်၍ ဒေါသတကြီးနဲ့ပြောသည်။

“ဟေ့လူ. . . စူပါမင်း. . . ခင်များမူးနေရင်လည်းအေးအေးဆေးဆေးနေဗျာ. . သူများကိုလိုက်မကျပ်ပါနဲ့. . . ဟိုမှာတစ်ယောက်ကျိုးသွားပြန်ပြီ. . . ”

သင်မည်သို့ခံစားရသနည်း. . . ။

သူမသည် ထိုပုံပြင်ထဲက ငမူးစူပါမင်းလိုလူစားမျိုးဖြစ်သည်။

www.burmeseclassic.com

**ပတ်ဝန်းကျင်** နှင့် သူမ၏ဆက်ဆံရေးမှာ ဤသို့သာဖြစ်သည်။ ပတ်ဝန်းကျင်ပေါ်ဆိုးသွမ်းနေသော လူဆိုးမလေး တစ်ဦးဟု ဆိုရမည်ဖြစ်သည်။ ကဲ. . . ပတ်ဝန်းကျင်ထားဦး. . . သူမတစ်ယောက်တည်းအတွက်ရော သူမနှင့် သူမ၏ဆက်ဆံရေးကလည်း အဆိုးဘက်ကိုဦးတည်နေပါသည်။

ဆိုရပါဦးမည်. . .။

အဆိပ်အလွန်ပြင်းသည်ဟု ကျော်ကြားသော ခလောက်မြွေမိသားစု၏ အကြောင်းဖြစ်သည်။ ခလောက်မြွေပျိုမလေးက သူ့မေမေကိုမေးသည်။

“မေမေ. . . သမီးက ရာနှုန်းပြည့်ခလောက်မြွေလားဟင်. . . ”

သူ့မေမေက သူမကိုတအံ့တသြကြည့်ရင်း. . .

“ရာနှုန်းပြည့် ခလောက်မြွေပေါ့သမီးရယ်. . . မေမေသိရသ

www.burmeseclassic.com



လောက်က တော့ သမီးဖေဖေရဲ့မိဘတွေကလည်း ခလောက်မြွေအစစ်ကြီးတွေပဲ ပြီးတော့ မေမေ့ဘက်ကလည်း အဖေရောအမေရောက သွေးမရောတဲ့ ခလောက်မြွေဖွေ့ ဆိုတာတွေချည်းပဲ ဆိုတော့ကာ သမီးလည်းရာနှုန်းပြည့်ခလောက်မြွေမလေးပေါ့"

"သမီးတို့ ခလောက်မြွေမတွေက သိပ်ပြီးအဆိပ်ပြင်းတာပဲ ဆို. . . ကိုက် ရင်သေတတ်လားမေမေ. . ."

"အောင်မလေး. . အဆိပ်ပြင်းတာတော့ပြောမနေနဲ့သမီးရေ ကုလားအုတ်ကြီးတွေတောင်ကိုက်ပြီး လှည့်ကြည့်စရာမလိုဘူး. . . တုန်းခနဲပဲ"

"ဒါဆို. . သမီးနဲ့မြွေသူငယ်ချင်း ရည်ငံနေတယ်သမီးချစ်သူကိုမခွဲပါနဲ့မေမေ သမီးနဲ့သူ့ကို ခွဲရင် ကိုယ့်လျှာကိုကိုက်ပြီး သတ်သေပစ်မယ် သတ်သေပစ်မယ်. . . ဟင်း. . ."

သူမသည် အဆိပ်ပြင်းခလောက်မြွေမတစ်ကောင်ဖြစ်သည်။

ပို၍တိတိကျကျဆိုလျှင် သူမ၏ချစ်သူအတွက် အစွယ်ပေါ်လျှာတင်ထားသော ရာနှုန်းပြည့်အဆိပ်ပြင်းခလောက်မြွေပျိုမတစ် ကောင်ဖြစ်ပါသည်။

သူမနှင့် သူမ၏တစ်ကိုယ်ရည်ဆက်ဆံရေးသည် အဆိပ်ပြင်းသော ခလောက်မြွေဆက်ဆံရေးသာဖြစ်သည်။

www.burmeseclassic.com

**ထိုည** ကလည်း သူအလုပ်ပြန်နောက်ကျခဲ့သည်။
ရှုံးမှုခိုင်းသောအလုပ်ကိစ္စများအပြင် ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် ယခုကဲ့သို့ အိမ်ပြန်နောက်ကျခဲ့ခြင်းဖြစ်၏။ ဖြတ်သွားဖြတ်လာလူများကျဲပါးနေသည့်အပြင် ဆောင်းရာသီမို့လားမသိ။ ခါတိုင်းတွေ့နေကျ ခွေးလေခွေးလွင့်များပင်မတွေ့ရ။

ပြန်နေကျလမ်းမို့ တစ်ယောက်တည်းအေးအေးဆေးဆေး သက်တောင့်သက်သာပင် လမ်းလျှောက်ပြန်ခဲ့ခြင်းဖြစ်၏။ နှင်း၏အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မှာ ညနှင့်မတူလောက်အောင်ဖြူဖွေးနေသည်။

"ကျွီ. . ."

ကားတစ်စီးမျက်နှာချင်းဆိုင်မှ လမ်းထဲထိုးဝင်လာတာ တွေ့ရသည်။ နောက်ကားပေါ်မှ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်ဆင်းလာသည်။

www.burmeseclassic.com



"ဟင်. . ."

ထိုအမျိုးသားကိုမြင်တော့ သူတစ်နေရာမှာ အသေအချာမြင်ဘူး သလိုခံစားရသည်။

ဘယ်မှာတွေ့ဖူးသလဲ၊ ဘယ်မှာသိခဲ့တာလဲ။ သူစဉ်းစား၍မရ။ အမျိုးသားကအမျိုးသမီးရဲ့ခါးကိုတယုတယဖက်၍ ခြံတစ်ခုထဲလှမ်းဝင် သွားသည် ကိုတွေ့ရသည်။

ဟုတ်ပါတယ်။ အသေအချာ ရင်းရင်းနှီးနှီးမြင်ဖူးပါတယ်။ သူစဉ်း စား လို့မဆုံးမီ လမ်းထဲနောက်ကားတစ်စီး အရှိန်ပြင်းစွာမောင်းဝင်လာ သည်ကိုတွေ့ရ ၏။ ကြည့်လိုက်တော့. . .။

"ဟာ. . ."

သူအကြီးကျယ်အံ့အားသင့်သွား၏။ ထိုကား။ ထိုကားကို သူကောင်းစွာမှတ်မိ၏။ မေထူးချွန်ဟုအမည်ပေါက်သော ဟိုဂြိုလ် ကောင်မလေး၏ကား။

"ဒါဆို ဟိုလူက. . ဟိုလူက. . ."

ဟုတ်ပါသည်။ ထိုလူသည် မေထူးချွန်ပြခဲ့သောဓာတ်ပုံအယ်လ် ဘမ် ထဲမှ သူ့ချစ်သူဆိုသူဖြစ်ပါသည်။ ပွဲကတော့ကြည့်ကောင်း မည်ဟုယူဆ ရသည်။ ဆက်ဖြစ်မည်ကိုသိချင်၍ သူအသာလေးအမှောင်ထဲဝင်ရပ်လိုက် သည်။

ကောင်မလေးကကားပေါ်မှ ဒေါသတကြီးဆင်းလာ၏။ ခုနက စုံတွဲစီး လာသောကားကိုမြင်တော့ မျက်နှာကြီးရှုံ့မဲ့ပြီးကားကိုပြေးထု၏။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

ကားကဘာမှမဖြစ်ဘဲ သူ့လက်သာနာသွား၏။ သူမကလက်ကို ခါသည်။ ပြီးနောက် ကားဘီးကိုခြေထောက်နှင့်ဆောင့်ကန်လိုက်သည်။

ဖုန်းခနဲမြည်သံနှင့်အတူ သူသာကိုရှို့ကားယားနှင့် ပက်လက်လန် လဲကျ သွား၏။ ပြီးတော့ ဖုတ်ဖက်ခါပြီးပြန်ထလာသည်။ နောက် ဘယ်

www.burmeseclassic.com



သူများတွေသွား သလဲဆိုပြီးဘေးဘီဝေ့ကြည့်သည်။

ကောင်မလေး၏အပြုအမူကြောင့် သူရယ်ချင်သွားမိ၏။ သို့သော် အသံ မထွက်အောင်ကိုယ့်ပါးစပ်ကိုပိတ်ပြီး ဆက်ကြည့်နေမိသည်။

ကောင်မလေးက ကားကိုဘာဒုက္ခမှ ပေး၍မရသောကြောင့် အနီး အနားဝေ့ရှာလိုက်သည်။ တွေ့ပြီ။ ခဲလုံးတစ်လုံးပြေးကောက်လိုက်သည်။ သူလွယ်လာ သောစလင်းဘက်ကို သိုင်းလွယ်လိုက်သည်။ အင်္ကျီလက်ကိုပင့် တင်လိုက်သည်။ ပြီးနောက်လက်ကိုနှစ်ပတ်သုံး ပတ်လှည့်ပြီး . . .

"မကောင်းသူထိပ်ကောင်းသူထိပ်ကွ. . ."

ဟုအော်ပြီးအားကုန်လွှဲပစ်လိုက်သည်။ ဖြစ်ချင်တော့ သူမလက် ချော် ထွက်သွားပြီး ခဲလုံးကအရှေ့မသွားဘဲ အပေါ်ကိုသာမြောက်တက် သွားကာ သူ့တည့်တည့်ပြန်ကျလာရာ. . .

"အား. . ."

ဟူသောအော်သံနှင့်အတူ မှုံနေအောင်ပြေးသည်။ ခဲလုံးကခုန သူရပ် နေသောနေရာတည့်တည့်ကို 'ကတောင်' ခနဲပြန်ကျလာသည်။ ခဲလုံးကျသွားတော့ မှ သူခဲလုံးကိုပြန်ကြည့်သည်။ နောက် တောက်ခတ်၍ခါး ထောက်ခါ. . .။

"တော်တော်အသုံးမကျတဲ့ခဲလုံး. . မြင့်စေချင်လို့ အထက် မြောက် တာပစ်တဲ့ လူဆီပြန်ကျလာရတယ်လို့. . . ကဲဟာ. . . ဒီလောက်ဖြစ် လှတာ. . ."

ဆိုပြီး ခဲလုံးကိုဖုန်းခနဲကန်ထုတ်လိုက်သည်။ ခဲလုံးလွင့်စင် သွား မှဘေး ဘီဝေ့ကြည့်ပြန်သည်။ ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားနေပုံရ သည်။ ပြီးမှ သူ့ကားဆီကို ဒေါက်ဒေါက်ဒေါက် ဒေါက်နဲ့ပြန်လျှောက်သွား သည်။ ပြီးနောက် ကားပေါ်တက်၍စက်နှိုးသည်။ ဝှီးခနဲဝှီးခနဲနေအောင် လီဗာကိုနင်းပြီး. . .

"မေထူးချွန်တဲ့ကွ. . . ဟိုင်းယား. . ."

ဟုညာသံပေးပြီး ခုနကစုံတွဲစီးသောကားကို အရှိန်ဖြင့် 'ဂျိုင်း' ခနဲတိုက်ချလိုက်သည်။ ပြီးနောက် ကားစက်ကိုမသတ်သေးဘဲအောက်

www.burmeseclassic.com



ကိုဆင်းကြည့်ပြီး ဟိုကားကြီး ချိုင့်သွားတာမြင်တော့ တဟားဟားနဲ့ရယ်သည်။ လက်နှစ်ဖက်ကို မြှောက်ပြီးဆပ်ကပ်သမားများလို ဂုဏ်ယူနေသေးသည်။

"ငါကွ. . . မေထူးချွန်. . ."

ဟုလည်း ခပ်အုပ်အုပ်အော်သည်။ နောက်အိမ်ထဲကိုငေ့ကြည့်ပြန်သည်။ အိမ်ထဲတွင် ခုနကစုံတွဲ၏အကြင်နာပုံရိပ်ကို ပြတင်းတခါးလိုက်ကာ နောက်မှ ရိပ်ရိပ်ကလေးမြင်နေရသည်။ သူမကုပ်ကုပ်ကုပ်ကပ်နှင့်ခြံပေါက်ဝသွားသည်။ ခြံပေါက်ဝမှနေ၍ အိမ်ထဲအရပ်ထောက်၍မျှော်ကြည့်သည်။ ခွေးတိုးပေါက်များ လိုက်ရှာ၏။ ဘာမှမတွေ့။ ခြံပေါက်ဝမှပြန်လာသည်။ ။ ခြံပေါက်ဝမှ လူခေါ်ဘဲလ်ကိုတွေ့၍သူ့မျက်လုံးကလက်ခနဲဖြစ်သွားပြီး သူ့လက်ညှိုးတိုတိုလေးနှင့် လူခေါ်ဘဲလ်ကို အဆက်မပြတ်တီးလိုက်သည်။ တတီတီ မြည်သံကြောင့် အထဲမှလူများ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အိမ်ထဲမှလူများ အပြင်ထွက်မည့်အရိပ်အယောင်မြင်မှခပ်တည်တည်နှင့် သူ့ကားဆီပြန်လျှောက်လာသည်။ နောက်ကားပေါ်တက်ခါဝူးခနဲမောင်းထွက်သွားတော့၏။

သိပ်မကြာလိုက်ပါ။ အိမ်ထဲမှ ပထမဦးဆုံးထွက်လာသူမှာ ခုနကအမျိုးသား။ အိမ်ရှေ့မှာဖင်ချိုင့်နေသောသူ့ကားကိုမြင်သွားတော့အကြီးအကျယ် အံ့အားသင့်သွားသည်။ ဒေါသတကြီးဖြင့် ဘေးဘီငေ့ကြည့်သည်။ သူ့ပုံစံက အကြီးအကျယ်ပေါက်ကွဲမည့်ပုံ။

သူလည်း သူနှင့်မဆိုင်တော့ပြီမို့ အမှောင်ထဲမှထွက်၍ လမ်းဖြတ်လျှောက်လိုက်သည်။

"ဒီမှာ. . ."

ခေါ်သံကြား၍လှည့်ကြည့်လိုက်တော့ ခုနကလူ။ မျက်နှာကဒေါသကြောင့်နီရဲနေ၏။

"ကျွန်တော့ကားကို တစ်ယောက်ယောက်ဝင်တိုက်သွားတာမြင်မိလား"

ထိုသူ၏အမေးကြောင့် သူရုတ်တရက်ကြောင်သွားသည်။

www.burmeseclassic.com



မြင်သည်ပြောလျှင်ကောင်းမလား၊ မမြင်ဘူးဟုပြောလျှင်ကောင်းမလား။ သူစဉ်းစားလိုက်သည်။ မျက်ဝန်းထဲမှာက မေထူးချွန်ဆိုသော ကောင်မလေး၏ပုံရိပ်များ။ နောက်မှ ခေါင်းကို ခပ်ဖြည်းဖြည်းခါကာ. . .

“မမြင်မိပါဘူးဗျာ. . .”

ဟုဆို၍ကိုယ့်လမ်းကိုယ်လျှောက်လိုက်သည်။ ဟိုလူကတော့ လေထဲ လက် သီးတွဲလုံးများပစ်သွင်းရင်း ပေါက်ကွဲလို့ကောင်းတုန်း. . .။

www.burmeseclassic.com

ထို အပြုအမူများမှာ သူမကြိုတင်ကြံစည်၍ပြုလုပ်ခြင်းမဟုတ်ဘဲ။ ပတ်ဝန်းကျင်မှ မရှိရှိတာလေးလုပ်လိုက်ခြင်းဖြစ်သည်။ ထိုသို့ဖြစ်သလိုလေးလုပ်လိုက်ခြင်းအတွက် ဖြစ်သလိုလေးတစ်ဖက်လူမှာ မည်မျှခံစားသွားမည်ကို ကျွန်တော်မသိပါ။ သိလည်းမသိချင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏အကြံအစည်ထဲတွင် ကျွန်တော်မပါ၍ဖြစ်ပါသည်။

ဒါဆို သူ့တစ်ယောက်တည်းလုပ်တာရော တစ်ဖက်သားအပေါ် ရိုင်းရာ မကျစေဘူးလား။ ကျွန်တော်မသိပါ။ ဆိုရသော်. . .။

အခန်းတစ်ခန်းတွင်ဖြစ်သည်။ ကောင်လေးကောင်မလေးများက ဂဏန်းများကို ရေတွက်၍ဟက်ဟက်ပက်ပက်ရယ်မောနေကြသည်။ တစ်ယောက် က. . .

"၃၂. . . "

ဟုအော်လိုက်သည်နှင့် ကျန်သူများ၏ ဟက်ဟက်ပက်ပက်ရယ်

www.burmeseclassic.com



မောသံ များကြားရ၏။ နောက်တစ်ယောက်က. . .။

"၄၉. . ."

ဟုအော်လိုက်သည်နှင့် ကျန်သူများက တဟားဟားရယ်ကြပြန်သည်။ နောက်တစ်ယောက်က. . .

"၇၂. . ."

အားလုံးဝိုင်းရယ်ကြပြန်သည်။ ထိုအချိန်မှာပင် သူတို့အခန်းနားကဖြတ်သွားသောလူတစ်ယောက်က. . .

"ခင်ဗျားတို့ဂဏန်းတွေအော်ပြီး ဘာလို့ရယ်နေကြတာလဲ. . ." ဟုမေးရာ ထိုအထဲမှတစ်ယောက်ကရှင်းပြသည်။

"ဒီလိုဗျ. . . ကျွန်တော့တို့က ဟာသစာအုပ်တစ်အုပ်ကို ကျေညက် အောင်ဖတ်ထားကြတာဗျ။ ဒါကြောင့် အဲဒီစာအုပ်ထဲက စာမျက်နှာတစ်ခုပြောတိုင်း အဲဒီစာမျက်နှာမှာပါတဲ့ ဟာသတွေကိုပြန်ပြန်သတိရပြီး ရယ်ဖြစ်ကြတာဗျ"

ဟုဆို၍. . .

"၆၈. . ."

ဟုအော်လိုက်ရာ အားလုံးဝိုင်းရယ်ကြပြန်သည်။ သည်တော့မှ ထိုလူ လည်းသဘောပေါက်သွားပြီး. . .

"သြော်. . . ဒီလိုလား. . . ရတယ်လေ. . ."

ဆိုပြီး. . .

"၃၁. . ."

ဟု ဝမ်းသာအားရအော်လိုက်ရာ အခန်းထဲရှိရှိသမျှလူအားလုံး ဝုန်းခနဲ ခုန်ထွက်လာပြီး ထိုသူ့အား တဖြောင်းဖြောင်းနဲ့ ဝိုင်းရိုက်ကြလေသည်။ ထိုသူကအူ ကြောင်ကြောင်ဖြင့်. . .

"ဟဟ. . . ဘာဖြစ်လို့ဝိုင်းရိုက်ကြတာလဲဗျ. . ."

ဟုဆိုရာ တစ်ယောက်က. . .။

"ကျွန်တော်တို့ဆီမှာ အဲဒိလို ညစ်ညမ်းတဲ့ ဟာသမျိုးမပြောဘူး. . ."

www.burmeseclassic.com



ကဲ့ . . . ဘာတတ်နိုင်မှာတုံး။ သူမလည်းထိုသို့ပင်။ သူမသည် စာမျက် နှာ ‘၃၁’ ဖြစ်သည်။ ရယ်ရသလား၊ ရှိုင်းသလားကျွန်တော်လည်း မသိပါ။ သို့သော် ထိုစာမျက်နှာသည် ဖတ်ပျော်သောစာမျက်နှာ ပင်ဖြစ်သည်။ ထို့ကြောင့် စာမျက်နှာ ‘၃၁’ ကိုလှန်လိုက်ပါ။ သူမကိုတွေ့ရ ပါလိမ့်မည်။

www.burmeseclassic.com

နှင်းမှုန်မှုန်များတဖွဲဖွဲကျနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ဖြူဖွေးပိတ်လှောင်သောအ ရောင်အဆင်း များဖြင့်လွှမ်းခြုံနေသည်။ ယခုနှစ်မှ နှင်း မှုန်များပို၍ကျရောက်သည်ထင့်၊ ကောင်းကင်တစ်ခုလုံးပိန်းပိတ်အောင်ဖြူဖွေးနေ သည်။ အခုလိုအချိန်မျိုး၌ အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်က အရာရာအားလုံးကိုပို၍ပြည့်စုံစေသည်။ ပြည့်စုံသည်ထက်ပြည့်စုံအောင် သူ့ရှေ့၌ အငွေ့တထောင်း ထောင်းထနေသော ကော်ဖီတစ်ခွက်ရှိနေပြီ။

ဤကော်ဖီဆိုင်လေးသည် သန့်ရှင်းသပ်ရပ်သော အဆင်အပြင်ရှိပြီး တိတ်ဆိတ်အေးချမ်းလှသဖြင့် သူ့အကြိုက်တွေ့နေရခြင်းဖြစ်သည်။ ဤကော်ဖီဆိုင် လေးကို သူ့လိုအေးအေးဆေးဆေးထိုင်တတ်သူများနှင့်သမီးရည်းစားအတွဲလေး များသာလာရောက်လေ့ရှိသည်။ ယခုတော့ နည်းနည်းစောသေး၍ထင့် သူတစ်ယောက်တည်း။

---

www.burmeseclassic.com



"ဟင်. . ."

ဆိုင်ထဲကိုခပ်တည်တည်လှမ်းဝင်လာသောသူမကိုတွေ့၍ သူအံ့အားသင့်သွားသည်။ သူမကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ ခပ်မာမာမျက်နှာပေးနှင့် မော့ တော့မော့တော့လျှောက်လာ၏။ နောက် သူ့အရှေ့ခုံပေါ်ကို သူ့လက်ကိုင်အိတ်ကို 'ဘုတ်' ခနဲပစ်တင်လိုက်ပြီး ခပ်တည်တည်နဲ့ ဝင်ထိုင်လိုက်သည်။ သူကတော့ သူမကို ကြောင်ငေးကြည့်နေဆဲ။ သူမကသူ့ကိုတစ်ချက်မှပြန် မကြည့် ပဲ သူ့အိတ်ကိုသူဖွင့်၍ရှာနေသည်။ နောက် ထိုအိတ်ထဲမှ စာတစ်ရွက်ကိုထုတ်၍ ထိုစာရွက်ကိုသာ ခပ်တည်တည်နဲ့ထိုင်ကြည့်နေသည်။

သူမ၏အပြုအမူကြောင့် သူလည်းစိတ်ဝင်စားပြီး စာရွက်ကိုကြည့်လိုက်သည်။

"ဘာများသုံးဆောင်မှာလဲခင်ဗျာ. . ."

စားပွဲထိုး၏အမေး. . .။ သူမကြားတာလား မသိချင်ယောင်ဆောင်နေတာလားမသိ၊ စာရွက်ကိုသာစိုက်ကြည့်နေသည်။ သူကသာ စားပွဲထိုးကိုလက်ပြ ၍ နောက်မှမှာမယ်ဟု ခပ်တိုးတိုးပြောလိုက်သည်။ သူမကတော့ စာရွက်ကိုစိုက်ကြည့်နေတာ လှုပ်ပင်မလှုပ်။ ကြာတော့ သူလည်းမနေနိုင်တော့ သူမနားကပ်၍

"ဟိတ်. . ."

"ဟိတ်. . . ပုတုတွေကြွကုန်ပြီ. . . အော်. . . လန့်လိုက်တာကလူကလူ. . ."

သူ့အနီးကပ်ခေါ်သံကြောင့် သူမလန့်ပြီးထခုန်သည်။ နောက်သူ့ကိုတစ် ချက်ကြည့်ပြီး ဘာမှမဖြစ်သလိုပုံစံမျိုးနှင့် . . .

"ဟာ. . လန့်လိုက်တာ. . နင်ကလည်း. . ဒီမှာအောင်မြင်ခါနီးအချိန်ကျမှ . . တောက်. . . ဖီးလ်ပါပျက်တယ် တကတဲ. . ."

ဟုဆို၍ စာရွက်ကိုပြန်စိုက်ကြည့်နေသည်။ သူမကိုကြည့်၍သူလည်း ဘာဆက်ပြောလို့ ပြောရမှန်းမသိဖြစ်သွားသည်။ နောက်မှ. . .

"ဘာလုပ်နေတာလဲဟင်. . ."

www.burmeseclassic.com



သူ့အမေးကို သူမကခေါင်းပင်မော့မလာဘဲ . . .

“ဟာ. . . ဒီမှာလွှမ်းလွှမ်းဆွေးဆွေး ရင်ကွဲနာအပြည့်ပေးဖို့ကြံနေတာမသိအသာနေ. . . ဝင်မရှုပ်စမ်းပါနဲ့ . . . ”

“ဘာတွေ လွှမ်းလွှမ်းဆွေးဆွေး ရင်ကွဲနာအပြည့်ပေးမှာလဲ. . . ”

သူ့စကားကို သူမနှုတ်ဖြင့်မဖြေဘဲ သူကိုင်ထားသောစာရွက်ကိုထိုးပြပြီး. . .

“ဒီမှာလေ. . . ပြတ်သွားတဲ့ ငါ့ရည်းစားကို ငါပေးဖို့စာ အဲဒီစာရဲ့ ထိပ်ဆုံးစာလုံး ဟောဒီမှာတွေ့လား. . . ”

သူမက စာရွက်ထဲကထိပ်ဆုံးစာလုံးကို သူ့လက်ညှိုးသေးသေးလေးနဲ့ အသေအချာထောက်ပြသည်။

“ကို ”

တဲ့. . .။

“တွေ့လား. . . အဲဒီစာလုံးပေါ်တည့်တည့်ကျအောင် မျက်ရည်ထိုင်ညှစ်နေတာ. . . ”

“အင်. . . ”

“ဘယ်လိုကြီးလဲ. . . ရည်းစားစာစာရွက်ပေါ် မျက်ရည်ထိုင်ညှစ်နေတာတဲ့. . . ကြားကြားဖူးပေါင်. . . ”

“ဟာ. . . နင့်ဟာကအဓိပ္ပါယ်မရှိတာဟာ. . . ”

သူ့စကားလည်းကြားရော သူမကထုံးစံအတိုင်းစားပွဲကိုတဖြန်းဖြန်းပုတ် ခါ. . .

“ဘာအဓိပ္ပါယ်မရှိတာလဲ. . . ဘာကိုပြောတာလဲ အဓိပ္ပါယ်မရှိဘူးဆိုတာ. . . ဒီလိုလုပ်လို့ရအောင် မှင်စိုဘောပင်နဲ့ရေးပြီး မျက်ရည်သီးချွေနေတာ. . . ရည်းစားနဲ့ပြတ်ရင်မိန်းကလေးတွေကဒါမျိုး ဒီလိုပဲလုပ်ရတယ်မှတ်ထား။

အဲဒီတော့မှသူက. . ဩော်. . . ငါ့ချစ်သူဟောင်းလေး သူ့ကြောင့်ငိုနေရတယ်ဆိုတာသိမှာ . . ဒါမှ. . လွှမ်းလွှမ်းဆွေးဆွေးရင်ကွဲနာအပြည့်ပေးမှာ . . . ”

www.burmeseclassic.com



“အင်”

သူဘာပြန်ပြောလို့ပြောရမှန်းမသိတော့။ သူမကတော့ အင်္ကျီလက်ကို ခပ်ကြမ်းကြမ်းဆွဲတင်လိုက်သည်။

“တောက်. . . ငါထိုင်ညှစ်နေတာ ငါးနာရီလောက်ရှိပြီ. . . နေရာလည်းစုံနေပြီ. . . ဒီမျက်ရည် ကခုထိမကျသေးဘူး. . . ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး. . . ”

“ဟာ. . . နင်ကလည်းလွယ်လွယ်လေး. . . ရေစက်တစ်စက်ယူပြီး ချလိုက်ပေါ့. . ပြီးတာပဲ. . ဘယ်သူသိတာမှတ်လို့ . . . ”

သူ့စကားကိုသူမ မျက်နှာရှုံ့မဲ့လိုက်သည်။

“ငတုံး. . . အဲဒီလောက်တော့ ငါလည်းသိတာပေါ့. . ဒါပေမယ့် ငါက ငါ့ရင်ထဲကညှစ်တဲ့ မျက်ရည်အစစ်ပဲသုံးချင်တာ. . . ဒါမှခံစားချက်ပါမှာ. . . ”

“အင်”

မျက်ရည်အစစ်မှခံစားချက်ပါမှာတဲ့. . ဒါဆိုပြုံးပြုံးကြီး ထိုင်ညှစ်နေတာကရော ခံစားချက်နဲ့ညှစ်နေတာလား။

“နင့်ဟာက မဟုတ်တာဟာ. . . ”

“တော်ပါဟာ. . နင်နားမလည်ရင်ငြိမ်ငြိမ်လေးထိုင်နေ. . . ငါလုပ်စရာရှိတာဆက်လုပ်လိုက်ဦးမယ်. . . အီးစ်. . အီးစ်. . ”

ဟုဆို၍ စာရွက်ကိုအသေအချာပြန်စိုက်ကြည့် ကာမျက်ရည်ထိုင်ညှစ်နေသည်။ သူလည်းဘာမှဆက်မပြောဖြစ်တော့။ သူမကိုသာတအံ့တသြနှင့် ငေးကြည့်နေမိသည်။ အတော်ကြာပါသည်။ နာရီဝက်ခန့်ကြာပါသည်။ အတော်လေးကြာမှ ‘ပတစ်’ ခနဲ သူ့မျက်ဝန်းပေါ် မျက်ရည်များဝေ့သီလာသည်။ ကမန်းကတမ်း သူစာရွက်ကို ဆွဲယူ၍သူ့မျက်လုံးနှင့် စာလုံးကိုချိန်သည်။ နောက်မျက်စိတစ်ဖက်မှိတ်၍ စာလုံးကိုအသေအချာ ကြည့်ကာထပ်ချိန်သည်။ မျက်ရည်နှင့်စာ ရွက်ကိုကပ်ချိန်သည်။ မျက်ရည်က ဟိုဘက်ကျ မလိုဒီဘက်ကျမလိုနှင့် မျက်ခမ်းပေါ်ရီးလေးခိုနေသည်။ နောက်မှ မျက်တောင်ဖျားပေါ်လိမ့်စီး၍ ‘ပလောက်’ခနဲ စာရွက်ပေါ်ကျ သွားသည်။

www.burmeseclassic.com



"ဟာ. . ."

မျက်ရည်က သူထင်ထားသလိုမဖြစ်။ သူရည်ရွယ်သော 'ကို' ဟူသော စာလုံးနှင့်ကပ်ရက်မှသာကျသွားသည်။ သူမစာရွက်တစ်ဖက် ကိုကမန်းကတမ်းမ ၍ စာလုံးပေါ်မျက်ရည်ကိုလှိမ့်တင်သည်။ မကျ။ နောက်ပါးစပ်ကလည်း တစ်ဖူးဖူး နဲ့ထိုင်မှုတ်နေသည်။ ထိုတော့မှ 'ကို' ဆိုသောစာလုံးလေးက မျက်ရည်၏တိုက်စား မှုကြောင့် ပြန့်ခနဲဖြစ်သွား၏။

"ရပြီ. . . ငါကွ. . ."

သူမစာရွက်ကိုဝမ်းသားအားရမြှောက်၍ထအော်သည်။ ပြီး နောက် သူ့ဖာသာသူရေရွတ်သလိုဖြင့် . . .။

"တောက်. . . အဘွားဆုံးတုန်းကအကြောင်း ပြန်စဉ်းစားမိမှပဲ မျက်ရည် ကပေါက်ခနဲကျတော့တာ. . . ဒင်းအကြောင်းစဉ်းစားတုန်းက တစ်စက်မှကိုမကျ ဘူး အကျိုးမပေးပုံများ. . ."

ဟုဆို၍ သူ့ဖာသာသူ တဟီးဟီးနဲ့သဘောတွေကျနေသည်။ နောက် သူ့မျက်နှာရှေ့စာရွက်ကိုတဖျပ်ဖျပ်ခပ်ပြီး. . .

"ဟောဒီမှာတွေ့လား လွမ်းလွမ်းဆွေးဆွေးရင်ကွဲနာအပြည့် ပေးမဲ့စာ"

သူပြတော့ဟုတ်လည်းဟုတ်သည်။ မသိရင်မျက်ရည်တဝိုင်းဝိုင်း နှပ်တ ရှုံ့ရှုံ့ နှင့်ရေးထားသည့်အတိုင်း။ အော်. . . လွမ်းလွမ်းဆွေးဆွေး ရင်ကွဲနာအပြည့်ပေးထားပုံ။ (မှတ်ချက်-သူမအပြောအရမိန်းက လေးတိုင်း လုပ်တတ်သည်ဟူ၏။)

"ဟဲ့. . . နင်ကငါ့ကိုတစ်ခုကူညီဦး. . ."

သူမ၏စကားကြောင့် သူလန့်သွားသည်။ သူမကတော့ သူ့ကိုငယ်ပေါင်း ကြီးဖော်အတိုင်း။

"ဘာလဲ. . . နောက်တစ်ခါနင့်နဲ့လိုက်သေပေးရဦးမှာလား. ."

သူမပြုံးပါသည်. . .။

"ဒီတစ်ခါအဲဒီလောက်မကြမ်းပါဘူး ငါသူ့ကြောင့်သေ လည်းမ သေချင် တော့ပါဘူး. . ဘာလို့လည်းဆိုတော့ ငါသေသွားရင်သူ့ကိုအရှုံး

www.burmeseclassic.com



ပေးလိုက်ရာကျမယ် လေ. . . ငါသူ့ကိုဘယ်တော့ မှအရှုံးမပေးဘူး. . . ငါ့အရှုံးတွေကိုငါ့ရင်ထဲမှာသိမ်းထားမယ်. . . သူ့ကိုတော့ နောင်တတွေ ပေးရဦးမယ်. . ဒီတော့ . . . ”

သူမသူ့ကိုစေ့ကြည့်ပါသည်. . . ။

“ဒီစာကို. . ငါ့ရည်းစားဟောင်းဆီသွားပို့ပေး. . . ”

“အင်”

သူစဉ်းစားရကျပ်သွားသည်။ ကြည့်လေ. . . မဆီမဆိုင် . . . ။

“နေပါဦး. . . နင်ကငါ့ကိုအဲဒီလိုခိုင်းရအောင် နင်နဲ့ငါက ဘယ်လောက်ရင်းနှီးလို့လဲ. . ငါ့နာမည်တောင်နင်သိလို့လား. . . ”

“သိတယ်လေ. . နင့်နာမည်ဘောက်ထော်. . ”

“အင်”

သူမနှင့်စတွေ့စဉ်က ပြောခဲ့သော သူ၏ရပ်ကွက်အမည်ဖြစ်သည်။ တော်သေးတာပေါ့ စော်ဘွားကြီးကုန်းတို့၊ ကျောက်ရေတွင်းတို့၊ ချော်တွင်းကုန်းတို့ မနေမိတာပဲ။

“လုပ်ပါဟာ. . ဒီတစ်ခါပဲ နောက်ဆိုလည်း နင့်ကို မခေါ်တော့ဘူး. . . နင့်ဖာသာစိတ်ပါမှကူညီ. . ဒီတစ်ခေါက်တော့. . ”

“အလိုဗျာ. . . ”

အတော်လေးကို ဝွကျသည့်အမျိုးသမီးပဲ။ သူလည်းညစ်ချင် ချင်မို့. . .

“ငါကဘာလို့လုပ်ပေးရမှာလဲ . . . ဟိုတစ်ညက နင်ငါ့ကိုပဲခူးမှာ ထားခဲ့တာကိုလွန်လှပြီ. . . လူ့မှာပိုက်ဆံကမရှိ ဗိုက်ကဆာနဲ့. . . ကားသမားကို မနည်းတောင်းပန်ပြီးစီး ခဲ့ရတယ်အဲဒီအတွက်ငါ့ကိုတောင်း ပန်သင့်တယ်. . . ”

သူမမျက်မှောင်ကြုတ်သွားသည်။ ပြီးနောက် လည်ချောင်းသံလုံး လုံးကြီး ဖြင့် တစ်တုံးတစ်ခဲကြီးပြောသည်။

“ငါကဘာကိုတောင်းပန်ရမှာလဲ. . . ”

“ဟ. . . တောင်းပန်ရမှာပေါ့. . . နင်ငါ့ကိုရစ်ပြီး ခေါ်သွားတာ။

www.burmeseclassic.com



နှလုံးရောဂါအခံများထွန်းကားနေလို့ကတော့ အခုလောက်ရှိ ငရဲလား နိဗ္ဗာန်လား ရောက်နေလောက်ရောပေါ့. . . ဟွင်. . ပြီးတော့. . . ငါ့မှာ ဘာမဆိုင်ညာမဆိုင် နဲ့အဲဒီညက ပဲခူးမှာမိုးလင်းခဲ့ရတယ်. . . အဲဒီအတွက် နင် Sorry တစ်လုံးလောက် တော့ပြောသင့်တယ်. . . ”

“ Sorry ဟုတ်လား. . . ”

သူမက သူ့စကားကို သံယောင်လိုက်သည်။

“ဟုတ်တယ်. . . ”

သူရင်ကော့၍ထောက်ခံလိုက်သည်။ သူမကမျက်နှာကိုမဲ့လိုက်ပြီး. . .

“မေထူးချွန်ရဲ့ Dictionary မှာ Sorry ဆိုတဲ့စကားလုံး မရှိဘူး. . . ”

“အေး. . . နင့်ကို Sorry လို့ပြောစေချင်ရင် နင့်နာမည်ကို Sorry လို့ပြောင်းလိုက်. . အဲဒါဆိုငါက Sorry ရေလို့ . . . ဘယ်သွား မလို့လဲ. . . ဩော် ဘယ်သူမျှားမှတ်တယ် Sorry ပဲနော်လို့ပြော ပေးမယ်. . . ”

“ဟာ. . . နင်ကလည်း. . . ”

သူ့စကားကြောင့် ဘာပြန်ပြောလို့ပြောရမှန်းမသိတော့။ ဟုတ်တယ် လေ။

သူ့ဆီက Sorry လို့အပြောခံရဖို့ကို ကိုယ့်နာမည်ကိုပါ Sorry လို့ပြောင်း ပေးရမယ့်ပုံ။ သူ့ပြောပုံနှင့်ဖြစ်နေပုံကိုကြည့်ပြီး အလျှော့မပေး ချင်၍. . .

“ဒါဆို. . . နင်. . . နင့်ရည်းစားဟောင်းကို အသနားခံစာရေး နေတာကရော. . . ”

သူမခပ်ဟဟရယ်လိုက်သည်။ ပြီးနောက်စာရွက်ကို သူ့ရှေ့ပစ်ချ လိုက် သည်။

“ဟားဟား. . . စာကိုလည်းဖတ်ကြည့်ပါဦး. . . သူ့ကိုငါ တောင်း ပန်တဲ့စကားတစ်လုံးမှမပါဘူး. . တောင်းပန်စရာလည်းမလိုဘူး. . . ”

www.burmeseclassic.com

BURMESE CLASSIC .com



"ဒါဆို. . . "

သူမမျက်နှာမာသွားသည်။ နောက်ခပ်တည်တည်နှင့်။

"ငါ့မှာ ဘာအပြစ်မှမရှိဘဲ အလကားနေရင်းဖြတ်သွားလို့ . . . ငါ မကျေမနပ် ဖြစ်နေတာ. . . "

"ဩော်. . . "

ထို့သို့ဆိုတော့လည်း သူမကိုသနားမိသည်။ သို့သော်လည်း မသနားရဲ။ သူ့စကားကို သူကိုယ်တိုင်ပင်ယုံလားမယုံလားမသိ။

"လုပ်ပါဟာ သွားပေးပေးစမ်းပါ. . . ငါသွားပေးရင် သူ့ကောင်မနဲ့ နပန်းလုံးနေရမယ်. . . အဲဒီလိုနပန်းလုံးမိရင် သူ့ကောင်မရဲ့ကြက်မောက်ကိုဆွဲပြီး ညာဒူးနဲ့ချမိလိမ့်မယ်. . ငါထင်တယ်. . ဆယ်ချက်. . အချက်နှစ်ဆယ်လောက်တော့ ချမိမယ်ထင်တယ်. . ဒါဆိုငါလည်းဒူးပြဲ သူလည်း နဖူးကွဲတွေဖြစ် ကုန်လိမ့်မယ်. . အဲဒီလိုငါချမိရင်သူငါ့ကို ပိုပြီး အသည်းနာသွားလိမ့်မယ်. . အဲဒါကြောင့်ပါ. . . သွားပေးပေးပါနော်. . . "

"ဟင်း. . . "

သူသက်ပြင်းချမိသည်။ ကိုယ့်ဖာသာကိုယ် အေးအေး နေရင်နေလို့ရ ရဲ့သားနဲ့ သူနဲ့မှလာထိုင်မိတာကိုး။ အခုတော့ သူ့နဂိုအားနာစိတ်နဲ့ မငြင်းသာတော့။

"အေးလေ. . . သွားပေးဆိုလည်းပေးရတာပေါ့. . ဒါပေမယ့် ဒီတစ်ခါ ပဲနော်. . . "

သူ့စကားကြောင့် သူမမျက်လုံးအရောင်တောက်သွားသည်။ ပြီးနောက် ခေါင်းကိုတရစပ်ညိတ်ကာ. . .

"အေး. . အေးပါဟာ. . ဒီတစ်ခါတည်းပါ. . ရော့. . ဒီမှာစာ. . အဲ. . နေဦး . . . စာအိတ်ထဲထည့်ပေးလိုက်မယ်. . "

ဟုဆို၍ သူ့လက်ထဲမှပန်းနုရောင် စာအိတ်ကလေးကို ကမန်းကတမ်း ဆွဲထုတ်လိုက်သည်။ စာအိပ်ကလေးက လှပါသည်။ အရောင်ကိုက အချစ်သင်္ကေ တအရောင်ပါ။ စာကိုစာအိပ်ထဲထည့်လိုက်ပြီး သူ့ဘက်ခပ် တည်တည် နဲ့လှည့်ကာ မျက်မှောင်ကြုတ်၍. . . ။

www.burmeseclassic.com



"နင်နေရောကောင်းရဲ့လား. . ."

သူမစကားကြောင့် သူ့အကြောင်းကြောင်ဖြစ်သွားကာ. . .

"ကောင်းပါတယ်ဟ ဘာဖြစ်လို့လဲ. . ."

သူမက သူ့မျက်လုံးကိုလာရောက်ဖြုကြည့်ကာ. . .

"မျက်ခမ်းတွေဖြူနေတယ်။ လျှာရောပြစမ်း . . ."

သူမ၏စကားကြောင့် သူယောင်ကန်းကန်းနှင့် လျှာထုတ်ပြလိုက်သည်။ ထိုတော့မှ သူမကသူ့လျှာပေါ် စာအိတ်နှင့်ဖျပ်ခနဲပွတ်လိုက်ပြီး. . .

"ရပြီ. . . ရပြီ. . ဘာမှမဟုတ်တော့ဘူး. . ဟီးဟီးဟီး. ."

ဟုဆို၍စာအိတ်ကိုခပ်တည်တည်ပိတ်လိုက်သည်။ ထိုတော့မှ သူမ၏ အကြံကိုသူသဘောပေါက်တော့၏။ 'တောက်' စာအိတ်ကို တံတွေးဆွတ်ပြီးပိတ် ရမည်ကို သူ့တံတွေးနှင့်ဆွတ်ပြီး မပိတ်ချင်၍ ကိုယ့်လျှာခဏငှားလိုက်ခြင်း သာဖြစ် သည်။

"တောက် ခံလိုက်ရပြန်ပြီ. . ."

မကျေမနပ်နှင့်ရေရွတ်ဆဲမှာပင်သူမက . . .

"နင်ကဟာ ငါကသူနဲ့ပြတ်ပဟေ့ဆိုမှဖြင့် ငါ့အငွေ့အသက်လေးတစ် စက်တောင်မှမပေးချင်တော့လို့ နင့်တံတွေးယူဆွတ်တာပါဟ. . . နင်. . . သူတို့ အိမ်ထဲဒီစာကိုသွားဝင်ပေးကြားလား. . . ငါသူတို့ လမ်းထိပ်အထိလိုက်ပို့ပေးမယ်. . ."

သူဘာမှပြန်မပြောမိ။ သူမကိုသာငေးကြည့်နေမိသည်။ အတော်လည် တဲ့ အမျိုးသမီးပဲ။ သူမကသူ့တွင်ပါလာသော ပစ္စည်းများကိုသိမ်းကာ။

"လာသွားရအောင်. . ."

ဟုဆိုပြီး ထိုင်ရာမှထလိုက်သည်။ ထိုတော့မှသူက . . .

"မေထူးချွန်"

သူ့ကိုပြန်ငေ့ကြည့်သည်။

"ငါ့နာမည်ကိုရောနင်သိရဲ့လား. . ."

သူမဘာမှပြန်မပြောပါ။ သူ့ကိုသာငေးကြည့်နေသည်။

www.burmeseclassic.com



"ငါ့နာမည်ကျော်ဇောဦးတဲ့. . ."

သူမခပ်မဲ့မဲ့ပြုံးလိုက်သည်။ ပြီးနောက်တစ်ဖက်လှည့်ကာ. . .

"ငါသိပါတယ်ဘောက်ထော်ရာ. . ."

တဲ့. . .။ သူဘာမှဆက်မပြောမိတော့။

ရန်ကင်းဆယ့်နှစ်လုံးတန်း၏ လမ်းထိပ်တစ်နေရာတွင် သူမကားကိုထိုး ရပ်လိုက်သည်။

"ဒီကနေသွား. . ဟိုမှာတွေ့လား အဲဒီသုံးအိမ်မြောက်ပဲ. . . ဒီအချိန်ဆို သူတို့ခြံထဲမှာရှိနေလိမ့်မယ်. . . အသာလေးခေါ်ပြီး ဒီစာကိုပေးလိုက်ကြားလား"

"ကြားပါတယ်. . ."

"အေး. . . အဲဒါဆိုသွားတော့ ငါဒီကနေပဲစောင့်နေမယ်. . ."

သူကားပေါ်မှ ဖြည်းညင်းစွာဆင်းလိုက်သည်။ တစ်သက်နဲ့ တစ်ကိုယ်မိမိကိုယ်တိုင်အတွက်ပင်ရည်းစားစာမပေးဖူးဘူး။ ခုတော့ သူများအတွက်ပေးပေး ရမှာဆိုတော့စိတ်ထဲမှာတော့ ရွံ့တွန့်တွန့်ပဲ။ သို့သော် ဘာဖြစ်ဖြစ်ဒီ တစ်ခါတော့ကူ ညီလိုက်မယ်ဟု စိတ်ပိုင်းဖြတ်ထား၍ သူမ ညွှန်ပြရာ အိမ်သို့ ခြေဦးလှည့်လိုက်သည်။ ရင်ထဲမှာတော့ လူပျိုသားပေါက်က အပျိုဖားလောင်းကလေးကို ရည်းစားစာပေးရသလို တဒိန်းဒိန်းနဲ့ ခုန်လှုပ်နေသည်။

www.burmeseclassic.com



**အခန့်**သင့်ပင် သူခြံဝရောက်တော့ ခြံထဲတွင် စိတ်အေးချမ်းသာစွာထိုင်နေသောဟိုစုံတွဲကိုတွေ့ရသည်။ သူကန္တြွေကိုထိန်း၍ ခပ်တည်တည်နဲ့လှမ်းခေါ်လိုက်သည်။

"ချွတ်ချွတ်ချွတ်ချွတ်. . ."

သူ့အသံကြားတော့ နှစ်ယောက်လုံးငေါ့ကြည့်ကြသည်။ သူတို့တစ်ခါမှမမြင်ဖူးသူဖြစ်၍ထင့်။ နှစ်ယောက်လုံးအံ့အား သင့်နေကြ သည်။ ပြီးတော့ ဘာလဲဟုသောပုံစံမျိုးနှင့်မေးငေါ့ကြသည်။ သူကဒီကိုလာရန်လက်လှမ်းပြလိုက်သည်။

ဟိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ထလာကြသည်။

"ဘာကိစ္စလဲမသိဘူးနော်. . ."

အမျိုးသားက နူးညံ့စွာမေးသည်။ အမျိုးသမီးက သူ့ကိုခပ်ကြာ

www.burmeseclassic.com
BURMESE CLASSIC .com



ကြာငေးကြည့်နေသည်။ သူဘာမှမပြောဘဲ အိတ်ကပ်ထဲထည့်ယူလာသော သူမ၏စာကို ဆွဲထုတ်ပေးလိုက်သည်။

"ရော့. . ."

နှစ်ယောက်လုံးမျက်မှောင်ကြုတ်သွားကြသည်။

"ဘာစာလဲဟင်. . ."

အမျိုးသမီးက ဇဝေဇဝါမေးသည်။ သူကခပ်တည်တည်ပင်. . .

"ရည်းစားစာလေ"

"ဟင်"

"အို"

နှစ်ယောက်လုံးအံ့အားသင့်သွားကြသည်။ နောက်တစ်ယောက် မျက်နှာ ကိုတစ်ယောက်ပြန်ကြည့်သည်။ သူတို့စိတ်ထဲ မယုံနိုင်စရာဖြစ် နေပုံရ၏။ အတန်ကြာမှ အမျိုးသမီးက. . .

"ဘယ်သူ့ကိုပေးတာလဲ"

သူလည်းခပ်တည်တည်ပင် အမျိုးသားကိုလက်ညှိုးညွှန်၍ . . .

"သူ့ကိုပေးတာ. . ."

"ဟာ"

နှစ်ယောက်လုံးတစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်လိုက် သူ့ကို ကြည့်လိုက်ဖြစ်နေသည်။ အမျိုးသားက မသင်္ကာနိုင်စွာ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၍. . .

"ခင်ဗျားက ကျုပ်ကိုပေးတာ. ."

သူခပ်တည်တည်ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ်"

"ဟာ"

"အလို"

ယောကျ်ားအချင်းချင်း ရည်းစားစာပေးတာဆိုတော့ အံ့အား သင့်သွား ပုံရ၏။ ထိုတော့မှသူလည်းသတိရသွားပြီး. . .

"အဲ. . . မဟုတ်ဘူး. . . တစ်ယောက်ကပေးခိုင်းလိုက်တာ"

www.burmeseclassic.com



နှစ်ယောက်လုံးတစ်ယောက်မျက်နှာတစ် ယောက်ပြန်ကြည့်ကြသည်။ နောက်မှ အမျိုးသမီးက. . .

"ဘယ်သူပေးခိုင်းတာလဲ. ."

"မေထူးချွန်. . ."

"ဟင်"

"ဟာ"

အမျိုးသားမျက်နှာပျက်သွား၏။ အမျိုးသမီး၏မျက်နှာပေါ် ဒေါသရိပ် များသန်းလာ၏။

"ကိုမျိုးမြင့်ထွန်း. . . ရှင်. . . ရှင်ဒီအမျိုးသမီးနဲ့ ဘာဆက်ရှုပ်နေတာလဲ. . ."

အမျိုးသမီး၏စကားကြောင့် မျိုးမြင့်ထွန်းဆိုသောလူ လန့်သွားပြီး. . .

"ဟာ. . . မဟုတ်. . . မရှုပ်. . ."

သူ့စကားမဆုံးမီ အမျိုးသမီးကခါးပေါ် လက်တင်ပြီး. . .

"ရှင်မရှုပ်ရင် ဒီစာကဘယ်လိုရောက်လာတာလည်း. . . ပေးစမ်းဒီစာ. . ."

ဟုဆို၍ သူ့လက်ထဲကစာကိုဆွဲယူပြီး . . .

"ကဲဟာဒီလောက်ဖြစ်လှတာ. ."

"ဗြဲ. . . ဗြဲ. . ."

"အင်းဟာ. . ကဲ. . ကဲ. ."

စာရွက်က ထိုအမျိုးသမီး၏လက်ထဲ တစ်စစီဖြစ်သွား၏။ နောက်အမျိုးသမီးက သူ့ဘက်လှည့်၍. . .

"အဲဒီမေထူးချွန်ဆိုတဲ့အမျိုးသမီးကိုပြောလိုက်. . . နောင် . . . ကိုမျိုးမြင့်ထွန်းနဲ့ လုံးဝမပတ်သက်မဆက်သွယ်ပါနဲ့လို့. . ."

ဟုဆိုပြီး အိမ်ထဲသို့ ဘောက်ဆတ်ဘောက်ဆတ်နဲ လှည့်ဝင်သွားလေသည်။ ထိုတော့မှ မျိုးမြင့်ထွန်းကပါမျက်လုံးပြူးသွားပြီး. . .

"ဟာ. . . သက်သက်ဇင်. . နေ. . . . နေဦးလေ. ."

www.burmeseclassic.com



ဟုဆိုပြီး အမျိုးသမီးနောက်ပြေးလိုက်သွားသည်။ သူ့ကိုပင် လှည့်မကြည့် တော့။

ယခုတော့ ခြံပေါက်ဝတွင်သူတစ်ယောက်တည်း ငေါင်စင်းစင်း ယောင်လည်လည်နဲ့ ဘာလုပ်မှန်းမသိတော့။ သူ့ရှေ့မှာတော့ အစိတ်စိတ် အမြွာမြွာပျံ့ကျဲ နေသောပန်းနုရောင်စာရွက်အပိုင်းအစများ။

ထိုစာရွက်အပိုင်းအစများထဲမှ မျက်ရည်စိုနေသော 'ကို' ဆိုသည့် စာလုံး လေး လေအဝိုက်တွင် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်ကို မြင်ဖြစ် အောင် မြင်မိ သေးသည်။ ရှုံးပေါ့မျက်ရည်တစ်စက်။

"ဘယ်လိုလဲ. . ဘယ်လိုလဲ. . ငါ့စာကိုသူယူလိုက် တယ်မဟုတ် လား သူယူလိုက်တယ်မဟုတ်လား. . ."

အလောတကြီးမေးသောသူမကို သူငေးကြည့်နေမိသည်။ သူမကပဲ ဆက်၍. . .

"ဟဲ့. . . မေးနေတယ်လေ. . . နင်နားလေးနေလား. . . စာကို သူယူလိုက်တယ်မဟုတ်လားလို့. . ."

သူသက်ပြင်းချမိသည်။ နောက်လေသံတိုးတိုးဖြင့်သာ. . .

"အေးပါ. . ယူလိုက်ပါတယ်ဟာ. . ."

"ဟယ်. ."

သူမမျက်ဝန်းမှ ရောင်နီများဖြာသွားသည်။ ပြီးနောက် နှစ်လိုဖွယ် ပြုံးပြီး

"ဝမ်းသာလိုက်တာဟယ်. . . ဒီလိုပဲဖြစ်ရမှာပေါ့. . . ဟဲဟဲ ဟဲ. . ."

မုတ်ဆိတ်မွှေးမရှိပါပဲ သူ့မေးကိုသူ မုတ်ဆိတ်ဆွဲသလိုမျိုး လုပ်နေ သည်။

"ဟဲ့. . ဘောက်ထော်. . ."

သူ့နာမည်မဟုတ်ပေမယ့် သူမကိုငေ့ကြည့်သည်။

"နင်မယုံရင်ကြည့်နေ အဲဒီစာကိုဖတ်ပြီး သူမကြာခင်ငါ့ကိုပြန် ဆက်သွယ်မှာ. . ဘာလို့လဲဆိုတော့ ငါ့စာကလွမ်း လွမ်းဆွေး ဆွေးရင် ကွဲနာ

www.burmeseclassic.com



အပြည့်နဲ့ ပေးထားတာလေး. . . ဟဲဟဲ. . . သိတယ်မဟုတ် လား. . . ”

မရှိတဲ့မုတ်ဆိတ်ကိုဆွဲနေတာ ဆိတ်သိုးကြီးကျနေတာပဲ။ သူမကို ကြည့်ပြီး သူမှာ ရယ်ရမလိုငိုရမလို သနားရမလိုဖြစ်နေမိသည်။ သူ့စာကို ဟိုကဆွဲဆုပ် ပစ်လိုက်မှန်းသိရင် သူမမည်သို့နေမည်နည်း. . . ။ သူ မစဉ်း စားတတ်တော့. . . ။

“ကဲ. . . ဘောက်ထော်. . . နင့်ကိုငါအိမ်ပြန်ပို့ပေးမယ်. . လာကားပေါ်တက်. . . ”

သူဘာမှမပြောဘဲ ကားနောက်ခန်းထဲတက်ထိုင်လိုက်သည်။ သူမကား ကက်ဆက်ကိုကျယ်လောင်စွာဖွင့်လိုက်သည်။

“ရွှေရော×× ×ငွေရော× ××ငါဆင်ပေးထားတာ× ×× အဖေရော အမေ ရောဝင်ဝင်နှိပ်စက်တာ× × ×အခြေဂိုး အနေဂိုးနင်တို့အမျိုးလားကွာ နင့်အဖွား×××နင့်အဘိုး×××ဒီလိုအချိုးပဲလား××× ”

မည်သူပါးချောင်နားချောင်နဲ့ဆိုထားမှန်းမသိသော ထိုသီချင်းပင်။ သူမ ကသံသေးကြောင်နှင့် အကျယ်ကြီးလိုက်ဆိုသည်။ ထိုသီချင်းကို သူအလွန်ကြိုက် နှစ်သက်ပုံရ၏။

“ဟဲ့. . မသိလို့မေးပါရစေဦး နင်ကဘာအလုပ်လုပ်တာလဲ. . . ”

သူမကားကိုခပ်ကြမ်းကြမ်းမောင်းရင်းမေးသည်။

“ငါလား”

“အေး”

“ငါဆေးရုံက မေ့ဆေးဌာနမှာလုပ်တာ. . . ”

“မေ့ဆေးဌာန. . . ”

“အေး”

သူမ စိတ်ဝင်စားသွားရော့ထင့်၊ ကားကိုအရှိန်လျှော့လိုက်သည်။ နောက် မျက်မှောင်ကြုတ်၍. . . ။

“ဒါဆို. . . နင့်အိမ်မှာ မေ့ဆေးတွေအများကြီးရှိမှာပေါ့. . . ”

“ရှိတာပေါ့. . . ပုရွက်ဆိတ်ကနေ ဆင်တစ်ကောင်လုံးကို အပ် သေးသေးနဲ့ပစ်လိုက်ရုံနဲ့ တုန်းခနဲလဲသွားလောက်တဲ့ အဆိပ်မျိုးတွေ အစုံ

www.burmeseclassic.com



ရှိတယ်. . .”

“တကယ်”

“အေး”

သူမစိတ်ဝင်စားသွားပုံရသည်။ ကားဂီယာတံပေါ် လက်တစ်ဖက်တင်၍ငြိမ်နေသည်။ ဂီယာချိန်းသင့်နေပါလျက်နဲ့မချိန်းဘဲ မေ့ဆေးအကြောင်းပြောရင်း မေ့နေပုံရသည်။

“နေပါဦး အဲဒီဆင်ပစ်ရင်တုန်းခနဲလဲတဲ့မေ့ဆေးနဲ့လူကိုပစ်ရင် ဘာဖြစ်မှာလဲ. . .”

သူမ၏ထူးထူးဆန်းဆန်းမေးခွန်းကြောင့် သူတွေနေမိသည်။ နောက်မှ

“အဲဒါတော့ ငါလည်းမပစ်ဖူးတော့ ဘယ်သိမှာလဲ. . ဒါပေမယ့် ငါထင်တယ်. . . အနည်းဆုံး နှစ်ရက်သုံးရက်လောက်တော့ ကောင်းကောင်းအိပ်ပျော်သွားမယ်ထင်တယ်. . .”

“ဩော်”

သူမ ခေါင်းကိုဖြည်းညင်းစွာညိတ်နေ၏။ အသေအချာစဉ်းစားနပုံရသည်။ ဘာစကားသံမှထပ်ထွက်မလာ။

“မေထူးချွန် ညာဘက်ကိုကွေ့လိုက်. . .”

“ဟင်. . . အင်းအင်း. .”

ထိုတော့မှ သူမသတိပြန်ဝင်လာပုံရသည်။ ဂီယာကိုချိန်းပြီး ကားကိုသူ ပြောသည့်အတိုင်းကွေ့ချလိုက်သည်။

“ရပြီ အဲဒီမှာပဲရပ်တော့. . .”

သူမကားလေးဖြည်းညင်းစွာထိုးရပ်လိုက်သည်။

“ငါ့အိမ်က ဟိုးမှာတွေ့လား. . .”

“ဘယ်မှာလဲ. . .”

သူမကားထဲမှနေ၍ခေါင်းပြူကြည့်သည်။

“ဟိုမှာ ဆေးအနီသုတ်ထားတဲ့ တတိယထပ်. . .”

“အော်. . . ဟိုဟာလား. . . ဝရန်တာမှာထဘီနှစ်ထည်လှန်း

www.burmeseclassic.com
BURMESE CLASSIC .com



ထားတာ. . .”

သူမစကားကြောင့် သူရှက်ကိုရှက်ကန်းဖြင့်. . .

“လုံချည်ပါဟာ. . .”

သူမရယ်ပါသည်။ နောက်ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

“ဒါနဲ့ဖုန်းနံပတ်ကရော. . .”

သူပိုက်ဆံအိတ်ထဲဆောင်ထားသော သူ့ဖုန်းကပ်လေး ကိုထုတ်ပေးလိုက်သည်။

“ဒါကအိမ်ဖုန်း၊ ဒါကရုံးဖုန်း. . .”

သူမက ကဒ်ကိုဆွဲယူလိုက်ပြီး. . .

“ရပြီ. . ရပြီ. . အိုကေ. . .”

ဟုဆို၍ နှုတ်ပင်မဆက်ဘဲကားကိုဝူးခနဲမောင်းထွက်သွားသည်။ သူတစ်ယောက်တည်း ပလက်ဖောင်းပေါ်မှာ အူကြောင်ကြောင်နဲ့ကျန်ခဲ့သည်။ ကားကလေးပျောက်သည်ထိငြိမ်သက်ငေးမောရင်းပေါ့။

www.burmeseclassic.com

**တတိယ** အကြိမ်တွေ့ရှိပုံကလည်း မည်သို့မှမထူးဆန်းပါ။ သို့သော်ထူးဆန်းသည်က ကျွန်တော်သူမခိုင်းသောအလုပ်ကိုလုပ်မိခြင်းဖြစ်ပါသည်။ သူမတွင် မည်သို့သောညို့ဓါတ်ရှိသည် ကိုလည်းကျွန်တော်မသိပါသည်။ သို့သော် သူမကိုမငြင်းဆန်နိုင်အောင်သူမလုပ်ရပ် အားလုံးမှာစိတ်ဝင်စားစရာများနှင့်သာ ပြည့်စုံနေပါသည်။

ယခုကဲ့သို့ သူမကြံစည်နေခြင်းသည်ကိုလည်း ကောင်းသည်မကောင်းသည်ဟုမခွဲခြားနိုင်ပါ။ သို့သော် မည်သည့်စံပေတံမှ ထောက်တိုင်း၍မရနိုင်အောင် ထူးဆန်းနေသည်ကိုတော့တွေ့ရပါသည်။

သူ့ချစ်သူက သူမကိုအကြောင်းမဲ့ဖြတ်သွား၍ လက်စားချေခြင်းလား။ သူ့ချစ်သူက သူ့ကိုစိတ်ပြန်လည်လာအောင် ပြုလုပ်နေခြင်းလား ကျွန်တော်ကောင်းစွာမသိပါ။ သို့သော် သူမ၏လုပ်ကွက်များသည် ဘာနှင့်တူနေသည်ဆိုရသော်။

www.burmeseclassic.com



ကောင်မလေးတစ်ယောက်က သူ့ချစ်သူကောင်လေးကို သူမ၏ အလှဆုံးဓါတ်ပုံတစ်ပုံပေးလိုက်သည်။ ထိုဓါတ်ပုံ၏နောက်ကျောတွင် သေသပ်လှပသောလက်ရေးဖြင့် ဤသို့ရေးထားပါသည်။

"ကို"

သတိရတိုင်း 'မ' ဓါတ်ပုံလေးကိုထုတ်ကြည့်ပေါ့. . .
မကတော့ ဓါတ်ပုံ ကြည့်နေစရာမလိုဘူး. . .
ကို့ပုံရိပ်က 'မ' စိတ်ထဲမှာအမြဲရှိတယ်. . .
ကို့ကိုအသည်းပေါက်မတတ်ချစ်တယ်. . .
ကိုလည်းမေ့ကိုအသည်းပေါက်မတတ်ချစ်နေမယ်လို့
ယုံကြည်တယ်. . ."

အချစ်များစွာနဲ့
မေစန္ဒာတိုးညွန့်။

*မှတ်ချက်။ ကိုနဲ့မေတကယ်လို့ မပေါင်းဖြစ်ခဲ့ရင် ဒီဓါတ်ပုံလေးကို ပြန်ပေးပါနော်. . . ဒီဓါတ်ပုံကဒီတစ်ပုံထဲရှိလို့ပါ. . .။*

အဲဒီလိုမျိုးဖြစ်နေတယ်။ ပြောတော့ အသည်းပေါက်မတတ်ချစ် တယ်တဲ့။ ကွဲသွားရင်တော့ ပေးထားတဲ့ဓါတ်ပုံပြန်လိုချင်တယ်။ ဘယ်လိုဆုံးဖြတ်ရမှာလဲ။

ဘာပဲဖြစ်ဖြစ် သူမသည်ကျွန်တော့အတွက်တော့ စိတ်ဝင်စားစရာဓါတ်ပုံတစ်ပုံဖြစ်နေသည်။

ထိုသို့ဆိုလျှင် လူရွှင်တော်များစကားလည်း သတိရပါသေး၏။ ဆိုပါစို့. . .

"သူကမင်းသမီးကိုကြိတ်ချစ်နေတယ်. . ."

www.burmeseclassic.com



"သူကလား"

"ဟုတ်တယ်အဲဒါကြောင့် မနက်ကတောင်မျက်နှာသစ်ရင်းနဲ့ မင်းသမီးနဲ့ဆုံတော့ မင်းသမီးဆီခါတ်ပုံတောင်းနေတာကြားလိုက်သေးတယ်. . ."

"မင်းသမီးက ပေးလိုက်လား"

"မပေးလိုက်ပါဘူး"

"ဘာဖြစ်လို့တုံး. . ."

"မင်းသမီးကပြောတယ်"

"ဘာပြောတုံး"

"အစ်ကိုရယ်တဲ့"

"အင်း"

"ဓါတ်ပုံကိုဒီနေ့တော့ မယူပါနဲ့တဲ့"

"ဘာဖြစ်လို့တုန်း"

"သမီးက ဒီနေ့ဓါတ်ချုပ်နေလို့. . . မနက်ဖြန်ဝမ်းနှုတ်ဆေးစားပြီးမှ ဓါတ်ပုံပေးပါ့မယ်တဲ့. . ."

"ဟာကွာမင်းကလည်း ဘယ်ဓါတ်ပုံကြီးဖြစ်သွားတာတုံးဟ"

ဟုတ်ကဲ့. . သူမသည်ဓါတ်ပုံတစ်ပုံဖြစ်သည်။ ထိုဓါတ်ပုံမှာ လူရှင်တော် များပြောသည့်ဓါတ်ပုံမဟုတ်ပါ။ ကျွန်တော့အမြင်ပြောရရင် အလှကြည့်ဓါတ်ပုံသာဖြစ်သည်။ သို့သော်. . .

အနံ့လည်းနည်းနည်းထွက်နေသည်။

မဆိုစကောင်းဆိုစကောင်း ဓါတ်ပုံပေါ်က ဓါတ်ပုံလည်းဖြစ်နိုင်ပါသည်။

www.burmeseclassic.com

**ဒေါက်** ဒေါက်ဒေါက်. . . ဒေါက်ဒေါက်ဒေါက်. . . ”

တစ်ယောက်တည်းအလုပ်ရှုပ်နေတုန်း အိမ်တံခါးခေါက်သံကြား၍စိတ်ညစ်သွားရသည်။ ထို့ကြောင့်. . .။

“လာပြီ”

ဟု အသံပြု၍ လုပ်လက်စများသိမ်းဆည်းကာ အိမ်တံခါးကိုပြေးဖွင့်လိုက်သည်။

“ဟင်”

အိမ်တံခါးဝတွင် လုံးဝထင်မှတ်မထားသောသူမကိုတွေ့တော့ သူအံ့အားသင့်သွားရသည်။ သူမက သူ့ကိုဂရုမစိုက် ဘဲအိမ်ထဲကျော်ဝင်လိုက်သည်။ ပြီးနောက် အိမ်ခန်းထဲဟိုကြည့်ဒီကြည့်နှင့်လုပ်ပြီး . . .

“နင့်အိမ်ကလည်း ရှုပ်ယှက်ခပ်နေတာပဲဟယ်. . . ဘာတွေမှန်းလည်းမသိဘူး. . . ”

www.burmeseclassic.com



ဟုဆို၍ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်လုပ်နေသည်။ ပြီးနောက် စားပွဲပေါ်တွင်တင်ထားသော ဆေးပုလင်းများကို 'စွပ်' ခနဲကိုင်ကြည့်ပြီး. . .

"ဒါတွေက ဘာတွေလဲ. ."

"ဟော့ဟော့. . . အရမ်းမကိုင်နဲ့လေ. . . "

သူအလန့်တကြားအော်မိသည်။ သူမကိုင်ထားသည့်ပုလင်းက အနံ့ပြင်း သောခွဲစိတ်ဆောင်သုံးမေ့ဆေးပုလင်း။ သူမသူ့ကိုဝေ့ကြည့်ပြီး ခပ်တည်တည် နှင့်ပြန်ချလိုက်သည်။ နောက် စားပွဲခုံအောက်ငုံ့ကြည့်လိုက် နံရံကိုမော့ကြည့်လိုက် လုပ်နေပြန်သည်။ သူမ၏အပြုအမူကြောင့် သူလည်း မသက်မသာဖြစ်သွားပြီး. . .

"နင် ဘာလာရှာနေတာလဲ. . ."

သူမသူ့ကိုတစ်ချက်ဝေ့ကြည့်သည်။ နောက် ဘာမှမဟုတ်သလို ဟန်မျိုးနဲ့. . .

"ဟဲ့. . အသိအိမ်အသစ်ကိုရောက်လာတဲ့ဧည့်သည်တို့ ဘာသာ ဘာဝစပ်စုရတာပေါ့ဟ. . . ဘာမှမရှာပါဘူး. . ."

ဟုဆိုပြီး အိမ်အနောက်ဘက်လျှောက်သွားပြန်သည်။

"ရှုပ်ပွနေတာပဲဟယ်. . . နင့်မိန်းမကမ ရှင်းပေးဘူးလား. . ."

သူမ၏စကားကို သူရှက်ကိုးရှက်ကန်းနဲ့ခေါင်းကုတ်လိုက်ပြီး. . .

"ဟာ. . . ငါ့မှာမှ မိန်းမမရှိတာ. . ."

"အော်. . . ထင်တော့ထင်သား. . . နင့်ပုံနဲ့က. . ."

သူမလှည့်မကြည့်ပါ။ ရေခဲသေတ္တာကိုဖွင့်ပြီး အသေအချာ လိုက်ကြည့်သည်။ ပြီးနောက် အချိုရည်ဗူးတစ်ဗူးကိုဆွဲယူပြီး . . .

"ငါက ဟိုတစ်နေ့က နင့်အိမ်ဝရန်တာမှာ ထဘီတွေလှန်းထား တာတွေ့ လို့ မိန်းမရှိနေတယ်မှတ်တာ. . ."

"ဟာ. . . လုံချည်ပါကွာ. . ."

"ဟီးဟီးဟီး. . . အေး. . . ထင်တော့ထင်သားနင့်ပုံနဲ့က ဟီးဟီး. ."

www.burmeseclassic.com



သူမရယ်ပါသည်။ အချိုရည်ဗူးကိုမဖွင့်သေးဘဲ ခပ်တည်တည်နှင့်ဟို လျှောက်ကြည့်ဒီလျှောက်ကြည့်လုပ်နေသည်။ သူမျက်မှောင်ကြုတ်၍. . .

"နင်ဘာလိုက်ရှာနေတာလဲ. . ."

သူမခန္ဓာကိုယ်ကို ပြန်လျှော့ချလိုက်ပြီး. . .

"ဘာမှမဟုတ်ပါဘူးဟာ. . . အဲ. . . နင်ပြောတဲ့ ဆင်တောင်တုန်းခနဲ လဲတယ်ဆိုတဲ့ မေ့ဆေးအပ်ကဘယ်ဟာလဲ. . ."

သူမအမေးကြောင့် သူမျက်မှောင်ကြုတ်လိုက်မိသည်။

"ဘာလုပ်ဖို့လဲ. . ."

သူမကဘာမှ အရေးမကြီးသလိုဟန်မျိုးနှင့် အချိုရည်ဗူးကို 'ဖောက်' ခနဲဖောက်ပြီး . . .

"ဘာရယ်မဟုတ်ပါဘူး မြင်ဖူးတယ်ရှိအောင်ကြည့်ထားချင်လို့"

သူဘာမှဆက်မမေးဖြစ်။ မေ့ဆေးအပ်ထည့်ထားသော ဗူးရှိရာဘီရိုကိုဖွင့်၍ ထိုအပ်ကိုယူပြလိုက်သည်။ ထိုအပ်ကလေးကို သူသေချာကြည့်သည်။ အပ်မှာတစ်ခါသုံးဆေးရည်ပုလင်းလေးနှင့်တွဲလျက် ရယ်ဒီမိတ်အပ်ကလေးဖြစ်သည်။ ထိုအပ်ကလေး၏နောက်ဆုံးတွင် အပ်ကိုပဲ့ထိန်းပေးရန်ငှက်မွေးများပါရှိသည်။ ထိုအပ်ကလေးဘေး တွင်ရှိသော ဝါးပြောင်းကလေးကိုယူကာ. . .။

"ဒါကရော ဘာလုပ်တာတုံး. . ."

"ဒါက. . . အပ်ကိုဒီဝါးပြောင်းထဲထည့်ပြီး မှုတ်ရတာ. . ."

"သြော်"

သူမအတော်စိတ်ဝင်စားနေပုံရသည်။ ဝါးပြောင်းကလေးကိုချောင်း ကြည့်သည်။ ပြီးတော့ သူ့နှုတ်ခမ်းနဲ့တေ့ပြီး မှုတ်ကြည့်သည်။ ပြီးနောက်. . .

"ဒီဟာလေး ငါ့ကိုခဏလောက်ငှားလို့ရမလား. . ."

သူမစကားကြောင့် သူမျက်လုံးပြူးသွားသည်။

"ဟ. . ရမလားဟ. . . ဒါက တောထဲတောင်ထဲမှာမှ သုံးရ

www.burmeseclassic.com



တာ. . .”

သူမဝါးပြောင်းကိုကိုင်ပြီး ခပ်တည်တည်သူ့ကိုကြည့်သည်။ နောက် ထို အပ်ကလေးထောင်ပြပြီး. . .

“ဒါလေးရောငါ့ကိုခဏငှားမလား. . .”

သူမစကားကြောင့် သူမျက်လုံးပြူးသွားပြီး. . .

“ဘာလုပ်ဖို့လဲ. . .”

သူ့အမေးကို သူမတစ်ဖက်လှည့်သွားကာ. . .

“အလုပ်ရှိလို့ပေါ့ဟ. . .”

“ဘာအလုပ်လဲ. .”

“နင့်ကိုပြောပြလို့မဖြစ်ဘူး”

သူ့စကားကို သူမကချက်ချင်းတုံ့ပြန်သည်။ သူလည်း ထိုအပ်က လေးကို ချက်ချင်းပြန်ဆွဲယူလိုက်ပြီး. . .

“မပေးဘူး”

ဟုဆို၍ အပ်ကလေးနဲ့ဝါးပြောင်းကိုသူမလက်ထဲမှ ဆွဲယူလိုက်ပြီး ဗူးလေးထဲပြန်ထည့်ကာပိတ်ထားလိုက်သည်။ ပြီးနောက် သူ့နေရာသူပြန် ထားလိုက်သည်။ သူမကတော့ မကျေနပ်၍ထင့်။ နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ကာသူ့ကိုမိုက်ကြည့်ကြည့်နေသည်။ သူလည်းခပ်တည်တည် နဲ့ပြန်ကြည့် လိုက်သည်။ နှစ် ယောက်သားမျက်လုံးချင်း အတော်ကြာကြာဆုံဖြစ်ကြ၏။ အတန်ကြာမှ သူမရုပ် ချက်ချင်းပြောင်းကာ နှာခေါင်းကို တရှုံ့ရှုံ့လုပ်ပြီး. . .

“ဟဲ့. . . နင်. . . နောက်ဖေးမှာ ဘာတည်ထားတာလဲ. . . ငါ့နှာ ခေါင်းထဲတူးနံ့ရတယ်. . .”

သူမစကားကြောင့် သူမျက်မှောင်ကြုတ်မိပြီး. . .

“ဟင့်အင်း. . . ဘာမှမတည်ထားပါဘူး. . .”

“ဟဲ့. . . တည်ထားလို့တူးနံ့ရတာပေါ့. . . သွားကြည့်စမ်းပါ ဦး. . တော် ကြာတစ်အိမ်လုံးပါမီးလောင်သွားပါဦးမယ်. .”

သူမစကားကြောင့် သူမီးဖိုထဲကမန်းကတမ်းပြေးဝင်မိသည်။

www.burmeseclassic.com



နောက် မီးဖိုကိုသွားကြည့်သည်။ မီးဖိုပေါ် ခေါက်ဆွဲပြုတ်အိုးတင်ထားသည်။ သို့သော် မီးဖွင့်မထား။ အိုးကိုမပြီး မီးဖိုကိုစမ်းကြည့်သည်။ ဘာအပူငွေ့မှမရှိ။ ထို့ကြောင့် သူအိမ်ရှေ့ပြန်ထွက်လိုက်ပြီး. . .

"ဘာမှ. . ဟင်"

သူမကိုမတွေ့ရတော့။ ရုတ်တရက်သူမဘယ်ကိုပျောက်သွားသည်ကို မစဉ်းစားတတ်။ နောက်မှ သူမအကြံကိုရိပ်မိပြီး မော့ဆေးအပ်ထားသည့်နေရာသို့ ကမန်းကတမ်းကြည့်လိုက်မိသည်။

"ဟာ"

မော့ဆေးအပ်ဗူးမရှိတော့။ အိမ်ရှေ့ကဝရန်တာသို့ပြေးထွက်ပြီး အောက် ကိုငုံ့ကြည့်လိုက်တော့. . .

မော့ဆေးဗူးပိုက်၍ ကားထဲသို့ခပ်သော့သော့ဝင်ပြေးသွားသော သူမ။

"ဟေ့ဟေ့. . . ဟာ. . ဟေ့. . နေဦး. . နေဦး. . . "

သူအလန့်တကြားအော်ပြီး လှေကားအတိုင်းကမန်း ကတမ်းပြေးဆင်းသည်။ သူမကတော့. . .

သူ့အော်သံကိုဂရုမစိုက်ဘဲ ကားစက်ကိုဝူးခနဲနှိုးပြီး သူ့ကိုလက်တစ်ဖက် ထုတ်၍ တာ့တာပြကာ ကားကိုမှုန်နေအောင်မောင်းထွက်သွားလေသည်။ သူလည်းဘာမှမတတ်နိုင်တော့။ ပြေးလိုက်၍လည်းမီတော့မည်မဟုတ်။

"တောက်. . . ပါသွားပြီ. . . ပါသွားပြန်ပြီ. . . ဘာတွေဂျိုကျဦးမလည်းမသိဘူး. . . ဟင်း. . . "

မကျေမနပ် ရေရွတ်ရုံသာရှိတော့သည်။ ဘာမှမတတ်နိုင်တော့။ တော် ယုံတန်ယုံဆိုလိုက်ရှာ၍ရသေး၏။ ယခုတော့ သူ့အဖြစ်က သူမတစ်ယောက်ထဲမှ လွဲ၍ သူမရဲ့အိမ်လိပ်စာလေး ဖုန်းနံပါတ်လေးကအစ ဘာမှမသိခဲ့ရခြင်းပင်။ သို့သော် မျှော်လင့်ချက်တော့ရှိသည်။ သူအလျင်အမြန် အဝတ်အစားလဲ၍ ထိုနေရာသို့. . . ။

www.burmeseclassic.com

BURMESE CLASSIC .com

မှန်ပေသည်။ သူ၏တွေးဆချက်မှန်ပေသည်။ သူရောက်သွားချိန်တွင် သူမက မျိုးမြင့်ထွန်းဆိုသောသူ့အမျိုးသား ဟောင်း၏ခြံတံခါးကို ကျော်တက်ဖို့လုပ်နေပြီ။ သူ့ခါးကြားမှာလည်း သူ့ထံမှယူသွားသော မေ့ဆေးဗူးကို ထိုးထည့်ထား၏။ သူမဘာဆက်လုပ်မည်ကိုသိချင်၍ သူ အသာလေးငြိမ်ကြည့်နေ လိုက်သည်။

ဟိုစုံတွဲကတော့ခြံထဲတွင်ကြည်နူးစွာထိုင်နေကြသည်။

သူမကသာ ဘယ်သူမှမမြင်နိုင်တဲ့ ပန်းခြုံနဘေးမှနေ၍ ခြံစည်းရိုးပေါ် ကျော်တက်နေပြီ။ သို့သော် သူစီးထားသောဒေါက်ဖိနပ်၊ ဝတ်ဆင်ထားသောထဘီစကပ်အကြပ်ကြောင့် ဘယ်လိုမှကျော်တက်မရနိုင်ဖြစ်နေသည်။ သူမအောက်ပြန်ဆင်းလိုက်ပြီး. . .

ဒေါက်ဖိနပ်ချွတ်လိုက်သည်။ ပြီးနောက် စလင်းဘက်ကိုချွတ်၍ ချထားလိုက်သည်။ ခါးကြားမှပြောင်းကိုစမ်းသည်။ နောက် ထဘီကိုမ၍ခြံ

www.burmeseclassic.com



စည်းပေါ်သို့ 'ယစ်' ခနဲညာသံပေး၍ကုပ်ကပ်တက်လိုက်သည်။

သူမ၏ပုံမှာ ရန်သူပေါင်းမြောက်မြားစွာကို သေသေကျေကျေ တိုက်ခိုက် မည့် ကွန်မန်ဒိုပုံမျိုးဖြစ်နေသည်။ ရှပ်တည်ကြီးနဲ့ 'အီစ်အီစ်' အသံပေးကာခြံစည်း ရိုးပေါ်ကုပ်တက်နေသည်။ သူ့လက်ကခြံစည်းရိုး အပေါ်သို့ မမီနိုင်သေး။ အံကြိတ်ကြိတ်ကာ မရရအောင်တွယ်တက်နေ သည်။ တစ်ကိုယ်လုံးလည်းဇောချွေးများရွှဲနစ် နေသည်။ ခြေထောက်နှစ် ဖက်ကလည်း ပြုတ်မကျနိုင်အောင် အုတ်နံရံကိုအသေ အကျေကျားကန် ထားရ၏။ ဖတ်ခနဲလက်တစ်ဖက်ကို ခြံစည်းရိုး ပေါ်မြှောက်တင်လိုက် သည်။ ပြီးမှ ထိုလက်အားနှင့်ပင်ခြံစည်းရိုးပေါ်ကုတ်တက်လိုက်သည်။

ရပြီ။ ဟိုဘက်ခြံထဲကိုသူ့ခေါင်းကကျော်မြင်ရပြီ။ ခြေနှစ်ဖက်က လေထဲတွဲလဲ။ ဟိုအတွဲကတော့ သူ့ကိုမမြင်သေး။ သူတို့ဖာသာသူတို့ ကြည်နူးစွာစကား တွေဖောင်ဖွဲ့နေသည်။

"ဟားဟားဟားဟား. . . နာဖို့သာပြင်ပေတော့. . ."

သူမ၏ရယ်သံတိုးတိုး။ နောက် ခါးကြားတွင်ဆောင်ထားသောဝါး ပြောင်းကိုလက်တစ်ဖက်နှင့်ဆွဲထုတ်လိုက်သည်။ အုတ်နံရံစွန်းကို တံတောင် တစ် ဖက်နဲ့သာခေါက်တင်ပြီး ကြိုတင်ယူဆောင်လာသော မေ့ဆေးအပ်ကို ခါးကြားမှဆွဲထုတ်ကာပြောင်းထဲ ထည့်လိုက်သည်။ နောက် ဆတ်ခနဲဟိုစုံတွဲ ဆီဝါးပြောင်း ထိုးချိန်လိုက်သည်။

"ဟီးဟီးဟီး. . . တွေ့ကြပြီပေါ့. . ."

သူမ၏ဝမ်းသာအားရရယ်သံ။ သူမတကယ်လုပ်တော့မည်။ ထိုတော့ မှ သူလည်းလန့်သွားကာ . . .

"ဟိတ်ဘာလုပ်တာလဲ. . ."

ကျယ်လောင်သောသူ့အော်သံကြောင့် သူမတုန်တက်သွားသည်။ ဆတ် ခနဲ အနောက်ဘက်လှည့်ကြည့်လိုက်ရာ. . .

"အား"

သူမ၏ ခန္ဓာကိုယ်ကိုမထိန်းနိုင်ဘဲ ဝါးပြောင်းကြီးကိုင်ကာ အနောက် ဘက်သို့ 'အုန်း' ခနဲလန်ကျသွားလေသည်။

www.burmeseclassic.com



"ဖုန်း. . ."

"အွန့်. . ."

အသံကသိပ်မကျယ်ပါ။ ကတ္တရာလမ်းမပေါ် ဖင်ထိုင်ရက်ငုတ်တုတ်ကြီးဖြစ်နေ၏။ နောက်မှ အနောက်ဘက်သို့ တဖြည်းဖြည်းလန်ကျသွားပြီး. . .

"အောင်မလေးကျိုးပါပြီအမေရဲ့. . ."

သူမ၏ငယ်သံပါအောင်အော်သံကြောင့် သူလည်းလန့်သွားပြီး. . .

"မေထူးချွန်. . ."

သူ၏အလန့်တကြားအော်သံ။ သူမလှည့်မကြည့်နိုင်တော့။ ဝါးပြောင်း ကြီးကျစ်ကျစ်ပါအောင်ဆုပ်ကာ အံ့ကြီးကြိတ်ပြီး အတောင့်လိုက်ကြီးငုတ်တုတ်မေ့ နေသည်။

ခြံထဲလှမ်းကြည့်လိုက်တော့ ဟိုစုံတွဲကဘာဆိုဘာမှမသိဘဲ ကြည်နူးစွာ တီတီတာတာပြောနေတုန်း။

www.burmeseclassic.com

# ဝါး . .

သူမ၏သံကုန်ခြစ်ငိုသံ။

“ဝါး”

“ကိုယ့်ဖာသာကိုယ် လက်စားချေဖို့ဟာကို အဖျက်သမားနဲ့လာတွေ့နေရ တယ်လို့ . ဝါး. . . နို့မဟုတ်ရင် ဆေးရုံရောက်ရမှာ ဟိုကောင်မဖြစ်နေရမယ် . . အခုတော့ အခုတော့. . . ရှူ. . . ငါက အလကားနေရင်း ဓါးစာခံဖြစ်ရတယ် လို့ ဝါး. . . ”

သူဆေးရုံရောက်ချိန်တွင် သူမကလက်တစ်ဖက်အချိုးရည်ဗူး၊ လက်တစ် ဖက်က ပေါင်မုန့်အတောင့်ကို ခေါးသန်လျက်ဆွဲသလို ပိုင်ပိုင်နိုင်နိုင်ကြီးဆွဲကိုင်ထား ပြီး မှောက်လျှက်ကြီးငိုငိုပြီးဝါးနေသည်။

အုတ်နံရံမှပြုတ်ကျပြီး တင်ပါးရိုးအက်သွားသည့်အတွက် တင်ပါးတစ် ဝိုက်ကျောက်ပတ်တီးစီးထားရသည့်အပြင် ပက်လက်နေ၍

www.burmeseclassic.com



မရဘဲမှောက်ခုံကြီးကိုမှ ဗိုက်အောက်ကခေါင်းအုံးခုကာ ကုန်းကုန်းကြီး နေနေရသည်။ သူမ၏နဘေးမှာလည်း သူမ၏အမေနှင့်သူမ ၏ညီမတို့ ရှိနေသည်။ အခု လည်းသူမ၏ညီမကိုတိုင် တည်ပြီးပြောနေခြင်းဖြစ်သည်။ သူမညီလက်ထဲ၌သစ်သားပေတံကိုင်ထား၏။

"ဟီး. . ငါ့လက်ဘယ်လောက်တည့်တယ်ဆိုတာ နင်သိတယ်. . ငါက အဲဒီကောင်မရဲ့တင်ပါးပြားပြားကြီးကို တည့်တည့်ချိန်ထား ပြီးသား. . အဟင့်. . . ထိလို့ကတော့ နှစ်ရက်လောက်ထနိုင်မှာမဟုတ်ဘူး. . . လို့. . . ဟီး. . . ထင်ထားတာ. . ထင်ထားတာ. . . ဂလု. . . အဟင့်. . ဂလု ဂလု. ."

ပြောလည်းပြော အချိုရည်လည်းသောက်လိုက်သေး။ နောက် ပေါင်မုန့် အတောင့်ကြီးကို စွပ်ခနဲကိုက်ပြီး စကားကိုဆက်ပြန်သည်။

"ဒီအပ်က ဆင်တောင်. . ."

"ဟယ်. . . နားငြီးတယ်. . ကဲဟာ. . ."

"ဖောက်"

"အောင်မလေးသေပါပြီဗျ. . ."

သူ့ညီမက နားငြီးလာ၍ထင့်။ သူမ၏ဒဏ်ရာရထားသောတင် ပါးကို သူ့လက်ထဲကိုင်ထားသော သစ်သားပေတံနှင့် ခပ်ဆတ် ဆတ်ရိုက်သည်။

"မသွေးနီနော် ငါနာတယ်. . . ငါကောင်းနေရင်နင်မလွယ် ဘူးမှတ်. . . အဟီး. . ဟီး. . ."

သူ့စကားကို သူ့ညီမမသွေးနီက ခပ်ဟဟရယ်လိုက်ပြီး. . .

"ဟားဟားဟား. . . ဘာကောင်းလာရင်လဲ. . . ဘာကောင်း လာရင်လဲ. . . နင့်ကိုတစ်သက်လုံးပေးမကောင်းဘူး. . . နင်ကောင်းနေ တုန်းကငါ့ကို အနိုင်ကျင့်ထားတာမှတ်မိလား. . ."

သူမကပါးစပ်ထဲပေါင်မုန့်အပြည့်နှင့် မျက်ရည်တွေတွေကျရင်း. .

"ငါဘယ်မှာအနိုင်ကျင့်လို့လဲ နင့်ကို. . ."

"အော်. . အနိုင်မကျင့်ဘူးဟုတ်လား. . . ညဘက်ညဘက်

www.burmeseclassic.com



ငါ့ကိုခုတင် ပေါ်ကကန်ချတာဘယ်သူလဲ. . . ”

“ဖောက်”

“အား”

သူ့ညီမက ပြောပြောပြီး ပေတံနှင့်ခပ်ဆတ်ဆတ်ရိုက်သည်။ ရိုက်တာက ဖြည်းဖြည်းပါ ဒါကိုသူမကခါးပါကော့ပြီး ငယ်သံပါအောင်အော်သည်။ ပြီးတော့ ပါးစပ်ထဲက ပေါင်မုန့်ကို အချိုရည်နှင့် ‘ဂလု’ ခနဲမျှောချပြီး အသံပြဲကြီးနဲ့ . . .

“အမေ. . . အမေ့သမီး သမီးကိုအနိုင်ကျင့်နေတာ မပြောတော့ဘူး လား. . . ဟီး. . ”

ဟုဆို၍ သူ့အမေကိုလှည့်တိုင်သည်။ ဒါကို သူ့အမေကပါ သူမ၏တင် ပါးကို ခပ်ဆတ်ဆတ် ‘ဖတ်’ ခနဲရိုက်လိုက်သည်။

“အား”

သူမ၏အာခေါင်ခြစ်အော်သံ။

“ဘယ်မှာအနိုင်ကျင့်လို့လဲဗျ. . . ဘာအနိုင်ကျင့်တာလဲ. . . ဘာအနိုင်ကျင့်တာလဲ. . . နင်ကောင်းနေတုန်းက ဗလအားကိုးနဲ့ကလေးကိုဗိုလ် ကျထားတာလေ. . . ”

“နှစ်ယောက်အတူအိမ်ထဲအဝင် ဘေးကရေမြောင်း ထဲမသိမသာ တွန်းချတာဘယ်သူလဲ. . ငါမပြောချင်လို့ကြည့် နေတာ. . ကဲဟာ . . ”

“ဖောက်”

“အောင်မလေးအဖေရေ့ ဒီသားအမိသမီးကို နှိပ်စက်နေကြတယ်”

သူမသံကုန်ခြစ်အော်သည်။ ဆေးရုံတစ်ခုလုံးသူမအော်သံဖြင့်သာ ကျွက်ကျွက်ညံနေ၏။

“အောင်မာ. . . မထနိုင်တာတောင် အဖေကိုတနေတုန်း. . နင့်အဖေ ကသူ့အလုပ်နဲ့သူ. . မလာနိုင်ဘူး ခေါ်မနေနဲ့. . ”

သူ့အမေစကားကြောင့် သူမမျက်လုံးကလယ်ကလယ်ဖြစ်သွားပြီး ငိုသံ ကြီးနှင့်. . .

www.burmeseclassic.com



"အောင်မလေးအဖေရဲ့. . . သ. . သမီးကို. . ဟီး. . တစ်အိမ်လုံးက ဝိုင်းဝိုင်းပြီးနှိပ်စက်နေကြတယ်ဗျ. . . ဟီး. . . သ. . သမီးမခံဘူး သမီးမခံဘူး. . ဟီး. . "

သူမ၏ငိုယိုပြီးပြောသောစကားကို သူမ၏အမေက. . .

"အောင်မာ. . မခံတော့ဘာလုပ်ချင်သေးလို့လဲ. . . တစ်နေကုန်ကားတဝီဝီဖံန်းတဂွမ်ဂွမ်နဲ့ လမ်းသလားချင်တိုင်းသလား နေတဲ့လူကများ. . ."

"ဒါသမီးကို အဖေဝယ်ပေးထားတာပဲ ဘာဖြစ်လဲ. . ကိုယ့်အဖေဝယ် ပေးထားတာပဲစီးမှာပဲ. . . ဂွမ်မှာပဲ. . ."

"ဟင်. . . အဲ. . ဒါနင့်တစ်ယောက်တည်းအတွက်ဝယ် ပေးထားတာလားနင်နဲ့မသွေးနီနှစ်ယောက်လုံးအတွက်ဝယ်ပေးထားတာ. . . အဲဒါနင်တစ်ယောက်တည်းမောင်ပိုင်စီးထားပြီး. . ."

"ဖောက်"

"အောင်မလေးပါတော့. . . အောင်မလေးပါ. . ဟားဟားဟီး ဟီး. . ."

"မအော်နဲ့. . ငါထပ်လုပ်လိုက်ရ. . . ကဲဟယ်. . . "

"ဖောက်"

"အား. . . မအော်လို့ဖြစ်မလားဗျ. . . အမေကနာနေ တဲ့နေရာကိုမှ လာလာရိုက်တာ. . ဟီးဟီးဟီး. . . သားသမီးမွေးထားပြီးနှိတ်စက်တယ်. . . ဟီးဟီး. . . ရှတ်. . . "

"အောင်မာ အောင်မာ. . . လက်ဖျားလေးနဲ့ထိယုံလေးကို နှိပ်စက်တယ်တဲ့. . . နင်သူများကိုဒုက္ခလိုက်ပေးနေတုန်းကကောင်းတယ်ဟုတ်လားကဲ. . . "

"ဖောက်"

"အောင်မလေး. . ပုတုတွေကြွကုန်ပါပြီဗျ. . ဟီး. . . သမီးကဘယ်သူ့ကိုဒုက္ခပေးနေလို့လဲ. . ဟီး. . သူတို့ကပဲသမီးကိုဒုက္ခပေးနေကြပြီးတော့. . . ဟဲ့. . မသွေးနီ. . ငါ့ကိုနောက်ထပ်ပေါင်မုန့်တစ်

www.burmeseclassic.com



တောင့်လှမ်းပေးစမ်းဟီး ဟီး. . . "

ပြောလည်းပြောဝိုလည်းငိုပြီး သူညီမဆီပေါင်မုန့်လှမ်းတောင်း၏။ ပါးစပ်ကလည်းဝါးနေတုန်း. . .။

"ရော့. . ဒီမှာပေါင်မုန့်. . . ပြောမနေပါတော့နဲ့အမေရာ. . . သူကလိပ်ကျောကုန်းထက်တောင် အကြောမာတာ. . . ပြောနေလည်းနားဝင်မှာမဟုတ်ဘူး. . . ခုသူအိမ်မှာမရှိတာကိုပိုကျေးဇူးကြီး လှပါပြီ. . . သူမရှိတုန်းအိမ်မှာ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်ပြန်နေကြတာပေါ့"

ဟုဆို၍လှည့်အထွက် ရပ်နေသောသူ့ကိုတွေ့ပြီး. . .

"အော်. . . ဟိုအစ်ကိုရောက်နေတာကိုး. . . ဒီမှာလေအစ်ကို့သူငယ် ချင်းဖားခုံညင်းမှောက်ခုံကြီး . . . "

ဟုဆို၍ သူ့ကိုမြင်ပြီးနှုတ်ဆက်သည်။ ဒါကို မေထူးချွန်ကပေါင်မုန့်ကိုက်ထားလျက် ဆတ်ခနဲလှည့်ကြည့်ကာ . . .

"ဝါး. . . လာပြန်ပြီအဖျက်သမားတစ်ယောက် ဒင်းကြောင့်ငါ့တင်ပါး ရိုးကျိုးတာ. . . ဝါး. . . "

ဟု သံကုန်ခြစ်ငိုပြန်သည်။ ဒါကို သူမ၏အမေက. . .

"အောင်မာအောင်မာ. . . သူ့ကြောင့် နင်ကံကောင်းသွားတယ်မှတ် နောက်မဟုတ်ရင် ခုချိန်နင်အချုပ်ထဲရောက်နေပြီ. . . "

"ရောက်ရောက်ပေါ့ဗျ. . . ကိုယ့်ဖာသာ ကိုယ်လုပ်တာကိုယ့်ဖာသာကိုယ်ဘယ်ရောက်ရောက်ပေါ့. . . အချုပ်ထဲရောက်ရင်တောင် အခုချိန် မေထူးချွန်တို့ဒူးနှံ့ပြီးပြီးစားမြုံ့ပြန်နေပြီ. . . ဟီး. . . အခုတော့တင်ပါးကျိုးနေလို့ ဒူးနံ့ဖို့မပြောနဲ့ လှုပ်တောင်လှုပ်နိုင်ဘူး. . . အစားသောက်တွေလည်းပျက်လိုက်တာ ပြောမနေပါနဲ့. . . . "

သူမစကားကို သူမ၏အမေက ခါးထောက်လိုက်ပြီး . . .

"အစားအသောက်ပျက်တယ်ဟုတ်လား ပါးစပ်ထဲကဟာကုန်အောင် ဝါးပါဦး. . . "

"ဒါက. . ဒေါသထွက်လို့ဝါးနေတာဗျ. . ဝါးချင်လို့ဝါးနေတာမဟုတ်ဘူး . . ဂလု. . . . အချိုရည်တစ်ဗူးကမ်းပေးဦး ဒီမှာကုန်နေပြီ. . . "

www.burmeseclassic.com



သူမက အချိုရည်လှမ်းတောင်းသည်။ သူကပင်အချိုရည်ဗူးကိုကမ်းပေးလိုက်သည်။ ဒါကိုသူမအမေက . . .

"ကဲသားရေ. . . သားသူငယ်ချင်းကို ဆက်ပြီးနားချလိုက်ပါဦး အန်တီတို့ကတော့ သူ့ကိုပြောမနိုင်တော့ဘူး. . နားလည်းငြီးလှပြီ. . "

ဟုဆိုလိုက်ရာ သူမက. . .။

"ပြောမနိုင်လဲနေ. . . ဘယ်သူမှလာပြောနေစရာမလိုဘူး။မေထူးချွန်တဲ့ တစ်ချွန်ထဲရှိတယ်။ နှစ်ချွန်ရှိရင်ကျောက်စက်နဲ့ တုန်းပစ်မယ်. . . "

ဆိုပြီးထအော်သည်။ ဒါကို သူမ၏မိခင်က. . .

"ကဲ. . . မြင်တဲ့အတိုင်းပဲ သားပဲကြည့်ပြီးပြောပေတော့. . . "

ဟုဆိုပြီ မေထူးချွန်၏တင်ပါးကိုဖတ်ခနဲပုတ်ခါ. . .။

"ဟဲ့. . . သွားပြီနော် ကောင်းကောင်းနေခဲ့. . . "

"အား. . . "

တင်ပါးကိုထိလိုက်တိုင်း သူမ၏သံကုန်ခြစ်အော်သံ။ ဒါကိုသူ့ညီမကပါ ဝမ်းသာအားရပြုံးပြီး. . . .

"အစ်မ. . . ငါလည်းသွားပြီ. . . "

"ဖတ်"

"အား. . အားလားလား. . . သေပါပြီပုတုတွေလည်းကြွချင်တဲ့နေရာကြွကုန်ပြီ. . . "

ဟုအော်ပြန်သည်။ သူကသာသူမရှေ့ထိုင်ခုံတစ်လုံးယူ၍ဆွဲထိုင်လိုက်သည်။ သူမသူ့ကိုမကြည့်။ မျက်ရည်တစ်ဝိုင်းဝိုင်းနဲ့ပေါင်မုန့်စားလိုက်၊ အချိုရည်သောက်လိုက်လုပ်နေသည်။

"မေထူးချွန်. . . ငါ့ပြောင်းရော. . . "

သူမလှည့်မကြည့်ပါ။ သူ့ဖာသာသူမျက်ရည်တရွှဲရွှဲနဲ့ မုန့်တွေနင်းကန်ဝါး နေသည်။

"နင်သူများကို ဒီလောက်ဒုက္ခပေးရတော်ရော ပေါ့ဟာ. . ငါ့ပြောင်းပြန် ပေးတော့. . . "

သူမလှည့်ပင်မကြည့် မုန့်တွေစားလိုက် မျက်ရည်သုတ်လိုက်နဲ့

www.burmeseclassic.com



လုပ်နေ သည်။ ရှုခနဲရှုခနဲ နှပ်ကလည်းရှုံ့သေး၏။ သူလည်းမနေနိုင်တော့ပဲ သူမ၏ကုတင်အောက်ဝေ့ရှာလိုက်သည်။ ထိုတော့မှသူမက လက်နှင့်ကာ ရင်း. . .

“ဟော့ကောင်. . . ငါ့ကုတင်အောက်ဟိုကြည့်ဒီကြည့်နဲ့ဘာလုပ်တာလည်း . . . နာချင်လို့လား. . .”

“မနာချင်ဘူး. . ငါ့ပြောင်းကိုငါ့ပြန်ပေးရင်ပြီးရော. . .”

“မရှိတော့ဘူး. . . ဟိုနေ့ကဖင်ညောင့်ရှိးနာနာနဲ့ဘယ်မှာကျကျန်ခဲ့မှန်းမသိဘူး. . .”

သူမကလက်ကာပြပြီး ခပ်တည်တည်ပြောသည်။ သူကမျက်မှောင် ကြုတ်ပြီး. . .

“သေချာရဲ့လား. . .”

“သေချာတယ်. . နင့်ကိုညာပြောလို့ကိုက်ဆံရမှာမို့လား. .”

သူမကခပ်မြန်မြန်ပြန်ပြောသည်။ သူလည်းဘာမှဆက်ပြောစရာမရှိ တော့. . .

“ဒါဆိုလည်းငါပြန်မယ်. . .”

“ဒါဖြင့်ဒီလိုလုပ်လိုက်ပါလား. . .”

ချက်ချင်းပြန်ပြောသောသူမစကားကြောင့် သူလည်းကြောင်သွားပြီး. . .

“ဟင်. . . ဘယ်လိုလုပ်ရမှာလဲ. . .”

“လစ်ချင်လည်း. . . လစ်လိုက်တော့. . .”

သူမကချက်ချင်းတုံ့ပြန်လိုက်သည်။ သူ သူမကိုမိုက်ကြည့်ကြည့်၍ထရပ်လိုက်သည်။ သူမကတော့ ဂရုမစိုက်ဟန်နဲ့ မျက်ရည်တစ်ဝိုင်းဝိုင်းဖြင့်သာ မုန့်တွေကိုသာလှိမ့်ဝါးနေသည်။ အနောက်ခြေထောက်နှစ်ချောင်းကို ခြေဖျား ထောက် ကာတလှုပ်လှုပ်လုပ်နေသည်။ သူဘာမှဆက်မပြောတော့၊ အခန်းပြင်သို့ သာလှည့်ထွက်လိုက်သည်။ သူအခန်းတံခါးဝရောက်သည်နှင့်. . .

“အား. . .”

www.burmeseclassic.com



သူမသံကုန်ခြစ်အော်သံ။ လှည့်ကြည့်လိုက်တော့ မှုတ်ပြောင်းကြီး ပါးစပ်မှာတတ်၍ မျက်လုံးကြီးပြူးပြီးငြိမ်နေသည်။ ကြည့်ရတာသူလှည့် အထွက်မှာသူ့ကို မှုတ်ပြောင်းနဲ့မှုတ်ရန်ကြံစည်ပုံရသည်။ သို့သော် သူ့ဘက် သို့ကမန်း ကတမ်းလှည့်ပြီး သူ့ကိုမှုတ်ပြောင်းနဲ့မှုတ်မည်အလုပ် ကျိုးထား သောခါးကလိမ်ပြီး ကိုးယိုးကားယား ဖြစ်နေသည်။

"အား. . လုပ်ကြပါဦး. . လုပ်ကြပါဦး. . . ဒီမှာကျိုးကျိုး. . အား. . . ကယ်တော်မူကြပါဗျို့. . . "

သူမကသူ့ကိုလက်ယပ်ခေါ်ရင်း အကူအညီတောင်းသည်။ ခါးက လိမ် ပြီးယက်ကန်ယက်ကန်ဖြစ်နေသည်။ သူလှည့်ပင်မကြည့်။ နေပါစေဒီ လောက်ဆိုးတဲ့မိန်းကလေးခံရတာနည်းတောင်နည်းသေးတယ်။

"အောင်မလေး. . . ဒီလိုပဲစိန်ပြေနပြေကြည့်နေကြတော့ မှာလား အရပ်ကတို့ရဲ့ ကယ်တော်မူကြပါဦး. . . "

သူမကမှုတ်ပြောင်းကြီးပါးစပ်မှာကိုက်၍ ဗလုံးဗထွေးနှင့် သံကုန် ခြစ် အော်နေတုန်း. . ။

www.burmeseclassic.com

သူမသည်တစ်ဖက်သားကို ပျော်စေပျက်စေဒုက္ခပေးရမည်ဆို လျှင် ပထမတန်းစားထဲကဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် ပေါက်က ရလည်းအလွန် တွေးနိုင်သည်။ ဆိုပါစို့။ သူမနှင့်လမ်းအတူတွဲလျှောက်ရင် လမ်းဘေးမြောင်းထဲကျ အောင် ပခုံးချင်းကြိတ်တွန်းတတ်သည်။ အပေါ် မော့ကြည့်ဟန်နဲ့ အပေါက်ကျွံ ကျအောင်လည်း စွမ်းဆောင်နိုင်သည်။ သို့သော် တခြားလူကဘာမှမဖြစ်ဘဲ သူ့ဖာသာသူလုပ်၊ သူဖာသာပြန်ဖြစ် နေတာကများသည်။

ဖြစ်သွားရင်လည်း သူမကရုပ်တည်ကြီးနဲ့ မသိချင်ယောင်ဆောင် နေလိုက်သည်။ အကယ်၍သူမကြံစည်လိုက်၍ တခြားသူဒုက္ခရောက်သွား ခဲ့လျှင်လည်း တစ်လနှစ်ကိုးသတင်းလောက်ထိ စားမြုံ့ပြန်ဝမ်း သာနေတတ် သည်။ သို့သော် သူမသည် တခြားလူကိုလည်းပြန်မပြောပြတတ်ပါ။ သူ့ဖာ သာသူ ကြိတ်ပြီးဝမ်းသာနေတတ်သူမျိုးဖြစ်သည်။ ထိုအချိန်မျိုးမှာပင် သူမ

www.burmeseclassic.com



သည်ရုပ်အလွန်တည်ပါသည်။ ထိုကဲ့သို့ပင် သူတစ်ပါးအား ဂျောက်ချချိန်တွင်လည်းရုပ်အလွန်တည်ပါသည်။ ထိုအချိန်မျိုးတွင် ရုပ်ကရိုးရိုးတည်မဟုတ်ဘဲ စပါယ်ရှယ်တည်ဖြစ်ပါသည်။ တကယ့်ကိုစပါယ်ရှယ် တည်ဖြစ်ပါသည်။

မည်မျှတည်သည်ကို ဥပမာဆိုရသော်. . .

မြို့မှာအနေကြာပြီး မွေးရပ်ဌာနီသို့ ပြန်မရောက်သည်မှာ ကြာပြီဖြစ် သော မောင်မြသည် ကျေးတောရွာမှတက်လာသော မောင်ထယ်နှင့် အမှတ်မထင် လမ်းမှာဆုံကြသည်။ မောင်မြကဝမ်းသာအားရနှင့် . . .

"ဟာ. . . သူငယ်ချင်း မတွေ့တာတောင်အတော်ကြာသွားပြီ နေရောကောင်းရဲ့လား. . ဒါနဲ့ငါလည်းရွာကိုပြန်မရောက်တာ အတော်ကြာပြီ. . . ရွာမှာရောဘာထူးခြားသေးလဲ. . . . "

မောင်မြ၏စကားကို မောင်ထယ်က. . .

"ဘာမှမထူးခြားပါဘူး. . ပုံမှန်ပါပဲ. . . "

"ငါထင်တယ် ငါထင်တယ်. . . အရင်တိုင်းပဲအေးအေးချမ်းချမ်း ရှိလိမ့်မယ်လို့ . . . အဲ. . . ဒါနဲ့ငါတို့အိမ်ရော. . ဘာတွေများအပြောင်းအလဲဖြစ်သေးလဲ. . . "

မောင်မြစကားကို မောင်ထယ်က မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး. . .

"ဘာမှတော့ ထူးထူးခြားခြားတော့ မပြောင်းလဲပါဘူး. . . အဲ. . ဒါပေမယ့်. . . မင်းမွေးထားတဲ့ကြောင်လေးတော့ ဆုံးသွားပြီကွ. . . "

"ဟာ. . . စိတ်မကောင်းစရာပဲကွာ. . . ဒီကြောင်ငါသိပ်ချစ်တာကွ နဲ့ဘာလို့ဆုံးသွားတာလဲ"

မောင်ထယ်တစ်ချက်စဉ်းစားလိုက်ပြီး. . .

"ဘာလို့ဆုံးသွားတာလဲဆိုတော့ ဩော် မှတ်မိပြီ. . မင်းတို့အိမ်နောက်ဖေးစပါးကျည်ကြီးမီးလောင်လို့လေ. . . အဲဒီမီးထဲပါသွားတာ. . . "

မောင်ထယ်၏စကားကြောင့် မောင်မြမျက်လုံးပြူးသွားပြီး . . .

"ဘာ. . . စပါးကျည်မီးလောင်လို့ဟုတ်လား ဘာဖြစ်လို့လောင်

www.burmeseclassic.com



သွားတာတဲ့လဲ. . . ”

မောင်ထယ်ခေါင်းကုပ်စဉ်းစားလိုက်သည်။ နောက်မှ. . .

“ဘာလို့လောင်လဲဆိုတော့. . . အော်. . သိပြီမင်းအဖေနဲ့မင်းအစ်ကိုကိုချက်ဖောင်းအရက်မူးပြီး စကားများကြလို့ အဲဒါ. . . မင်းအစ်ကိုချက်ဖောင်းက စိတ်ဆိုးပြီး စပါးကျည်မီးရှို့လိုက်တာ. . . ”

“ဟာ. . . မိုက်လိုက်တဲ့ကိုချက်ဖောင်း . . . မိန်းမနှစ်ယောက်လုပ်ကျွေးနေရတာတောင်အမှတ်ရှိဘူး. . . ဒါနဲ့နေပါဦး သူတို့ကဘာကိစ္စနဲ့စကားများလို့ ဒီလောက်တောင်ဖြစ်ရတာလဲ. . . ”

“ဘာကိစ္စလဲဆိုတော့. . . ဩော်. . သိပြီ. . မင်းညီမသော်တာလေ. . . လမ်းထိပ်ကဟိုဘိန်းစားထွန်းနိုင်နဲ့လိုက်ပြေးလို့အဲဒါနဲ့နှစ်ယောက်သားစကားများပြီး စပါးကျည်ရှို့လိုက်တာ. . . ”

မောင်ထယ်၏စကားကြောင့် မောင်မြမျက်လုံးပြူးသွားပြီး. . .

“ဘာ. . . သော်တာကဟိုခွေးသခိုး အလေနတော. . အုတ်ကြားမြက်ပေါက်. . မိမစစ်ဖရှိဘိန်းစားနဲ့လိုက်ပြေးလို့. . . ဟုတ်လား. . . ဒါဆိုအမေရောအမေ. . . အမေရောဘာမှဝင်မပြောဘူးလား”

“ပြောလို့မရတော့ဘူးလေ. . . ”

မောင်ထယ်၏စကားကြောင့် မောင်မြမျက်မှောင်ကြုတ်လိုက်သည်။

“ဘာဖြစ်လို့လဲ. . . ”

“ဘာဖြစ်ရမှာလဲ. . မင်းအစ်ကိုစပါးကျည်မီးရှို့လိုက်တော့ မီးမငြိမ်းနိုင်ဘဲ မင်းတို့အိမ်ပါလောင်သွားတာ. . . ”

“ဟာ. . . အဲဒါနဲ့. . . ”

“အဲဒါနဲ့. . မီးထဲမင်းအမေပါသွားတာပေါ့. . . ဒါများရှင်းရှင်းလေး ”

“အောင်မလေးသေပါပြီအမေရဲ့. . . ဒါတောင်သူပြောတော့ဘာမှမဖြစ်ဘူးတဲ့. . . သေပါပြီဗျ. . . ဒါနဲ့. . . ဒါနဲ့နေပါဦး. . အဖေနဲ့အစ်ကိုကရော. . . ”

www.burmeseclassic.com



"မင်းအစ်ကိုချက်ဖောင်းကတော့ စပါးကျည်မီးရှို့မှုနဲ့ပဲထောင်ကျသွား ပြီလေ. . . မင်းအဖေကတော့ အဲဒီစိတ်နဲ့ရူးပြီ. . ရူးပြီ. . . "

"အောင်မလေး. . . အဖြစ်ဆိုးလှချည်လားအ ဖေရဲ့. . ဟီး. . . ဒါ. . ဒါနဲ့နေပါဦး . . . ငါ့. . . ငါ့လူမမယ်အရွယ်ညီလေးနဲ့ညီမလေးရော"

မောင်မြ၏အမေးကို မောင်ထယ်ကချက်ချင်းအဖြေမပေးပဲ ခေါင်းကုတ်စဉ်းစားလိုက်ပြီး. . .

"အော်. . . မျောက်လောင်းနှစ်ကောင်မဟုတ်လား. . . သူတို့က အေးဆေးပါပဲရွာမှာပဲ. . . "

"ဟူး. . . တော်သေးတာပေါ့. . . ကြီးတော်တွေကကြည့်ကြလား. . အဒေါ်တွေကခေါ်မွေးထားတာလား. . "

မောင်ထယ်မျက်မှောင်ကြုတ်လိုက်ပြီး . . .

"အဲဒီလိုလည်းမဟုတ်ပါဘူး. . . "

"ဟင်. . . ဒါ. . . ဒါဆို. . . "

"ဒီလိုပဲရွာထဲလှည့်ပတ်တောင်းစားနေတာ. . တစ်နေ့တစ်နေ့ အတော် ရဆိုပဲ. . . "

"အောင်မလေး သေပါပြီဗျ. . . "

"အဟုတ်ပြောတာ. . သူတို့တောင်းတဲ့သီချင်းတောင်ငါရသေးတယ်. . . ဘာတဲ့. . . "

"အစ်ကိုကြီးတို့အစ်မကြီးတို့ရေ. . ထမင်းဖိုးလေးများ ဟင်းဖိုးလေးများတစ်ကျပ်လောက်ပေးသနားပါ. . . ဒီမှာနေ့နဲ့ညနဲ့ညနဲ့နေ့နဲ့ထမင်းမစားရ သေးလို့ပါ. . ရှီရှီ. . . ရှီတဲ့. . . "

"အောင်မလေး ကျွန်တော်ရူးပြီ. . . ကျွန်တော်ရူးပြီဗျ. . . "

ထိုသို့ပင် . . . သူမသည်တခြားသူများကိုကြပ်ရာတွင် အလွန်ရုပ်တည်ပါသည်။

သူမအကြောင်းနောက်မှဆက်ပြောတော့မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လည်းနေ့နဲ့ညနဲ့ ညနဲ့နေ့နဲ့ ထမင်းမစားရသေးသည့်အတွက်သွားစားလိုက်ပါဦးမည်။

www.burmeseclassic.com

သူမ ကိုနောက်တစ်ကြိမ်တွေ့တာကတော့ ဟိုတယ်ကြီး တစ်ခု၏အရှေ့မှာပင် . . . ထုံးစံအတိုင်း ဒေါက်ဖိနပ်အနက်စကပ်အကျပ်ကို ဝတ်ဆင်ထားသည်။ တင်ပါးမှအနာက အကင်းမသေသေး၍ထင့်။ခါးပေါ်တွင်ပတ်တီးများစီးထားပြီးလမ်းလျှောက်တိုင်း ကုတ်ကွကုတ်ကွဖြစ်နေသည်။ ဟိုတယ်ထဲသို့ ကုတ်ကွကုတ်ကွ နှင့်လှမ်းဝင်သွားသည်။ သူလည်းသူမဘာဆက်လုပ်မည်ကိုသိချင်၍သူမနောက်တိတ်တဆိတ်လိုက်ဝင်သွားသည်။

“မင်္ဂလာပါခင်ဗျာ. . . စားသောက်ဖို့ဆိုရင် ဟိုဘက်ကိုကြွပါခင်ဗျာ. . တည်းခိုဖို့ဆိုရင်ဒီဘက်မှာပါ. . . ”

ဧည့်ကြိုတစ်ယောက်က ပျူငှာစွာပြောသည်။ သူရုတ်တရက်ဘယ်ဘက် ကိုသွားရမှန်းမသိ။ နောက်မှ ဒီကောင်မလေး တည်းခိုတဲ့ဘက်တော့မသွားနိုင်ပါ ဘူးလေဟုစဉ်းစားမိပြီး စားသောက်ဆိုင်တန်း ဘက်ခြေဦး

www.burmeseclassic.com



လှည့်လိုက်သည်။

"ဟော့. . . မတွေ့တာကြာပြီနော်. . . "

လူမမြင်ရခင် ထောင့်ချိုးတစ်ခုက သူမ၏အားရဝမ်းသားစကားသံကြောင့် သူအသာလေးနံရံကပ်၍ချောင်းကြည့်လိုက်သည်။

"အယ်. . . "

နှုတ်ဆက်သံသာကြားသော်လည်း သူမအပြင်နောက်ထပ်ဘယ်သူ့ကို မှမတွေ့ရ။

"ဟယ်. . . ဒီကိုရောက်နေတာလား. . . "

သူမအားရဝမ်းသာဟန်နဲ့ထပ်အော်သည်။ နောက်သူ့ဖာသူရေရွတ်သလိုနှင့်. . .

"ဒါလည်းမကောင်းသေးဘူးဟုဆိုပြီး နံရံကိုလက်တစ်ဖက်ထောက် လက်တစ်ဖက်ခါးပေါ်တင်ကာ အာလုပ်သံကြီးဖြင့်

"မတွေ့ရတဲ့ရက်တွေမှာ ပိန်သွားသလိုပဲနော်. . . ဟင်းဟင်း. .

"ခစ်"

သူအသံထွက်အောင်ရယ်လိုက်မိသည်။ ဟုတ်ပါသည်။ရယ်လည်းရယ်ချင်စရာ။ သူမယခုကဲ့သို့တစ်ယောက်တည်း ရှူးကြောင်မူးကြောင်လုပ်နေခြင်းမှာ ဟိုလူနှင့်တွေ့လျှင် ခပ်တည်တည်နှုတ်ဆက်ရန်အတွက် အမူအရာကျင့်နေခြင်း သာဖြစ်၏။

သူ့ရယ်သံ ကြောင့်သူမစေ့ကြည့်ပါသည်။ ပြုံးဖြဲဖြဲနှင့်သူ့ကိုတွေ့တော့သူမရှက်သွားပုံရသည်။ နောက် ဘောက်ဆတ်ဘောက်ဆတ် ကွတကွတနှင့် စားသောက်ဆိုင်ဘက်လှည့်ဝင်သွားတော့၏။ သူလည်းဟိုလူနှင့်တွေ့လျှင်သူမမည်သည့်ပုံနှင့် နှုတ်ဆက်မည်ကိုသိချင်၍ အသာလေးနောက်ကလိုက်သွားရတော့၏။

စားသောက်ဆိုင်ထဲတစ်ယောက်တည်း အေးအေးလူလူကော်ဖီထိုင် သောက်နေသော သူ့လူမျိုးမြင့်ထွန်းကိုတွေ့တော့ သူမချက်ချင်းနံရံပြေးကပ်လိုက် သည်။ ပြီးနောက် စိတ်လှုပ်ရှားစွာ ဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးနောက် သူ့စလင်း ဘက်ထဲကမှန်အသေးလေးထုတ်၍ ခေါင်းက

www.burmeseclassic.com



ဆံပင်နှစ်ပင်သုံးပင်ကိုတံ တွေးဆွတ် ပြီး နဖူးပေါ် ချကြည့်သည်။ ပြီးတော့ သွားကိုစေ့ပြီးဟီးဟီးဟီးဟားဟားလုပ် ကြည့်သည်။ စိတ်ကြိုက်အနေအထားရောက်မှ မှန်ကိုစလင်းဘက်ထဲပြန်ထည့်ပြီး ဟိုလူ့ကိုခိုးချောင်းလိုက်သည်။ ပြီးတော့ 'ဟူး' ခနဲ 'ဖူး'ခနဲနှာမှုတ်လိုက်ပြီး ခြေလှမ်းပြင်လိုက်သည်။ နောက် အပြင်သို့လှမ်းအထွက်. . .။

"ဟေး. . ."

သူ့လက်အမြောက်မှာပဲ တစ်ဖက်က 'ဟေး' ခနဲအော်သံကြားရသည်။ ကြည့်လိုက်တော့ မျိုးမြင့်ထွန်းရဲ့ဇနီးလောင်း သက်သက်ဇင်။ မျိုးမြင့်ထွန်းထံ အားရဝမ်းသာပြေးသွားသောခြေသံများ။ သူမ၏နှုတ်ဆက်ခြင်းက လေထဲတွင်တိုးလို့ တန်းလန်းနှင့်လက်မြောက်ရင်းငြိမ်နေသည်။ ဟိုနှစ်ကောင်ကဘာမှသတိမထား ကြဲကြည်နူးနေကြသည်။

သူမခန္ဓာကိုယ်ပျော့ကျသွားသည်။ နောက် ခေါင်းငိုက်စိုက်ချ၍ ပြန်လှည့်လာသည်။ သူမပုံစံက အခုလိုကျတော့လည်းသနားစရာ။ သူ့နားမှနေ၍ ခေါင်း ငိုက်စိုက်နှင့် ဖြတ်လျှောက်သွားပြီး သူ့ရှေ့ရောက် သည်နှင့် ခြေလှမ်းရပ်လိုက်သည်။ နောက် သူ့စလင်းဘက်ထဲမှ သော့တွဲတစ်ခုကိုဆွဲထုတ်လိုက်သည်။ ဘာကိုမှ မကြည့်ပဲသူ့ရှေ့ကြမ်းပြင်ပေါ် ခလွမ်းခနဲလွှတ်ချလိုက်သည်။ ပြီးနောက် ကွတကွတနဲ့ အရှေ့မှဦးဆောင်ထွက်ချသွားတော့၏။

www.burmeseclassic.com

သူ ကားနားရောက်ချိန်တွင် သူမကကားခေါင်းခန်းတွင် မျက်နှာပုတ်နဲ့ ဒူးနှံ့နေသည်။ သူကားမောင်းသည့်နေရာဝင်ယူလိုက် သည်။

"ဘယ်သွားမလဲပြော. . ."

သူမဘာမှမပြောပါ။ သူကားကိုခပ်ဖြည်းဖြည်းမောင်း ထွက်လိုက်သည်။ သူမကတော့ လက်ကလေးကိုက်ကာ အပြင်ဘက်သို့ငေးကြည့်နေသည်။ ကားကက်ဆက်လည်းမဖွင့်ရဲ။

"ရွှေရော×××ငွေရော×××ငါဆင်ပေးထားတာ×××"

ဟူသောအသံကြီးကြားရမည်ကိုကြောက်နေ၍ဖြစ်သည်။ ကားကလေးကတော့ သူ့အလိုကျကန်တော်ကြီးပတ်လမ်းတစ်လျှောက်လှည့်ပတ်သွားနေလေ သည်. . .။

"ဟဲ့. . ငါသိပြီ. . ."

www.burmeseclassic.com



သူမက ကျွန်တော့်လက်မောင်းကိုပုတ်ပြီးပြောသည်။

"ဘာကိုလဲ. . . "

"ဒီလိုဟ"

သူမစကားကိုမဆက်သေးဘဲ ခါးကိုမျက်နှာမဲ့၍ ဖြည်းဖြည်းခြင်းလှည့်သည်။ အရိုးအက်ထားတဲ့နေရာက နာနေပုံရသည်။

"နင်. . ကိုမျိုးမြင့်ထွန်းဆီဖုံးဆက်ပေး. . . "

"အင်း. . "

"ငါကဘယ်လိုဆက်ရမှာလဲ. . . "

"ဒီလိုလေဟာ"

သူမစကားကိုမဆက်သေးပဲ သူ့ဘက်ရောက်အောင် ခါးကိုဖြည်းဖြည်းခြင်းလှည့်လိုက်သည်။

"ဒီလိုလေဟာ. . ကျွန်တော် ဟိုကောင်မအကြောင်း ပြောစရာရှိတယ်လို့. . . "

"ဘယ်ကောင်မလဲ. . . "

"ဟာ. . . နင်ကလည်း သူ့ကောင်မသက်သက်ဇင်လေ. . . "

သူကျွန်တော့်လက်ကို သတိလက်လွတ်နဲ့ရိုက်လိုက်ပြီးပြောသည်။ နောက် ရင်းနှီးစွာကျွန်တော့်လက်မောင်းကိုကိုင်ထားသည်။

"ထားပါတော့ ငါဖုန်းဆက်လိုက်လို့သူရောက်လာပါပြီတဲ့ ငါကဘာဆက် ပြောရမှာလည်း. . . "

"ဘာမှပြောစရာမလိုဘူး. . . "

"အင်း. . . ဒါဆို. . . "

"ဒီလိုလေဟာ. . . နင်က သူ့ကိုကန်တော်ကြီးစောင်းကိုချိန်းလိုက်. . "

"အင်း. . ထားပါတော့. . . "

"သူရောက်လာပြီဆိုနင်ရှောင်ပေး. . "

"ရှောင်ပေးပြီးရင်. . . "

"ငါရောက်လာမယ်လေ. . . "

www.burmeseclassic.com



"နင်ရောက်လာတော့. . ."

ကျွန်တော့်၏ဇဝေဇဝါအမေးကို သူမက. . .

"ငါ. . သူ့ကိုရေကန်ထဲတွန်းချမယ်လေ. . ."

"ဟာ. . ."

သူမ၏စကားကြောင့် သူကြောင်သွားမိ၏။ နောက် ပါးစပ်အဟောင်း သားနဲ့သူမကိုကြည့်နေမိ၏။ သူမကတော့ ဟိုလူကိုတွန်းချရန် ပုံစံမျိုးစုံနဲ့ လက်ရွယ်ကြည့်နေ၏။

" ဒီလိုတွန်းချရင်ကျပါ့မလား. . ."

"မကောင်းပါဘူး. . ."

"ဒီလိုလည်စေ့ကိုညှစ်ပြီးရင် ညိုသကျီးကိုကန် အားခနဲအရှေ့ခွေကျလာမှ အရှေ့ခွေကျလာရင် သူ့ကိုယ်လုံးကိုငါထိန်း နိုင်မှာမဟုတ်ဘူး. . . ရင်ဝကို. . ရင်ဝကိုဖနောင့်နဲ့. . ."

သူဖာသာသူစိတ်ပါလက်ပါလုပ်ကြည့်နေသည်. . .။

အတန်ကြာမှ သူ့ကိုဝေ့ကြည့်မိသည်။ သူငေးကြည့်နေမှန်း သိတော့ ကိုယ်ရှိန်ပြန်သတ်လိုက်သည်။ သူမ၏ပုံကတကယ်လုပ်မယ့်ပုံ။ သူမ၏အပြု အမူကြောင့် သူလည်းလန့်သွားပြီး. . .

"နင်အဲဒီလိုလုပ်လို့ဖြစ်ပါ့မလား အဲဒီလိုဆိုငါလည်း ဘယ်ကောင်းမှာလဲ. . ."

ထိုတော့မှ သူမပြုံခနဲရယ်ကာ. . .

"ငါက စကားအဖြစ်ပြောတာပါ. . . တကယ်လုပ်လို့ဘယ်ဖြစ်မှာလဲ သူကရေမှမကူးတတ်တာ. . နောက် ကိုယ့်ချစ်သူလေးကို ဒီလိုဘယ် ရက်စက်နိုင်မှာလည်း. . . မရက်စက်နိုင်ပါဘူး. . ."

ဟုဆို၍ ခေါင်းကုပ်ကာ တစ်ဖက်သို့ စပ်ဖြဲဖြဲနဲ့လှည့်သွားပြန်သည်။ နောက် ကျွန်တော့်ဘက်ပြန်လှည့်လာပြီး. . .

"ငါက သူနဲ့အေးအေးဆေးဆေးစကားပြောမှာပါ. . ."

"ဘာပြောမှာလဲ. . ."

သူအရှေ့သို့ပြန်လှည့်သွားပြီး တိုးညှင်းစွာနဲ့. . .

www.burmeseclassic.com



"သူငါ့ကို ဘာလို့ဖြတ်သွားတယ်ဆိုတာလေ. . ."

ကျွန်တော်သက်ပြင်းချလိုက်မိသည်။ သူမကတော့ အပြင်သို့သာငြိမ် သက်ငေးကြည့်နေသည်။ သူလည်းမတတ်နိုင်တော့. . .

"မေထူးချွန်. . ."

ဝေ့ကြည့်ပါသည်။ ပြီးတော့အရှေ့ဘက်ပြန်လှည့်သွား၏။

"နင်. . သူ့ကိုတကယ်ချစ်တာလား. ."

သူမဖျပ်ခနဲပြန်ကြည့်သည်။ နောက်ဘာမှပြန်မပြောဘဲခန္ဓာကိုယ်ကို ထိုင်ခုံပေါ် ခပ်လျှောလျှောထိုင်ချပြီး ခုနကအတိုင်းသာ အပြင်ကိုငြိမ်သက်စွာငေး ကြည့်နေသည်။ ကားလေးကသာအရှိန်မှန်မှန်နဲ့ သူမအိမ်ဘက်ဦးတည်နေသည်။ သူဘာမှပြန်မပြောမိတော့။

အချိန်အခါမဟုတ်ဘဲ မိုးရိပ်တို့ဝေ့နေ၏။ ထူထပ်သောတိမ်များကြောင့် ပူပြင်းသောနေမင်းပင်လျှင် မပွင့်သာဖြစ်နေတော့၏။ သွေ့ခြောက်နေသော ရွက်ဝါများ လေပြင်းဝေ့လိုက်တိုင်း ကောင်းကင်ယံသို့ လွတ်လပ်စွာပြန်တက်လာသည်။ မည်သူက ကမ္ဘာလောကကြီးကို အစိုးရပါသနည်း။

သူမကိုရော မည်သူကအစိုးရပါသနည်း. . .။

"ကလင်. . . ကလင်. . ကလင်. . ."

ညဦးပိုင်းကပူသလောက် ညနက်ပိုင်းတွင်အေးလာသည့်အတွက် အိပ်ရာမထဘဲ နှပ်နေစဉ် ကျယ်လောင်သောဖုန်းမြည်သံကြောင့် သူစိတ်ရှုပ်သွားမိ သည်။

"ကလင်. . ကလင်. . . ကလင်. . ."

အဆက်မပြတ်မြည်နေသောဖုန်းသံ။ ဘယ်ကလဲ။ ဒီနေ့ သူ့တွင်ဖုံးချိန်း ထားသူမရှိ။

"ကလင်. . . ကလင်. . . ကလင်. . ."

ဖုန်းသံကမြည်နေဆဲ။ ထိုအသံကြားနေလျှင် သူလည်းဆက်အိပ်

www.burmeseclassic.com



၍ရမည်မဟုတ်။ ထို့ကြောင့် တယ်လီဖုန်းကို မျက်လုံးမဖွင့်ဘဲ လှမ်းစမ်းပြီး ယူလိုက်သည်။

"ဟယ်လို"

သူ့ထူးသံကြားသည်နှင့် တစ်ဖက်ကကြားလိုက်ရသည့်အသံက. .

"ဟဲ့. . . ဘောက်ထော်. . . ငါပြောမယ်အသေအချာနားထောင်. . . နင်အဲဒီကနေ. . ၇၀၆၉၇၈ကို ဆက်လိုက်. . . အဲဒါကိုမျိုးမြင့်ထွန်းဖုံးပဲ သူလာကိုင်ရင်သူ့ကောင်မ သက်သက်ဇင်အကြောင်း ပြောစရာရှိလို့လို့ပြော. . သူကဘယ်လာ ခဲ့ရမလဲလို့ပြောရင် ကန်တော်ကြီး မြောက်ဖက် သပြုပင်ကြီးရှိတဲ့ရေစပ်နားကို လာခဲ့လို့ပြောလိုက် ငါအဲဒီက စောင့်နေမယ်. . ."

"ခွပ်"

"အင်"

သူမပြောချင်တာပြောပြီး ဖုန်းချသွား၏။ သူ့ဖုန်းခွက်ကိုကိုင်ကာအကြာကြီးငေးကြည့်နေသည်။ နောက် သူမခိုင်းစေချက်အတိုင်း လုပ်သင့်မလုပ်သင့် စဉ်းစားနေမိသည်။ သူမခိုင်းစေသည့်အလုပ်ကို လုပ်ပေးရန်ကလည်းသူနှင့်ဘာမှ မသက်ဆိုင်။ ဘာဆက်ဖြစ်မယ်ဆိုသည်ကလည်းမသေချာ။ တစ်ခုခုဖြစ်လျှင် မဆီမဆိုင် ကိုယ့်ခေါင်းပေါ်ကျဦးမည်။ မလုပ်ပြန်လျှင်လည်း. . .

www.burmeseclassic.com

# ကလင်. . .

"ကလင်ကလင်. . . ကလင်. . . "

ဖုန်းချလိုက်သည်နှင့် ဖုံးသံကချက်ချင်းပြန်မြည်လာသည်။ သူချက်ချင်း ဖုန်းပြန်ကိုင်လိုက်၏။

"ဟယ်လို"

သူဖုန်းကိုင်လိုက်သည်နှင့် တဖက်မှကြားလိုက်ရသည့်အသံက. . .

"ဟဲ့ ဘာလုပ်နေတာလည်း ငါစောင့်နေတာ ငါးမိနစ်ကျော်ပြီ. . . နင်မဆက်ရသေးဘူးမဟုတ်လား. . . အခုဆက်လိုက်ဒါပဲ ဖုန်းနံပါတ်က. . ၇၀၆၉၇၈ နော်. . . "

"ခွပ်"

"ဟင်"

www.burmeseclassic.com



သူ့ဖုသာသူပြောချင်ရာပြောပြီး ဖုန်းချသွားပြန်သည်။ သူခုနက အတိုင်း ဖုန်းခွက်ကိုငေးကြည့်နေပြန်၏။ နောက် အားနာစိတ်နဲ့ဒီတစ်ခါတော့ ကူညီလိုက်မယ်လေဟု ဆုံးဖြတ်လိုက်ပြီး သူပြောသောဖုန်းနံပါတ်ကိုနှိပ်လိုက်သည်။

'တူတူ' ဟူသောဖုန်းမြည်သံနှင့်အတူ တစ်ဖက်မှ ယောကျ်ားတစ်ယောက်အသံကြားရသည်။

"ဟယ်လို"

ရုတ်တရက်မို့ သူဘာပြောလို့ပြောရမှန်းမသိဖြစ်သွား၏။ ဟိုလူလည်း သူ့လိုပင်အိပ်ချင်မူးတူးဖြစ်နေသည်။ အသံကမှုန်ဝါးဝါး. . .

"ဩော်. . . ဟုတ်ကဲ့ ကိုမျိုးမြင့်ထွန်းလား. ."

"ဟုတ်ပါတယ်ခင်ဗျာ. ."

"ကျွန်တော့်သက်သက်ဇင်အကြောင်းပြောချင်လို့. . ."

"ဗျာ"

သူ့စကားကြောင့် တဖက်လူကြောင်သွားပုံရ၏။ အတန်ကြာသည်ထိ စကားသံကထပ်ထွက်မလာ။ နောက်မှ တုန့်ဆိုင်းဆိုင်းနဲ့. . .

"သက်သက်ဇင်အကြောင်း. . . ဟုတ်လား. . . သူဘာဖြစ်လို့လဲ. . ."

"သူဘာဖြစ်လဲသိချင်ရင် အခုချက်ချင်း ကန်တော်ကြီးမြောက်ဘက်ထောင့်က သပြေပင်အောက်ကိုလာခဲ့ပါ. . . ဒါပဲ. . ."

ကမန်းကတမ်းပြောရင်း သူဖုန်းကိုခွပ်ခနဲချလိုက်သည်။ နောက်ကုတင် ပေါ်ငုတ်တုတ်ထထိုင်ပြီး ဘာဆက်လုပ်ရမှန်းသိဘဲ တောင်ကြည့်မြောက်ကြည့်လုပ် နေမိသည်။ နောက်မှ မထူးပါဘူးလေ ချိန်းထားတဲ့နေရာသွားဦးမှပဲဟု စဉ်းစားမိ၏။ ဟုတ်တယ်လေ၊ ကိုယ်ချိန်းပေးပြီး မတော်တဆလက်လွန်းကုန်လျှင်မကောင်းဘူး။ ထို့ကြောင့် အလျင်အမြန်ပင် ရေမိုးချိုးအဝတ်အစားလဲလိုက်သည်။

ထိုနေရာလေးကို သူရောက်သွားသည်နှင့် မျိုးမြင့်ထွန်းဆိုသည့်လူကြီး တင်ရောက်ရှိနေပြီ။

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ်ဝတ်ဆင်ထားပြီး စီးကရက်တစ်လိပ်ခဲကာ ကန်ရေပြင်ကိုငေးကြည့်နေသည်။ သူရှိရာဘက်သို့ လှည့်မကြည့်သေး။ သူလည်း ထိုမျိုးမြင့်ထွန်းဆိုသူဆီ သွားသင့်မသွားသင့် စဉ်းစားနေမိသည်။

သွားတွေ့ပြီဆိုပါတော့ ဘာပြောရမည်နည်း။ ပြောစရာလည်းဘာအကြောင်းမှမရှိ။ ကဲ. . . ဒါဆို မသွားလျှင်ရော၊ မသွားလျှင်တမင်လိမ်ပြီး ချိန်းထား ရာကျမည်။ သူသွားသင့်မသွားသင့် စဉ်းစားနေတုန်းမှာပင်. . .

"ဟာ"

သူ့မြင်ကွင်းထဲမှာတစ်ဖက်ကနေ လွှားခနဲလွှားခနဲပြေးလာသော အရိပ်တစ်ခု။ အင်္ကျီကပန်းနုရောင်ကလေး နှင့်စကတ်အနက်ကလေး ဝတ်ထားသည့်သူမ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ဆံပင်နက်နက်ကလေးက လေထဲဝဲပျံလှုပ်ရှားနေလျက်. . .။

"မေထူးချွန်. . ."

သူအလန့်တကြားရေရွတ်မိ၏။ သူမခြေလှမ်းများက ကန်ရေပြင်ကို ငေးကြည့်နေသော မျိုးမြင့်ထွန်းဆီဦးတည်လို့. . .

"ယစ်(စ်)"

မျိုးမြင့်ထွန်းနားရောက်တော့ ပြေးရင်းနဲ့ကီသွင်းပြီး လက်နှစ်ဖက်ဆန့်တန်းလိုက်သည်။ ထိုအသံကြားတော့ မျိုးမြင့်ထွန်းကအနောက်ဘက်လှည့်ကြည့် လိုက်သည်။

"ဟာ"

သူ့ထံအရှိန်ပြင်းစွာလက်နှစ်ဖက်ဆန့်တန်းပြီးပြေးဝင်လာသော မေထူးချွန်ကိုမြင်တော့ အံ့အားသင့်ပြီးပါးစပ်အဟောင်း သားနဲ့ကြောင်ငေးကြည့်နေသည်။

"အိစ်. . ."

အော်သံနဲ့အတူ သူမမျိုးမြင့်ထွန်းကိုရေထဲတွန်းချလိုက်သည်။ သို့သော်

"ဖတ်"

www.burmeseclassic.com



"ဟင်"

အဖြစ်အပျက်ကမြန်သည်။ ဟိုလူကကိုယ်ကိုရှိ့ပြီး နောက်ကို ခြေတစ် လှမ်းဆုတ်လိုက်သည်။

"ဟာ"

သူမက ဟိုလူကိုမတွန်းမိဘဲ ခြေချော်ပြီးတစ်ယောက်တည်း သီးသီးသန့်သန့် ရေကန်အစပ်ကိုရောက်သွားသည်။

"အောင်မလေး. . . ကယ်ကြပါဗျို့. . . "

အော်သံနဲ့အတူသူမရေကန်စပ်အစွန်းလေးတွင် ခြေတစ်ဖက် ထောက်ပြီးယက်ကန်ယက်ကန်ဖြစ်နေသည်။ လူတစ်ကိုယ်လုံးရေထဲကျ မသွားအောင် လက်နှစ်ဖက်နောက်ပြန်ယှက်၍ အရှိန်ပြန်ယူနေသည်။ မသိရင်လေဟုန်စီးပြီးပျံသန်း တော့မလိုမျိုး. . . ။

"အား. . . ကျပြီဟ. . . ကျ. . အား. . "

သူမ၏သံကုန်ခြစ်အော်သံ။ နောက်သူမတစ်ကိုယ်လုံးရေထဲ 'ဝုန်း' ခနဲ အပြားလိုက် ကြီးကျသွား၏။ ဟိုလူက ဘာဖြစ်လို့ဖြစ်မှန်းမသိပဲ သူမကို ကြောင် ငေးကြည့်နေတုန်း။ ရေထဲမှ ပလုံစီများထလာသည်။ သူမကပြန်မ ပေါ်လာသေး။ ကြည့်ရတာရှက်လို့ရေငုံ့နေတာထင့်။ ဟိုလူကခေါင်းခါပြီး သူ့ကားဆီပြန် လှည့်ထွက်သွားသည်။ ထိုတော့မှ သူမရေထဲမှ 'ဝုန်း' ခနဲပြန် ပေါ်လာသည်။ နောက် တဖူးဖူးနဲ့ပါး စပ်နဲ့နှာခေါင်းထဲမှ ရေများပြန်မှုတ် ထုတ်နေသည်။ ကုန်းပေါ်ပြန်တက်မလာသေး။ ရေထဲမှပင်ယက်ကန်ယက် ကန်လုပ်နေသေးသည်။

"မေထူးချွန်"

ထိုတော့မှ သူလည်းစိုးရိမ်ပြီး သူမထံပြေးသွားမိ၏။

သူကမ်းစပ်ရောက်ချိန်တွင် သူမ 'ဟီး' ခနဲ 'ဟဲ' ခနဲနှာမှုတ်သံ ပေး၍ ရေထဲမှလေးဖက်ထောက်၍ကမ်းပေါ်တက်လာသည်။

"ဘာ. . . ဘာဖြစ်သွားသေးလဲ. . . "

သူ၏စိုးရိမ်တကြီးအမေးကို သူမဘာမှပြန်မဖြေပဲ ရေစိုကြီးနဲ့ လက်သီးနှစ်ဖက်ကိုကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး၊ ရေထဲကျွတ်ကျန်ခဲ့သော

www.burmeseclassic.com



ဒေါက်ဖိနပ်ကို လက်တစ်ဖက်ဆီကိုင်ကာသူ့ကားဆီသို့ 'ဟီးဟီးဟီး' အသံပေးကာကားယား ကားယားနဲ့ပြန်လျှောက်သွားသည်။

သူမ၏ဖိနပ်ထဲကရေများက သူမခြေလှမ်းလှမ်းလိုက်တိုင်း 'ဖွာ' ခနဲ 'ဖွာ' ခနဲကျနေ၏။

ကားဆီသို့ရောက်သော် သူကားတံခါးကို 'ဝုန်း' ခနဲဖွင့်လိုက်သည်။ ပြီးတော့ 'ခွပ်' ခနဲ 'ခွပ်'ခနဲ ဒေါက်ဖိနပ်နှစ်ဖက်ကိုပစ်သွင်းလိုက်သည်။ နောက်မှ ဆောင့်ကြီးအောင့်ကြီးနဲ့ ကားထဲဝင်ထိုင်လိုက်သည်။

"အစ်(စ်)"

"အင်"

မာန်သွင်းသံနှင့်အတူ သူမ၏မျက်နှာကြီး ချက်ချင်းနီတက်သွားသည်။ နောက် သူမမျက်လုံးကြီးပြူးပြီး ခါးကိုပြန်ကိုင်သည်။ နောက်မှသံကုန်ခြစ်၍. . .

"အား. . . လုပ်ကြပါဦး. . . လုပ်ကြပါဦး. . . "

မျက်လုံးကြီးမှိတ်သွားသည်ထိ သံကုန်ခြစ်အော်သည်။ လက်တစ်ဖက်ကခါးကိုထောက်ထားတုန်း. . ။

"အားလုပ်ကြပါဦး. . . လုပ်ကြပါဦးတော့အမေရေ. . . သေပါပြီဗျ. . သေပါပြီ. . "

သမ၏ပျာပျာသလဲအော်သံအဆက်မပြတ်ကြားရ၏။ သူမနေနိုင်တော့။ သူမရှိရာကားဆီသို့ပြေးသွားပြီး. . .

"မေထူးချွန်. . . ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ. . . "

သူ၏အလောတကြီးအမေးကိုသူမက. . .

"တင်ပါး. . . တင်ပါး. . . အား. . "

သူမ၏အော်သံကြောင့် သူလန့်သွားပြီး. . .

"တင်ပါး. . တင်ပါးဘာဖြစ်လို့လဲ. . . "

"ဟဲ့. . . ဟို. . . ဘာလိုက်စမ်းနေတာလဲ. . . အား. . . "

သူမ၏စကားကြောင့် စမ်းလုလုသူ့လက်ပြန်ရုပ်လိုက်သည်။ သူမက သူ့အင်္ကျီကိုကျစ်ကျစ်ပါအောင်ဆုပ်ထားကာ . . .

www.burmeseclassic.com



"တင်ပါး. . . တင်ပါး. . . တင်ပါးပြန်ကျိုးသွားပြီးလားမသိဘူး. . . ငါ့ကိုဆေးရုံပို့ပေး. . . ဆေးရုံပို့ ပေး. . . အား. . အမေရေ. . . သေပါပြီဗျ. . . ကယ်တော်မူကြပါဗျ. . . "

"ဟင်"

သူမ၏စကားကြောင့် သူမျက်လုံးပြူးသွားသည်။ နောက် ဘာမှ စဉ်းစားမနေနိုင်တော့။ သူမ၏ကားပေါ်တက်ကာ ကားကိုအမြန်မောင်းထွက်လိုက်သည်။ ကား၏ဦးတည်ရာကဆေးရုံကို။ သူမကတော့. . .

"အမေရေ အဖေရေ"

အော်လို့ကောင်းတုန်း. . .။

www.burmeseclassic.com

**ဟုတ်**ပါသည်။ သူမ၏တင်ပါးရိုးပြန်အက်သွားပါသည်။ ထို့ကြောင့် ဗိုက်အောက်ခေါင်းအုံးခု၍ မှောက်ခုံကြီးပြန်နေရပါသည်။ ကောင်းပါသည်။ ထိုကဲ့သို့ဖြစ်မှ သူမခြေငြိမ်ကြောင်း သူ့အမေကပြောပါသည်။ သို့မဟုတ်လျှင် မည်သူမှမသက်သာကြောင်း သူ့ညီမကထောက်ခံပါသည်။ မည်သို့ဖြစ်၍ဤကဲ့သို့ခါးရိုးပြန်ကျိုးသွားရကြောင်း သူ့အဖေကမေးပါသည်။ ကျွန်တော်က ဥပမာနဲ့ ဤကဲ့သို့ပြန်ပြောပြပါသည်။

ပက်ကျိတစ်ကောင်လမ်းဖြတ်ကူးနေစဉ် လိပ်တစ်ကောင်ကသူ့ခါးကိုဖြတ်ကြိတ်သွားပါသည်။ ပက်ကျိခများမေ့မျောပြီး ဆေးရုံရောက်လာပါသည်။ သူသတိရလာသောအခါ ဆရာဝန်ကအဖြစ်အပျက်ကိုမေးတော့ ဤကဲ့သို့ရှင်းပြပါသည်။

"အဖြစ်အပျက်က သိတဲ့အတိုင်း သိပ်မြန်လွန်းတယ်လေ။ မျက်စိတမှိတ်အတွင်းမှာဖြစ်သွားတော့ ကျွန်တော်လည်း ဘယ်လိုမှရှောင်ချိန်

www.burmeseclassic.com



မရလိုက်ဘူး. . .”

ပက်ကျို၏မျက်စိတစ်မှိတ်မည်မျှကြာကြောင်း ကျွန်တော်မသိပါ။ သူမကတော့ မှောက်ခုံကြီးနဲ့စကားတွေလည်းပြော ငိုလည်းငိုမုန့်တွေလည်းစားနေပါသည်။ သူ့ဖခင်ကတော့ မှတ်ချက်ပေးပါသည်။ သူစားနေတဲ့မုန့်တွေကပေါ့နေလို့ နှပ်တွေမျက်ရည်တွေနဲ့တို့စားနေတာတဲ့။ သူမဆတ်ဆတ်ခါအောင်နာပါသည်။ သံကုန်ခြစ်အော်ပြီး သံပြဲကြီးနဲ့တွေ့တဲ့လူရန်လုပ်နေပါသည်။ သူရန်တွေ့တာကို ကျန်တဲ့လူတွေကရယ်ပါသည်။ သူမကိုဘယ်သူကမှကြည့်မရ၍ ရွဲ့ပြီးရယ်ကြတာဖြစ်ပေလိမ့်မည်။ ဟုတ်ပါသည်။ သူမကိုဘယ်သူကမှကြည့်မရကြပါ။ သို့သော်. .

သူမဖခင်ပြန်ခါနီး ငိုသံကြီးနဲ့လှမ်းမေးပါသည်။

“အဖေ”

သူမ၏ဖခင်ကလှည့်ကြည့်ပါသည်။

“ဒီနေ့ဘယ်သူနိုင်သွားလဲ. . .”

သူမ၏အမေးကို သူမဖခင်က မျက်မှောင်ကြုတ်၍. . .

“ဘယ်ပွဲလဲ. . .”

“ချယ်ဆီးနဲ့ အယ်ဗာတန်. . .”

သူမ၏ဖခင်တစ်ချက်စဉ်းစားလိုက်ပြီး . . .

“ချယ်ဆီး. . .”

ထိုအသံကြားသည်နှင့် သူမနှုတ်ခမ်းကြီးမဲ့ပြီးတစ်ဖက်လှည့်၍. . .

“တောက်. . . ငါးမူးတော့ရှုံးပြန်ပြီး. . . အဟင့်. . . သောက်ကောင်မော်ရင်ဟို. . .”

သူမကိုကြည့်ပြီး သူမ၏ဖခင်ကရယ်ပါသည်။

“ဟားဟား. . ကောင်းတယ်. . ခံရတာတောင်နည်းသေးတယ်ဟားဟား. . .”

ဒါကိုသူမကလည်း ကက်ကက်လန်ကာ. . .

“ဘာကောင်းတာလဲ. . . ဒီမှာရှုံးပါတယ်ဆိုမှ လာရယ်ပြနေသေး

www.burmeseclassic.com



တယ်. . . ပိုက်ဆံရှာရတာလွယ်တာမှတ်လို့. . . ”

သူမကဖတ်ခနဲပြန်ပြောသည်။ ဒါကိုသူမ၏ဖခင်ကမျက်မှောင်ကြုတ်ပြီး

“အောင်မာ. . . သူကပဲပြောရတယ်ရှိသေးတယ်. . ပိုက်ဆံရှာရတာမလွယ်ဘူးလေးဘာလေးနဲ့. . . ဘာအလုပ်များလုပ်နေရလို့လဲ. . . မိဘဆီက အလကားရထားတဲ့မျက်နှာနဲ့မိဘဆီပြန်တောင်းနေပြီးတော့. . . ”

“ဘာမိဘဆီကအလကားရထားတဲ့မျက်နှာလဲ အဖေပဲပြောတယ် ဒီမျက်နှာရဖို့ ဖယောင်းတိုင်အထုပ်ကြီးသုံးထုပ်ကုန်တယ်ဆိုပြီး. . . ”

သူ့စကားကြောင့် သူ့အမေမျက်နှာကြီးနီသွားပြီး. . .

“ဟယ်. . . ဒီကောင်မလေး. . . အင်းဟာ. . ”

ဆိုပြီး သူမတင်ပါးကို‘ဖောင်း’ခနဲရိုက်လိုက်ရာ. . .

“အား. . . သေပါပြီဗျ. . . အဖေ အမေ့ကိုမပြောတော့ဘူးလား အီး. . . ”

ဆိုပြီး အခြောက်တိုက်ငိုပြသည်။ သူမ၏ဖခင်က ရယ်၍. . .

“မပြောတော့ပါဘူးကွယ်. . သူရိုက်တာဖြည်းဖြည်းလေး ပဲ. . . ”

“ဘာဖြည်းဖြည်းလေးလဲ. . . အနာကိုလာရိုက်တာနာတာပေါ့. . . အဲဒီလိုဆက်နှိပ်စက်နေမဲ့အစား အမွေဖြတ်လိုက် မေထူးချွန်တို့က ခပ်တည်တည်ပဲ. . . ”

သူဖခင်ကခပ်တိုးတိုးရယ်ပါသည်။ ကြည့်ရတာ အိမ်မှာ လည်း ဤသို့ စကားများနေကျဖြစ်မည်။

“အေးပါ. . . အေးပါ. . . အမွေတော့မဖြတ်ပါရစေနဲ့ မြွေမလေးရယ်။အဖေကချစ်လို့စတာပါ. . . ”

“ဒီလိုပဲဖြစ်ရမှာပေါ့. . . ”

သူမခပ်တည်တည်နဲ့မုန့်တစ်ခုကောက်ဝါးလိုက်သည်။ ထိုသို့ပင်. . .

သူမကိုအားလုံးကချစ်ကြပါသည်။ သို့သော် ဘာနှင့်တူသည် ကိုတော့ ပုံပြင်လေးတစ်ခုနှင့်ပြောပြပါဦးမည်. . .။

www.burmeseclassic.com



အင်မတန်ဆိုးသွမ်းသော မူလတန်းကျောင်းတစ်ကျောင်း၏ အခန်းတစ်ခန်းသို့ ဆရာမသစ်တစ်ယောက် တာဝန်ထမ်းဆောင်ရန် ရောက်လာပါသည်။

ဆရာမလေးထိုအခန်းသို့ရောက်တော့ ကြားရသည့်သတင်းနဲ့ဖြစ်နေပုံ မှာပိုလို့ပင်ဆိုးနေသေး၏။ အော်မရငေါက်မရနဲ့ ဘယ်လိုဆိုးမဆိုးမနားမဝင်ကြပေ။ နောက်ဆုံးတော့ဆရာမက စာသင်ရန်သာဆုံးဖြတ်လိုက်ပြီး ကျောက်သင်ပုန်းပေါ်တွင် ပန်းသီးပုံခပ်ကြီးကြီးတစ်လုံးရေးချလိုက်သည်။ ပြီးနောက် ကျောင်းသားများ ဖက်လှည့်၍ ကျောက်သင်ပုန်းကို တဖြန်းဖြန်းရိုက်ကာ. . .

"ဒါဘာလဲ. . . "

ဟုအော်မေးသည်။ သူ့အမေးကိုကျောင်းသားများကသံပြိုင်ဖြင့်. . .

"ဖင်တုံးကြီးပါဆရာမ. . . "

ဟုပြန်အော်သည်။ ဆရာမရှက်ပြီး ငိုယိုကာကျောင်းအုပ် ကြီးရုံးခန်းသို့သွား၍ ကျောင်းအုပ်ကြီးအား ကျောင်းသားများမည်မျှဆိုးသွမ်းကြောင်းပြောပြသည်။ ဆရာမလေး၏ပြောပြချက်အရ ကျောင်းအုပ်ကြီးလည်းစိတ်ဆိုးကာ ဆရာမလေးကိုခေါ်၍ ထိုအခန်းသို့ ဒေါကြီးမောကြီးနဲ့သွားကြသည်။ ကျောင်းခန်းသို့ရောက်သော် ဆရာကြီးကဒေါသတကြီးဖြင့်. . .

"မင်းတို့ဘယ်လိုဖြစ်နေကြတာလဲ. . ရိုသေသင့်တဲ့သူကိုလည်းမရိုသေကြဘူး. . . ဆရာမကစာသင်တာကိုလည်းဂရုမစိုက်ကြဘူး. . . ကောင်းစေချင်လို့ဆုံးမတာကိုလည်းလက်မခံကြဘူး. . . မင်းတို့အတော်ဆိုးနေကြပါလား "

ဟုဆို၍ကျောက်သင်ပုန်းဘက်လှည့်ကြည့်ကာ. . .

"ဟော့. . . ဒီကျောက်သင်ပုန်းပေါ်မှာလည်း ဖင်တုံးပုံကြီး. . . တောက်. . . ဘယ်သူလက်ကမြင်းထားတာလဲကွ. . . ဟေ. . . "

ထိုသို့သာဖြစ်ပါသည်. . . ။

www.burmeseclassic.com

BURMESE CLASSIC .com



သူမသည် လှပသောပန်းသီးတစ်လုံးသာဖြစ်ပါသည်။ သို့သော် လူတွေ အမြင်မှာတော့. . .

“. . . . . . . . .” ဖြစ်ပါသည်။

www.burmeseclassic.com

ထို နေ့က စိတ်ကူးပေါက်ပေါက်နဲ့ Mr. Guitre ဆိုင်တွင်တစ်ယောက်ထဲသွားထိုင်ဖြစ်သည်။ သူရောက်သွားချိန်တွင် ဆိုင်ထဲမှာ ဘယ်သူမှမရောက်သေး။ တစ်ယောက်တည်းကော်ဖီတစ်ခွက်မှာ ပြီးအေးအေးဆေးဆေးထိုင်နေလိုက်သည်။

သူမကရော ကော်ဖီကြိုက်တတ်ပါသလား. . . ။

အလိုလိုနေရင်း ဆေးရုံတွင်မှောက်ခုံကြီးငိုယိုကာ တစ်ခုပြီးတစ်ခု ဝါးနေသောသူမအကြောင်းကို စဉ်းစားမိနေသည်။ သူမကော်ဖီတော့ သောက်မည်မထင်။ သောက်ပါသော်လည်း တစ်ဖက်သားခန္ဓာကိုယ်ပေါ် အနည်းငယ်မှောက်ချပြီးမှ သောက်ပါလိမ့်မည်။ သို့သော် တစ်ခါလောက်တော့ သူမနှင့်ကော်ဖီသောက်ပြီး အေးအေးဆေးဆေးစကား ပြောချင်သေးသည်။

ပြောမည့်စကားက လိမ်လိမ်မာမာနေဖို့နဲ့ တစ်ဖက်သား အားဒုက္ခ

www.burmeseclassic.com



မပေးဖို့သာလျှင်ဖြစ်ပေလိမ့်မည်။ ထိုအချိန်တွင် သူမသိချင်ယောင်ဆောင် ကောင်း ဆောင်နေလိမ့်မည်။ သို့သော်သူက ပြောစရာရှိတာတွေကိုတော့ ပြောပြရပေလိမ့်မည်။

ဆိုင်ထဲမှာဂစ်တာသံတိုးတိုးလေးထွက်လာသည်။ မည်သူတီးနေ မှန်း မည်သည့်နေရာကတီးနေမှန်းမသိပါ။ သို့သော် တစ်ယောက်တည်းဖြစ် နေချိန်မှာတော့ ဂစ်တာသံကသူ့ကိုအဖော်ဖြစ်စေပါသည်။

"ဟော"

ဆိုင်ထဲလူနှစ်ယောက်ထပ်ဝင်လာပါသည်။

"ဟင်"

ထိုနှစ်ယောက်ကိုမြင်တော့ သူအကြီးအကျယ်အံ့အားသင့်သွား ရ၏။ ဟုတ်ပါသည်။

ထိုလူနှစ်ယောက်ထဲက တစ်ယောက်မှာ သူမအကြီးအကျယ် လိုက်လံ ဒုက္ခပေးနေသော မျိုးမြင့်ထွန်းဆိုသည့်လူဖြစ်ပါသည်။ မျိုးမြင့်ထွန်း က သူ့ကိုမြင်တော့ မျက်မှောင်ကြုတ်သွားသည်။ နောက် သူနှင့်ပါလာသော လူတစ်ယောက်ကို ခုံတစ်လုံးတွင်ထိုင်စေပြီး သူရှိရာသို့ တန်းတန်မတ်မတ် ရောက်လာ၏။

"မေထူးချွန်နဲ့ခဏခဏတွေ့နေတာ ခင်ဗျားထင်တယ်. . . "

မျိုးမြင့်ထွန်း၏မေးသံ။ သူအသာအယာခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်. . . "

မျိုးမြင့်ထွန်းကပြုံးပြီး. . .

"ထိုင်မယ်နော်. . . "

သူထပ်မံ၍ခေါင်းညိတ်ပြလိုက်သည်။ ထိုလူသည် လူကြီးလူ ကောင်းဟန်အပြည့်ရှိပါသည်။

"မေထူးချွန်နဲ့က အတော်ခင်တယ်မှတ်တယ်. . . "

မျိုးမြင့်ထွန်း၏အမေးကို သူမည်သို့ပြန်ဖြေရမည်မသိ။

"အင်း. . . ဒီလိုပါပဲ လမ်းမှာတွေ့ပြီးခင်လာတာ. . . သိပ်အ ခင်ကြီးတော့မဟုတ်ဘူး. . "

www.burmeseclassic.com



မျိုးမြင့်ထွန်းပြုံးပြီးခေါင်းညိတ်သည်။ နောက် လက်နှစ်ဖက် ယှက်လိုက်ပြီး. . .

"အေးဗျာ. . . သူနဲ့ခင်ရင်တော့သတိထားဗျာ. . ."

"ဗျာ. . ."

မျိုးမြင့်ထွန်းစကားကြောင့် သူရုတ်တရက်ကြောင်သွားမိသည်။

"သူနဲ့ကျွန်တော်က အရင်ကချစ်သူတွေဆိုတာ ခင်ဗျားလည်း သိမှာပေါ့. . ."

"အင်း. . ."

သူအသာအယာပင်ခေါင်းညိတ်ပြလိုက်သည်။ မျိုးမြင့်ထွန်းက သက်ပြင်းချလျက်. . .

"နောက်ဆုံး သူ့ရဲ့ဒဏ်ကိုမခံနိုင်လို့လမ်းခွဲခဲ့ရတယ်. . ."

မျိုးမြင့်ထွန်းစကားကြောင့် သူအံ့အားသင့်သွားသည်။ သူ့ရဲ့ဒဏ် တဲ့. . ။

မျိုးမြင့်ထွန်းက သူ့ကိုစေ့ကြည့်လိုက်ပြီး. . .

"ဟုတ်တယ်ဗျ. . . သူကပျော်စေပျက်စေ ဆိုပြီးလုပ်တဲ့ကိစ္စတွေ ကိုမခံနိုင်လို့လမ်းခွဲခဲ့ရတာ. . ."

မျိုးမြင့်ထွန်းစကားကြောင့် သူမျက်မှောင်ကြုတ်လိုက်မိသည်။ နောက်မှ

"ဘယ်လိုတွေလုပ်လို့လဲ. . ."

"ဘယ်လိုလဲဆိုရင်. ."

ဟိုလူတစ်ချက်စဉ်းစားလိုက်သည်။ နောက်မှ. . .

"အစုံပဲဗျာ. . . ဥပမာ ကော်ဖီဆိုင်ထိုင်နေရင်းနဲ့ ကော်ဖီခွက်ထဲင ရုပ်ကောင်းမှုန့်ခတ်ပြီး မသိချင်ယောင်ဆောင်နေတာမျိုး. . . ကျုပ်ဆို ငရုပ်ကောင်းမှုန့်ခတ်ထားတဲ့ကော်ဖီဆယ်ခွက်ထက်မနည်းသောက်ဖူး တယ်. . ."

"အဲ. . . နောက်ရှိသေးတယ်. . . အတူတူလမ်း လျှောက်နေရင်း နဲ့ ဘတ်စ်ကားပေါ် ခုန်တက်သွားတာမျိုး. . ."

www.burmeseclassic.com



"ဟင်"

"နောက်ပြီး ခေါင်းလိမ်းဆီလူးပေးမယ်ဆိုပြီး စတော်ဘယ်ရီယိုတွေ သုပ်ပေးတာမျိုး. . ကျုပ်မှာလူတောထဲ ယင်တလောင်းလောင်းနဲ့ပြန်ရတာ. . ."

"သြော်. . ."

"မျိုးမြင့်ထွန်းစကားကြောင့် သူဘာဆက်ပြောလို့ပြောရမှန်း မသိတော့။ စိတ်ထဲမှာလည်းရယ်ချင်သလိုဖြစ်နေမိ၏။သူပြောတဲ့အထဲမှာ သူမလုပ်ပုံနည်းအစုံပါတယ်။ သို့သော်သူက. . .

"ဟိုလေဗျာ. . . ဒါကပျော်စေပျက်စေဆိုတော့ မပြောပလောက် ဘူးထင်တယ်. . ."

သူ့စကားကြောင့် မျိုးမြင့်ထွန်းကပြန်ငေ့ကြည့်ပြီး. . .

"မပြောပလောက်ဘူး. . . ဟုတ်လား. ."

သူဘာမှပြန်မပြောဖြစ်။ မျိုးမြင့်ထွန်းကသာ ခေါင်းတဆတ်ဆတ် ညိတ်ပြီး. . .

"ဒါပေမယ့် တစ်ခါက သူလုပ်ပုံသည်းမခံနိုင်တော့ဘူး. . ."

"ဘာလုပ်လို့လဲဗျ. . ."

သူအလောတကြီးဖြတ်မေးလိုက်သည်။ သူ့အမေးကို မျိုးမြင့်ထွန်း က မျက်နှာနီသွားပြီး. . .

"ဘယ်လိုလုပ်လဲဆိုတော့. . သူကပန်းခြံထဲမှာဗျ. . ကျွန်တော့် ကိုချိန်းတယ်. . ."

"အင်း"

"ချိန်းပြီး လူစည်တဲ့အချိန်လည်းရောက်ရော အတူထိုင်နေ ရင်း. . . ဗျောက်အိုးအထုပ်လိုက်ကြီးမီးရှို့ပြီး လုံချည်ထဲပစ်ထည့်လိုက် တယ်. . ."

"အင်"

ဟိုလူစကားကြောင့် သူဘာပြန်ပြောရမှန်းမသိတော့။ ဟိုလူက သာမျက်နှာအိုချလိုက်ပြီး. . .

www.burmeseclassic.com



"ခင်ဗျားစဉ်းစားကြည့်ဗျာ. . ကိုယ်ချင်းလည်းစာတတ်မှာပါ. . ယောကျ်ားတစ်ယောက်လုံချည်ထဲ ဗျောက်အိုးပစ်ထည့်တာ ဘယ်လောက် ခံရခက်မလည်းဆိုတာ. . ."

"ဟင်"

သူဘာမှမပြောနိုင်ပဲ ပါးစပ်အဟောင်းသားနဲ့ ထိုသူကိုငေးကြည့်နေမိသည်။ မျိုးမြင့်ထွန်းက အတိတ်ကိုပြန်သတိရသွားသည်ထင့်။ မျက်ရည်တွေဝိုင်းတက်လာပြီး သူ့ဗိုက်ကိုသူညှစ်ကာ ငိုသံဝဲကြီးဖြင့် ခပ်လေးလေး ဆက်ပြောသည်။

"ဗျောက်အိုးဆိုတာကလည်းဗျာ တစ်လုံးပြီးတစ်လုံး ထထပေါက်တာ အတွဲလိုက်ကြီးဆိုတော့ စဉ်းစားသာကြည့် သုံးဆယ့်နှစ်ချက်လားပဲ ကြားရတယ်. . . နောက်ပိုင်းဘာ မှမကြားရတော့ဘူး. . . ကျုပ်မှာပါးစပ်က ပါတဒူးမေဂျစ်ဆိုပြီး ထအော်ရတဲ့ ထိဗျာ. . ဘာဘာသာစကားမှန်းကို မသိပါဘူး. . . အဲဒီတုန်းကပါး စပ်ကနေအလိုလို ထွက်သွားတာ. . ဟင်း. . အခုတော့လုံချည်ဝတ်တိုင်း ကိုယ့်ကိုယ်ကိုယ် အကောင်းအတိုင်း ပြန်တွေ့ရတာကိုပဲ ဝမ်းသာနေမိတယ်. . ."

"ဟင်. . ."

"ခြေနှစ်ချောင်းပြောပါတယ်. . ."

"အော်. . ."

သူ့အသံမှာပါငိုသံပါသွား၏။ ဟိုလူကိုလည်း တင်ပါးကျုံ့ဝင် သည်အထိကိုယ်ချင်းစာမိသွားသည်။ အလိုလိုနေရင်း နားထဲမှာတဖောင်းဖောင်း မြည်သံ ကြီးကြားမိပြီး အံကြိတ်ထားမိသည်။ မည်သို့နေမည်နည်း။ ဗျောက်အိုးပေါက်ချိန်တွင် ဗျောက်အိုးက အပေါ်သို့ခုန်တက်လာမည်လေ. . .။

"ထားပါတော့ဗျာ. . အတိတ်ကိုအတိတ်မှာပဲ ထားတာကောင်းပါတယ်. . ကျုပ်မှာလည်း မီးဟပ်ခံထားရတာ အမှတ်တရကျန်ခဲ့တာပဲ. . ဒါနဲ့ အဲဒီထဲက သူ့ကိုရွံကြောက်ကြီးကိုကြောက်သွားတာပါဗျာ. . . တစ်သက်စာပါပဲ. . အခုသူတင်ပါးကျိုးလို့ဆေး ရုံတင်ထားရတယ်ဆို. . ."

"ဟင်. . အော်. . ဟုတ်ကဲ့. . ဟုတ်တယ်ဆေးရုံမှာမှောက်ခုံကြီး"

www.burmeseclassic.com



ကိုယ့်ဖာသာကိုယ် အတွေးလွန်နေရာမှ မျိုးမြင့်ထွန်းဖြတ်မေးလိုက်သဖြင့် သူအလျင်အမြန်ခေါင်းညိတ်ရင်းဖြေလိုက်မိသည်။ ဒါကို မျိုးမြင့်ထွန်းက. . .

"ကဲ. . ဒါဖြင့်လည်း ကျွန်တော်သူ့ကိုလက်ဆောင်တစ်ခုဝယ်ပေးလိုက်မယ် ကျွန်တော်သူ့ကိုသံယောဇဉ်မပြတ်ပါဘူး. . ခင်ဗျားဒီကခဏစောင့်နေဗျာ. . ."

ဟုဆို၍ သူဘာမှပြန်မပြောနိုင်ခင် အလျင်အမြန်သုတ်ခြေတင်သွားသည်။ နောက်သူနဲ့ပါလာသူကိုလည်း ခဏစောင့်ဖို့ပြောသည်။ ပြီးတော့ အပြင် သို့ခပ်သွက်သွက်ထွက်သွားသည်ကိုတွေ့လိုက်ရသည်။

ဖုန်တွေထသွားပါ။ သို့သော် တိတ်ခွေရစ်လိုက်သလို အတော်မြန်ကြောင်းကိုတော့သိလိုက်ရသည်။

ထိုသို့သာပင် သူမ၏အပြုအမူကိုဆက်၍ပြောပြပါဦးမည်။

လူတစ်ယောက်တွင် မှန်တစ်ချပ်ရှိသည်ဆိုပါတော့။ မှန်၏သဘောသဘာဝအတိုင်း ကိုယ်ကပြုံးပြလျှင် သူကကိုယ့်နည်းတူစွာပြုံးပြလိမ့်မည်။ ကိုယ်ကမဲ့ပြပါက သူကပြန်မဲ့ပြလိမ့်မည်။ ထိုသို့မှန်ကန်တိကျသောအဖြေထွက်သည့်အတွက် ၎င်းကိုမှန်ဟုခေါ်ခဲ့ကြပုံရသည်။ သို့သော်ပို၍သေချာသည်က မှန်တွင်ပေါ် နေသောပုံရိပ်မှာ ဘယ်ညာမှားနေလိမ့်မည်။ သူမသည်လည်း ထိုမှန်ချပ်ကလေး အတိုင်းပင် ကိုယ်ပြုံးပြသော်လည်း သူမအတွက်တော့ လူတိုင်းနဲ့ဘယ်ညာမှားနေလိမ့်ဦးမည်။

ဆိုရသော်. . .။

လူတစ်ယောက်ပြောတယ်. . .

"အခုခေတ်ဆရာဝန်လက်ရေးတွေ အတော်ဆိုးတယ်ဗျ. . . ဘယ်လိုမှကို ဖတ်လို့မရဘူး. . ."

ဒါကို နောက်လူတစ်ယောက်က. . .

"ဆိုးတယ်ဟုတ်လား. . . မဖြစ်နိုင်ဘူး. . . သူတို့လက်ရေးကအတော်အသုံးဝင်ပါတယ်. . ."

ဒုတိယလူ၏စကားကို ပထမလူက မျက်မှောင်ကြုတ်လိုက်ပြီး . .

www.burmeseclassic.com



"ဘယ်လိုအသုံးဝင်တာလဲ. . . "

"ဒီလိုလေ. . . ကျွန်တော် လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျန်းမာရေးမကောင်းလို့ဆရာဝန်စီဆေး စာတောင်းဘူးတယ်. . . အဲဒီဆေးရုံကိုပဲ မီးရထားဌာနက အခမဲ့ဆီးခွင့်လက်မှတ်ထင်ပြီး ရထားအခမဲ့တစ်နှစ်စီးခဲ့ရတယ်. . . နောက် စတိုးဆိုင်ကြီးတွေကလည်း အဲဒီလက်မှတ်ကို အကြွေးဝယ်ခွင့်လက်မှတ်ထင်ပြီး ဈေးအလကားဝယ်ခဲ့ရတယ်. . နောက် ရုပ်ရှင်ရုံတစ်ရုံကလည်း မေတ္တာလက်မှတ်ထင်ပြီး အခမဲ့ကြည့်ခဲ့ရတယ်. . ဟော. . အခုတော့ပိုအဆင်ပြေသွားပြီလေ. . . "

"ဘာဖြစ်လို့လဲ. . . "

"ကျွန်တော့သမီးအလတ်မက အဲဒီဆေးစာရွက်ကို Music Note တွေမှတ်ပြီး တယောကျင့်နေတာ ခုဆိုတော်တော်တောင်ဟုတ်နေပြီဗျ. . . "

သူမသည် ထိုသို့သာဖြစ်သည်။ မည်သူကမှားနေမှန်း ဘယ်လိုမှမသိနိုင်။ အဘယ်ကြောင့်ဆိုသော် သူမသည် မှန်တစ်ချပ်ဖြစ်သည်။ သို့သော် သူမသည် ဆရာဝန်လက်ရေးလည်းဖြစ်သည်။

သူမအကြောင်းစဉ်းစားတုန်း သိပ်မကြာခင်မှာ ကိုမျိုးမြင့်ထွန်းဆိုတဲ့လူ ပါဆယ်ထုပ်ကြီးတစ်ထုပ်မပြီး ပြန်ရောက်လာသည်။ သူ၏ပါဆယ်ထုပ်မှာ ဒူးခေါင်းလောက်မြင့်သဖြင့် မနည်းမလာရသည်။

"ကဲ. . . ရော့. . မေထူးချွန်ကိုဒါလေးပေးလိုက်ပါဗျာ. . . ကျုပ်ပေးလိုက်တယ်လို့ပြောလိုက်ပါ. . . "

သူဘာမှဆက်မမေးတော့။ အထုပ်ကိုလက်ကဆွဲမလိုက်သည်။ အထုပ်ကအတော်ကိုလေးပါသည်။ ဤအလေးချိန်မျှ သံယောဇဉ်ရှိသည်ဆိုလျှင်ပင်လူလူ ချင်းအတွက်အတော်များလွန်းသော သံယောဇဉ်ဖြစ်ပေလိမ့်မည်။

"ကဲ. . . ဒါဆိုလည်း ကျွန်တော်သွားတော့မယ်. . သူ့ကိုရောဘာမှာ လိုက်ဦးမလဲ. . . "

မျိုးမြင့်ထွန်းခေါင်းခါလိုက်သည်။

"ဘာမှမမှာတော့ပါဘူး. . အဲဒါပေမဲ့. . . "

www.burmeseclassic.com



စကားကိုထပ်မဆက်သေးဘဲ မျက်လွှာချ၍ သက်ပြင်းမှုတ်ထုတ်လိုက်သည်။ ပြီးမှခပ်လေးလေးလေသံဖြင့် တစ်လုံးချင်းပြောချလိုက်သည်။

"ကျွန်တော်. . . ရှေ့အပတ်ထဲမှာ သက်သက်ဇင်နဲ့စေ့စပ်တော့မယ်လို့. . ."

"ဟင်. . ."

www.burmeseclassic.com

ဆေး ရုံရှိသူမအခန်းထဲလှမ်းဝင်လိုက်သည်နှင့် သူမမျောက်ခုံကြီးနှင့် မျက်လုံးတစ်ချက်ပင့်ကြည့်သည်။ ပြီးတော့ တစ်ခါမှမသိဖူးသူလို အရှေ့ပြန်လှည့်သွားသည်။ နောက် ဆတ်ခနဲပြန်လှည့်ကြည့်သည်။ ကျွန်တော့်လက်ထဲ ကအထုပ်ကိုမြင်တော့ စိတ်ဝင်စားသွားပုံရသည်။ နောက်အရေးမကြီးသလိုဟန်မျိုးနဲ့ အရှေ့ပြန်လှည့်သွားကာ မုန့်တစ်ခုကို စိမ်ပြေနပြေဝါးနေသည်။ သူကသာ မျိုးမြင့်ထွန်းပေး လိုက်သောအထုပ်ကြီးပိုက်၍. . .

"မေထူးချွန်နေကောင်းလား. ."

သူကဘာမှပြန်မဖြေပါ။ ကျွန်တော်ချလိုက်သော အထုပ်ကြီးကိုသာ စိတ်ဝင်စားစွာနဲ့ စောင်းကြည့်နေသည်။

"နင်ဘယ်တော့ဆေးရုံဆင်းမှာလဲ. ."

သူမမုန့်တစ်ခုကိုက်လိုက်သည်။ နောက်သူ့လက်သန်းသေးသေး

www.burmeseclassic.com



လေးဖြင့် အထုပ်ကိုညွှန်ပြ၍. . .

"အဲဒါဘာကြီးလဲ. . ."

သိချင်စိတ်များ၍ထင့်စကားပင်မပီတော့. . .

"ဒါက. . ."

သူစကားကိုထပ်မဆက်သေးဘဲ သူမကိုကြည့်သည်။ သူမ မုန့်ကို ပင် ဆက်မဝါးသေးဘဲ သူ့စကားကိုစောင့်နေသည်။

"ဒါ. . . ကိုမျိုးမြင့်ထွန်းနင့်ကိုပေးလိုက်တာ. . ."

"ဟင်. ."

သူမပါးစပ်ဟသွား၏။မျက်လုံးများအရောင်လက်သွား၏။ နောက် ပါး စပ်ထဲကမုန့်ကို အားရပါးရမျိုလိုက်သည်။

"အဟု"

အနည်းငယ်သီးသွားပုံရသည်။ နဘေးကအချိုရည်ဗူးတစ်ဗူး ကိုလှမ်း ယူလိုက်ပြီး 'ဂလုဂလု' နဲ့နေအောင်မျိုချလိုက်သည်။ နောက်မှ ကမန်းကတမ်း ဖြင့်. . .

"ဘာ. . . ဘာတွေလဲဟင်. . ."

"မသိဘူးဟ. . ဒီအတိုင်းပေးလိုက်တာ. . ."

"ဟာ. . နင်ကလည်း. . . ."

သူမစိတ်ပျက်စွာညည်း၏။ နောက်မှ ပြောင်လက်နေသောမျက် ဝန်းအစုံနဲ့. . .

"အဲ. . . ငါသိပြီ. . . သူက ငါအလှကြိုက်မှန်းသိလို့ ကိုယ်လုံး ပေါ်မှန်ကြီးပေးလိုက်တာဖြစ်မယ်. . . အဲ. . . နေဦး. . ."

သူမ မျက်လုံးအပေါ်လှန်ပြီးစဉ်းစားနေပြန်သည်။

"ငါသူ့ကိုပြောဖူးတယ်. . . ငါ့အခန်းထဲကမီရှိက ဒီဇိုင်းအောက် နေပြီလို့. . . အဲ. . . ဒီလောက်ဟာကလည်း ဘီရိုမဖြစ်နိုင်ဘူး. . ."

သူမဘူးကိုမကြည့်သည်။

"သိပ်မလေးဘူးဟ. . . ဒါဆို. . . အင်း. . . ငါချုပ်ဝတ်ဖို့ပိတ် စတွေ ဒါလည်းမဖြစ်နိုင်ဘူး. . . ပိတ်စတွေဆို အိတ်တစ်အိတ်နဲ့ထုတ်ပေး

www.burmeseclassic.com



လိုက်မှာပေါ့ အော်. . . သိပြီ သိပြီ. . မုန့်တွေ. . . မုန့်တွေဖြစ်မယ်. . . ငါ့ဘီစကစ်မုန့်ကြိုက် မှန်းသိလို့ ပုံးလိုက်ကြီးဝယ်ပေးလိုက်တာဖြစ်မယ်. . . ဟဲဟဲ. . . အဲ. . . မုန့်ပုံးက ဒီလောက်ကြီးပါ့မလား. . အို. . . ဘာပဲဖြစ်ဖြစ် ဖွင့်ကြည့်လိုက်တာကောင်းမယ် ထင်တယ်နော်. . . ”

ဟုဆို၍သူ့ဘက်လှည့်ကာ. . .

“ဟိတ်. . . အဲဒါလေး. . ငါ့ကိုခဏဖွင့်ပေး. . . ”

တောင်းပန်သံလည်းမဟုတ်၊ အမိန့်ပေးသံလည်းမဟုတ်ပါ။ နဂိုပြောရိုးပြောစဉ်အတိုင်းပြောခြင်းသာဖြစ်၏။ ကျွန်တော်လည်းစောဒကတက်မနေတော့ဘဲ ဖွင့်ရန်သာပြင်လိုက်သည်။

“ခဏနေဦး. . . ”

သူမအထုပ်ပေါ်လက်တင်ပြီး. . .

“နင်နဲ့ငါလောင်းမလား. . . ”

သူမျက်မှောင်ကြုတ်လိုက်သည်။

“ဘာလောင်းမှာလဲ. . . ”

သူမဗိုက်အောက်ခေါင်းအုံးကို ပြင်ခု၍. . .

“ဒီအထဲမှာဘာပါမယ်ဆိုတာ. . . ”

“ဒါတော့ဘယ်သိမှာလဲဟ”

“အေးလေ. . . ဒါကိုနင်လည်းမသိဘူး ငါလည်းမသိဘူး. . . အဲဒါကို ဒီထဲမှာဘာပါတယ်ဆိုတာ နင်နဲ့ငါလောင်းမလား. . ”

သူမစကားကြောင့်သူစိတ်ညစ်သွား၏။ ကြည့်ဦး အလောင်းအစားကလည်းဝါသနာကြီးပုံ။ သူလည်းပြီးပြီးရောသဘောနဲ့. . .

“လောင်းမယ်ဟာ. . . ဘာကိုလောင်းရမှာလဲ. . . ”

သူမကချက်ချင်းအဖြေမပေးဘဲ မေးဖျားကိုလက်ညှိုးထောက်၍ မျက်လုံး လှန်စဉ်းစားလိုက်သည်။ နောက်မှ. . .

“ဒီလိုဟာ. . . ဒီပုံးထဲမှာငါက စားစရာပါတဲ့ဘက်က. . လောင်းမယ်. . . နင်က. . . ”

“ငါကမှန်တဲ့ဘက်ကလောင်းမယ်. . . ”

www.burmeseclassic.com



သူခပ်မြန်မြန်သာဖြတ်ပြောလိုက်သည်။ သူမကသူ့စကားကိုသဘောကျပြီး. . .

"အေးဟုတ်ပြီ. . . များများမလောင်းဘူး. . . ငါးရာကြေးလောက်ပဲ. . ."

သူခေါင်းညိတ်၍သာထောက်ခံလိုက်သည်။

"ပိုက်ဆံပြ. . ."

သူမ၏စကားကို သူအိတ်ကပ်ပုတ်ပြကာ. . .

"ပါပါတယ်ဟ. . ."

ထိုတော့မှ သူမကျေနပ်သွားပြီး. . .

"ကဲ. . ဒါဆိုဖွင့်မယ်. . ."

"အေးဖွင့်. . ."

သူမစိတ်ဝင်စားစွာဖြင့် အထုပ်ကိုအပေါ်စီးမှနေ၍အသေအချာငုံ့ကြည့်နေသည်။ မျက်လုံးများကလည်းပြောင်လက်နေမှာသေချာ၏။

သူအထုပ်မှာပတ်ထားတဲ့တိတ်တွေကို စိတ်ရှည်လက်ရှည်ခွာလိုက်သည်။ အထုပ်ကိုဖွင့်မယ်ပြင်ရုံသာရှိသေး၏ သူမကလက်ကာတားပြီး. . .

"ခဏနေဦး. . ."

သူသူမကိုပြန်မော့ကြည့်လိုက်သည်။ သူမကသူ့ကိုပြန်ငုံ့ကြည့်ပြီး. . .

"ဟို အဓိပ္ပါယ်ရှိသွားအောင် ငါကတစ်နှစ်သုံးဆိုမှဖွင့်. . ."

"ဘာလို့လဲ. . ."

"ဘာလို့လဲဆိုတော့. . ."

သူ့စကားကိုသူမသံယောင်လိုက်သည့်စကား။ စကားတော့ထပ်မဆက်သေး။ နောက်မှ. . .

"ဒီလိုလေဟာ. . နင်နဲ့ငါလောင်းထားတယ်ဆိုတော့ အတူတူတစ်ပြိုင် တည်းကြည့်မှ အဓိပ္ပါယ်ရှိမှာပေါ့. . ."

သူ သက်ပြင်းချလိုက်သည်။ ပြီးမှ. . .

"အေးပါဟာ. . ."

www.burmeseclassic.com



သူမခပ်ဟဟာရယ်ပါသည်။

"ကဲ. . ဒါဆိုစပြီ. . . "

သူ့လက်များအထုပ်ပေါ်အသေအချာတင်ထားလိုက်သည်။ သူမနှုတ်မှ အသံက. . .

"တစ်"

သူ့လက်များကွေးပြီး အထုပ်ဖွင့်ရန် အစနှစ်စကိုလှမ်းကိုင်လိုက်သည်။

"နှစ်"

သူ့လက်ကအထုပ်ကိုဖြုတ်ပြီးနေပြီ. . . ။

"သုံး"

အသံဆုံးသည်နှင့် သူအထုပ်ကိုဆတ်ခနဲဆွဲဖွင့်လိုက်သည်။ မျက်လုံး များကအတွင်းသို့. . .

"ဟာ"

"အလို"

နှစ်ယောက်လုံးထံမှ အံ့အားသင့်သောအာမေဋိတ်သံများလျှံကျလာ သည်။

"ဟင်ဘာကြီးလဲ. . ဘယ်လိုကြီးလဲဟ. . . "

မယုံနိုင်စွာ တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်မိကြသည်။ ကြည့်လည်းကြည့်ချင်စရာ။ အထုပ်ထဲမှာတွေ့နေရသည်က သူမပြောသလို စားစရာလည်းမဟုတ်၊ သူထင်သလိုမှန်လည်းမဟုတ်။

"ဟင်. . . အိမ်သာခွက်ကြီး. . အိမ်သာခွက်ကြီး. . . "

ဟုတ်ပါသည်။ သူတို့မြင်ရသည်က ကြွေများဖြင့်ပြောင်လက်နေသော အိမ်သာခွက်ကြီးပါ။

အိမ်သာခွက်မှ ရိုးရိုးအိမ်သာခွက်မဟုတ် ဘိုထိုင်အိမ်သာခွက်ဟုခေါ်သော အိမ်သာခွက်အမြင့်စားမျိုး။ အိမ်သာခွက်မှအိမ်သာခွက်အစစ်။

"အဟင့်. . . "

အသံနှင့်အတူ သူမပါးစပ်ကြီးဟသွားသည်။ နောက်မှ မျက်ရည်

www.burmeseclassic.com



များ 'ပတစ်' ခနဲကျလာပါသည်။ နောက်ပေါင်မုန့်အတောင့်တစ်တောင့်ကို ပါးစပ်ထဲ ထိုးထည့်လိုက်ပြီး ကျီးကြည့်ကြောင်ကြည့်လိုက်ကြည့်နေသည်။

"တောက်. . . အတော်အမြော်အမြင်ကြီးတဲ့လူ. . ."

သူမကိုကြည့်ကာသူ့ပါးစပ်မှ လွတ်ခနဲအားရဝမ်း သာထွက်သွားသည်။ သူမက မျက်ရည်များဝိုင်းသောမျက်လုံးအစုံဖြင့် သူ့ကိုဝေ့ကြည့်သည်။ ပြီးတော့မယုံသင်္ကာဖြင့် . . .

"ဘာအမျှော်အမြင်ကြီးတာလဲ. . . ဟင်. . ."

သူမအမေး။ ဒါကို သူအားတက်သရောနှင့်. .

"ဟုတ်တယ်လေ. . . နင်ပဲစဉ်းစားကြည့်. . နင်ကတင်ပါး စုံရှိုးကျိုးနေတော့ အင်အင်းကဘယ်ထိုင်နိုင်ပါ့မလည်း. . . ဒါကြီးနဲ့ ဆိုအေးဆေးပဲ. . . အသာလေးတက်ထိုင်လိုက်ရုံပဲ. . အားလုံးလျှောလျှော ရှူရှူဖြစ်ပြီ. . . ဘာမှထိုင်ညှစ်နေစရာမလိုတော့ဘူး. . . ဟုတ်တယ်မဟုတ် လား. . ဒါကို အမြော်အမြင်ကြီး တယ်လို့ပြောတာ. . . တောက်. . . ငါတောင်ဒါမျိုးမစဉ်းစားမိဘူးနော့. . "

သူမကယောင်တောင်တောင်နဲ့ 'အင်းအင်း' ဆိုပြီးခေါင်း လိုက်ညိတ်သည်။ ပြီးတော့သူ့အနောက်ကိုသူပြန်ဝေ့ကြည့်သည်။ အနောက် မှကျိုးနေသော သူ့တင်ပါးရိုးကိုမြင်တော့မှ မျက်နှာကြီးနီရဲသွားပြီး. . .

"ဘာလို့ထိုင်ညှစ်ရမှာလဲ နင်ညှစ်ချင်နင်ယူသွား. . ."

ဟုဆိုပြီး. . .

"ငါ့တင်ပါးကျိုးနေတာကိုအခွင့်ကောင်းယူပြီး. . . အရှက်ခွဲ တဲ့ကောင်. . တမင်အရှက်ခွဲတာ. . . ."

ဆိုပြီး သံကုန်ခြစ်အော်သည်။ သူမကိုကြည့်ပြီးသူလည်းသဘော ပေါက်ကာရယ်ချင်သွားပြီး. . .

"ဟားဟား. . . နင်ညှစ်ဖို့မဟုတ်ရင်လည်း နင်စားဖို့သူပို့ပေး လိုက်တာ ဖြစ်မှာပေါ့ ခုနကပဲနင်ပြောတယ်လေ. . ဒါကြီးကစားစရာကြီး ပဲဖြစ်မယ်ဆိုတာ လေ. . . ဟားဟား. . ."

ဟုဆိုလိုက်ရာ သူမကလက်ထဲကျန်နေတဲ့မုန့်နဲ့သူ့ကိုလှမ်းပစ်

www.burmeseclassic.com
BURMESE CLASSIC .com



လိုက်ပြီး. .

"ဘာနင်စားဖို့လဲ. . . နင့်ဖာသာစားချင်ရင်နင်ယူသွား သူများ ဗိုက် ဆာနေပါတယ်ဆိုမှအိမ်သာခွက်ကြီးလာပေးတယ်. . ."

ဆိုပြီးအိမ်သာခွက်ကြီးကိုဝုန်းခနဲတွန်းချလိုက်တယ်. . သူလည်း ကမန်းကတမ်းအိမ်သာခွက်ကိုလိုက်ဖမ်းပြီး. . .

"ဟ. . . နှမြောစရာကြီး ဘာလို့တွန်းချတာလည်း. . . နင်ကလည်း စားချင်စားညစ်ချင်ညစ်လို့ရတဲ့ဟာကို. . ."

သူ့စကားကြောင့်သူမဆတ်ဆတ်ခါနာသွားပြီး. . .

"နင်ပဲစား. . . နင်ပဲညစ်. . . နင့်ဖာသာနင်ညစ်ပြီး နင့်ဖာသာ နင်ပြန်စား. . . . သွားယူသွား ငါ့ရှေ့ကယူသွား. . ."

ဟုဆို၍ ဘိုထိုင်အိမ်သာခွက်ကြီးကို တွန်းချလိုက်ငိုလိုက်လုပ်နေ သဖြင့် သူလည်းစိတ်ညစ်သွားပြီး. . .

"အေး. . . အဲဒါဆိုပြီးရော. . . ငါသွားတော့မယ်. ."

ဆိုတာကို သူမကထုံးစံအတိုင်း. . .

"လစ်ချင်တဲ့နေရာသာလစ်. . . ငါ့နားဘယ်တော့မှမလာနဲ့. . အခု လစ်တော်ကြာလစ်. . . အမြန်ဆုံးလစ်. ."

ဟုဆိုပြီးသံကုန်ခြစ်အောင်သည်။ သူထိုင်ရာကအသာထပြီး ထထွက်လိုက်သည်။ စိတ်ထဲမှာတော့ရယ်ချင်နေတုန်း။ နောက်မှသတိရ သွားပြီး. . .

"အော်. . . မေထူးချွန်. . ."

သူမမျက်ရည်များဖြင့်လှည့်ကြည့်လိုက်သည်။ သူပြောသင့်မပြော သင့်စဉ်းစားလိုက်သည်။ နောက်မှ မပြောမဖြစ်၍သာသက်ပြင်းချကာ ပြောချလိုက်သည်။

"ကိုမျိုးမြင့်ထွန်းက ရှေ့အပတ်ထဲ ဟိုအမျိုးသမီးနဲ့စေ့စပ်တော့ မှာတဲ့. . ."

"ဟင်"

မျက်ရည်များကြား သူမပါးစပ်အကျယ်ကြီးဟသွား၏။ သူ့စကား

www.burmeseclassic.com



ကို သူမအံ့အားသင့်သွားပုံရသည်။ သူလည်းဘာမှဆက်မပြောဘဲ သူမထံမှပြင်းရှရှ အော်သံမကြားရမီ အလျင်အမြန်လှည့်ထွက်လိုက်သည်။ သူမက တော့ ကြောင်ပြီးသူ့ကိုငေးကြည့်နေတုန်း။

ငိုသံလည်းဆက်မကြားရ။ သူမ 'အ' သွားပြီထင်ရ၏. . .။

www.burmeseclassic.com

**ဒီနှစ်** နွေရာသီ အတော်ပူပါသည်။ တိုက်ခတ်လာသည့်လေများလည်း နေအပူကိုဖြတ်လျှောက်လာရသည်ထင့်၊ လေပူများသာဖြစ်နေသည်။ ထိုအပူရှိန်များကြောင့် နေရထိုင်ရသည်မှာ ငြီးစီစီနှင့်မို့ အိပ်ပဲငိုက်ချင်သလိုလို၊ အားပဲနည်း နေသလိုလိုနှင့် တစ်နေကုန် မလန်းမဆန်းနိုင်လှသည်။

ပို၍မလန်းသည်က သူ၏စိတ်များပင်။ အလိုလိုနေရင်း သူမမျက်နှာ ပြောင်ချော်ချော်ကြီး အတွေးထဲပေါ်လာ၍ပင်ဖြစ်သည်။

တွေးလည်းမတွေးပါ၊ သတိမရအောင်လည်းနေပါသည်။ သို့သော် မည်သည့်ပယောဂကြောင့်မသိ သူမ၏မျက်နှာကြီးက စိတ်ကူးထဲလန်းတန်းလန်းတန်းနှင့် လိုက်ပါနေသည်။

ဘာအလုပ်ပဲလုပ်လုပ် ကိုယ့်နဘေးနား သူမရောက်ရောက်လာ၍ ဘာလာကြပ်ပြန်ပြီးလဲဟူ၍ပင် လန့်လန့်သွားတတ်၏။

www.burmeseclassic.com



ဟုတ်ပါသည်။ သူမသာအနားရှိနေပါက သူ့အားဒုက္ခရောက်ရန် တစ် ခုခုကြံစည်နေမှာသေချာ၏။

လုံချည်အောက်နားကိုမီးနဲ့ရှို့နေသည်ဖြစ်စေ၊ နားရွက်ကိုသား ရေကွင်း နဲ့ထိုင်ပစ်နေသည်ဖြစ်စေ၊ တစ်ခုခုတော့ကြံစည်နေမှာသေချာ၏။ သို့တည်းမဟုတ် သူမတစ်ယောက်တည်းငြိမ်ကုပ်၍ မုန့်တွေတစ်ခုပြီး တစ်ခုဝါးနေတာလည်းဖြစ်ချင်ဖြစ်မည်။ ပြီးလျှင် သူ၏ပေကျံနေသောလက် ကိုဆေးခိုင်းပေလိမ့်မည်။ သို့မှမဟုတ် လျှင်သူမ၏ ပြောင်ချောချောမျက်နှာ ကြီးကို စူပုပ်၍တစ်ခုခုထိုင် စဉ်းစားနေလိမ့်မည်။

ထိုသို့သူမစဉ်းစားနေသည်မှာလည်း သူတစ်ပါးကိုဒုက္ခပေး ရန် သာဖြစ်ပေလိမ့်မည်။

ဆိုရသော် သူမ၏အပြုအမူများကို ဥပမာတစ်ခုနှင့်ရှင်းပြ အံ့. . .။

မီးရထားတစ်စင်းပေါ်တွင် အရွယ်တော်ယောကျ်ားသားနှစ် ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့ မျက်နှာချင်းဆိုင်ထိုင်ခုံတွင် အတူထိုင် နေရ၏။ ယောကျ်ားသားနှစ်ဦးမှာ လူရည်သန့်လူငယ်များဖြစ်ပြီး တစ်ဦးမှာ အိုင်ယာလန်သားဖြစ်ပြီး တစ်ဦးမှာဂျာမဏီသားဖြစ်သည်။ အမျိုးသမီးနှစ်ဦး မှာ တစ်ဦးကအဘွားကြီးဖြစ်ပြီး နောက်တစ်ဦးမှာ ဖြူစင်နုနယ်၍ချော မောလှပသောမိန်းမချောလေးတစ်ဦးတို့ပင်ဖြစ်သည်။

ယောကျ်ားသားနှစ်ယောက်မှာ အမျိုသမီးငယ်လေးကိုသာ ပြုတ် ထွက်တော့မယ့် မျက်လုံးတွေနဲ့ စိုက်ကြည့်လာကြသည်။ အဘွားကြီးကသာ ပုတ်သိုးနေ သောမျက်လုံးကြီးနဲ့ ထိုလူငယ်နှစ်ယောက်ကို စွေစောင်းကြည့် ရင်းလိုက်ပါလာသည်။

ဤသို့ဖြင့် မှောင်မိုက်သောမြေအောက်လမ်းတစ်ခုသို့ ရထား အဖြတ် ဘာမှမမြင်ရတော့သောအချိန်ဝယ် ရွှတ်ခနဲအသံတစ်ချက်ကြား ပြီး ‘ဖြောင်း’ခနဲ ပါးရိုက်သံ တစ်ချက်ကြားရလေသည်။ ရထားကြီးအလင်း ရောင်သို့ပြန်ရောက်လာ သောအခါ လေးယောက်လုံးမှာ ခတ်တည်တည် မျက်နှာနှင့်ဟန်မပျက်ထိုင်နေကြသည်။

www.burmeseclassic.com



အဘွားကြီးကဤသို့တွေး၏။

"ဘယ်ကောင်လဲမသိဘူး. . . အမှောင်ထဲမှာ ကောင်မလေးကို နမ်းတာ. . . ကောင်မလေးလက်ကလည်းမြန်လိုက်တာ 'ဖြောင်း' ခနဲနေ တာပဲ. . . တော်တော်လက်သွက်တဲ့မဟုတ်မခံမလေး. . ဟိုသောက် ကောင်တော့ တော်တော်အီသွားမှာပဲ. . ."

မိန်းမပျိုလေးက ဤသို့တွေးပြန်၏။

"ဘယ်ကောင်လဲတော့မသိဘူး. . . အမှောင်ထဲမှာ ငါမှတ်ပြီးနမ်း တာ အဘွားကြီးကိုနမ်းမိသွားတယ်. . . အဘွားကြီးလက်ကလည်းယဉ်ပါ့ ဒါမျိုးတော်တော်အတွေ့အကြုံရှိပုံရတယ် 'ဖြောင်း' ခနဲကိုနေတာ. . သန်မာ ပုံ ကအရွယ်နဲ့မလိုက်ဘူး. . အသံကြီးကတော်တော်အောင်တယ်. . "

ဂျာမဏီသားက ဤသို့တွေးပြန်၏။

"တောက်. . . အိုင်ယာလန်သားကတော့လုပ်ပြီ. . . နမ်းတာက သူလူမှားပြီးပါးချခံရတော့ငါ. . . တောက်. . . မျက်လုံးထဲမီးပွင့်သွား မလားမှတ်ရတယ်ဟင်း. . "

အိုင်ယာလန်သားကဤသို့တွေးပြန်၏။

"တောက်. . . ကိုယ့်လက်ကိုယ် ကကျွတ်ခနဲစုပ်ပြီးဘေးက ကောင်ပါးတီးချလိုက်တာမြိန်ပါ့ကွာ. . ."

ဤသို့သာဖြစ်သည်။ သူမလည်း သူများဒုက္ခပေးရမည်ဆိုလျှင် သူ့လက်ကိုသူ ကျွတ်ခနဲစုပ်ပြီး ဘေးလူပါးကိုချချင်သော မိန်းမသားမျိုးဖြစ် သည်။

ထိုကဲ့သို့မိန်းမသားမျိုးကို သူကဘယ်လိုသဘောထားမည်နည်း။

"ဟုတ်ကဲ့. . တွေ့လျှင်ကြောက်ပါသည် မတွေ့လျှင်. . အင်း. . မတွေ့ လျှင်တော့ သတိရမိပေါ့လေ. . ."

www.burmeseclassic.com

## ဂလင်. . .

အခန်းဝမှဘဲလ်မြည်သံကြောင့် သူ့စိတ်တွေထိတ်ခနဲဖြစ်သွားသည်။ သူမများလား။

မဖြစ်နိုင်။ သူမက အခုမှဆေးရုံကဆင်းစပင်ဖြစ်သေးသည်။ ဆေးရုံ ဆင်းစဆို ဘယ်ကိုမှထွက်နိုင်ဦးမည်မဟုတ်။ သို့သော် ဖြစ်နေမလားဟူသောမျှော် လင့်ချက်ဖြင့်တံခါးကိုဆွဲဖွင့်လိုက်သည်။

“ဟင်. . .”

သူအကြီးအကျယ် အံ့အားသင့်သွားသည်။ မှန်၏။

သူမပင်ဖြစ်သည်။ ပုတ်သိုးသောမျက်နှာပေးနှင့် အိမ်ထဲလှမ်းဝင်လာသည်။ ပြီးလျှင်ဘယ်ကိုမှမကြည့်ဘဲ သူ့စလင်းဘက်ခ်ထဲမှ ဟမ်းဖုန်းကိုထုပ်ကာ. . .

www.burmeseclassic.com



"ဖုန်းဆက်ပေးစမ်း. . ."

ဟုဆို၍ သူ့ထံဖုန်းလှမ်းပေး၏။ သူက ဇဝေဇဝါဖြင့်. . .

"ဘယ်ကိုဆက်ပေးရမှာလဲ. . . ."

"ကိုမျိုးမြင့်ထွန်းဆီကို. . ."

"အင်. . ."

သူမစကားကိုသူရိပ်မိနေလျက်သားပင်ဖြစ်သော်လည်း ရုတ်တရက်ကြောင်သွားမိသည်။ ထို့ကြောင့်. . .

"ဘာလို့ဆက်မှာလည်း. . သူမင်္ဂလာဆောင်တော့မယ် ဟ. . ."

"အေး. . . သူမင်္ဂလာမဆောင်ခင် သူနဲ့ရှင်းစရာရှိတာရှင်းချင်လို့. . ."

"အေး. . . နင်ရှင်းချင်လည်း နင့်ဖာသာနင်ဆက်ပါ့လား. ."

သူမဖျပ်ခနဲ သူ့ကိုပြန်လှန်ကြည့်သည်။ သူက ခါးထောက်၍ မိုက်ကြည့် ကြည့်နေလိုက်သည်။ ဒါကိုတောင် သူမကမျက်နှာကို အချိုးတစ်ချက်မှမပြင်ပဲ. . .

"ဒါဆို. . နင်ငါ့ကိုနံပါတ်နှိပ်ပေး. . ."

ဆိုပြီး ဖုန်းကိုထိုးပေးပြန်၏။ သူလည်းတင်းနေသူမို့. . .

"ဘာလို့နှိပ်ပေးရမှာလဲ နင့်ဖာသာနင်နှိပ်ပေါ့. . ."

သူမသူ့ကိုဝေ့ကြည့်ရင်း. . .

"ငါကဆွဲကြိုးနှစ်ကုန်းနဲ့မို့မအားဘူး. . ."

"အင်. ."

ဘာမဆိုင်ဘူး။ သူမဆွဲကြိုးနှစ်ကုံးဝတ်ထားသည်နှင့် လက်မအားသည်နှင့်၊ ဘာမှမပတ်သက်ပါ။ အရေးထဲကြွားချင်ပုံပြောပါတယ်။

သူသက်ပြင်းချလိုက်မိသည်။ ဘာမှဆက်မပြောချင်တော့။ ဖုန်းနံပါတ်လေးနှိပ်ရုံနဲ့တော့ ဘာမှအပန်းမကြီး။ ထို့ကြောင့် ဖုန်းကိုဆွဲယူလိုက်ပြီး. . .

"နံပါတ်က. . ."

" Record ထဲမှာရှာကြည့်လိုက်. . ."

www.burmeseclassic.com



သူမကို ဖြတ်ခနဲတစ်ချက်ပြန်ကြည့်လိုက်သည်။ Record ထဲမှာသူ့ ဖာသာသူရှာလို့ရနေတဲ့ဟာကို၊ သူ့ဖာသာသူမရှာဘဲအကြောကြီးနဲ့ လာလုပ်နေတာ။ သူမကမသိချင်ယောင်ဆောင်ပြီး ဖုန်းကိုသာစိုက်ကြည့်နေသည်။

"အဲဒီမှာ. . ."

နံပါတ်တစ်ခုရှေ့ရောက်တော့ သူမကလက်ညှိုးနဲ့ ဆတ်ခနဲထိုးပြသည်။ နောက် ခုနကအတိုင်း မသိချင်ယောင်ဆောင်ပြီး တစ်ဖက်လှည့်နေလိုက်သည်။ သူလည်းဘာမှပြောမနေတော့ဘဲ သူမပြောသောနံပါတ်ကို သာနှိပ်လိုက်သည်။

"တီ. . . တီ. . . ."

ဟူသောဖုန်းမြည်သံ. . .။

"ရပြီ. . ."

သူမက ဖုန်းကို ဆတ်ခနဲဆွဲယူလိုက်ပြီး . . .

"ကိုမျိုးမြင့်ထွန်းလား. . . အော်. . . အိမ်ကမာလီလေ. . သူအနားဖုန်းချထားတာကို တွေ့ကရာနံပါတ်လျှောက်နှိပ်လိုက်လို့ . . ."

"အင်း. . ."

သူအတော်တင်းသွားသည်။ ကြည့်လေ၊ သူပြောလို့ နံပါတ်လည်း နှိပ်ပေးရသေးတယ်။ ဟိုဘက်ကိုပြောတော့ သူ့မာလီကတွေ့ကရာနံပါတ်နှိပ်လို့တဲ့။ အလို လိုနေရင်းမာလီဖြစ်ရမယ့်ဘဝ။ သူမကတော့ ခပ်တည်တည်ပင်။

"ဩော်. . အင်း. . . ကြားပြီးပြီ. . . ကောင်လေးတစ်ယောက်ပြောလို့. . အဲဒါ. . . တစ်နေ့လောက်တွေ့ချင်လို့. . ."

"အော်. . ဟင်း. . အဟင်း. . . ဘာမှဒုက္ခမပေးပါဘူး. . ကျွန်မကအရင်တုန်းကမေထူးချွန်မဟုတ်တော့ပါဘူး. . . ရင့်ကျက်တည်ကြည်တဲ့မေထူး ချွန်ဖြစ်နေပါပြီ. . ."

"ဘာ. . . အခုလာမယ့်စနေနေ့တွေ့မယ်. . ဟုတ်လားဘယ်အချိန်လဲ . . ."

www.burmeseclassic.com



"ညနေလေးနာရီ. . ."

"ကောင်းပြီလေ. . . လာခဲ့မယ်. . . အရင်နေရာဟောင်းလေးမှာပဲမဟုတ်လား. . . အင်းအင်း. . . စိတ်ချပါ ဒါပဲနော်. . . ဘိုင့်ဘိုင်. . . နော်. . ."

ဆိုပြီး ဖုန်းကိုဂွတ်ခနဲချလိုက်၏။ ပြီးနောက် သူ့ဘက်ခပ်တည်တည်လှည့်၍. . .

"ကြားတယ်နော်. . . စနေနေ့ညနေလေးနာရီ ငါနင့်ကိုလာခေါ်မယ်. . ."

သူမစကားကြောင့် သူမျက်လုံးပြူးသွားပြီး. . .

"ဟင်. . လုပ်ပြန်ပြီ. . . ငါနဲ့ဘာဆိုင်လို့လဲ. . ."

"မဆိုင်လည်းလိုက်ခဲ့. . . ဟိုရောက်လို့ သူကငါ့ကိုစကား မချေမငံပြောရင် နင်ဝင်ကစ်ပစ်. . . သိလား. . . တရားရုံးစရိတ် ငါတာဝန်ယူတယ်. . ."

"အင်း. . ."

ပြောပုံကိုကြည့်ဦး. . . ကိုယ်ကကြားထဲကလူမိုက်ဝင်လုပ်ရဦးမယ့်ပုံ။ သူတစ်ခုခုပြန်ပြောရန်ပြင်တုန်းမှာပင်. . .

"ကဲ. . . ငါသွားတော့မယ်. . . စနေနေ့ညနေ နင့်ကိုငါလာခေါ်မယ် အဆင်သင့်ပြင်ထား. . ."

ဟုဆို၍ လှည့်ထွက်သွားတော့၏။ အိမ်အပြင်လှေကား ရောက်တော့မှ သူလည်းသတိရသွားပြီး သူမနောက်ပြေးလိုက်ကာ. . .

"မေထူးချွန်. . ."

သူမလှည့်ကြည့်ပါသည်။

"နင်. . . အဲဒီမျိုးမြင့်ထွန်းဆိုတဲ့လူကိုတကယ်ချစ်လို့ လား. . ."

မရည်ရွယ်ဘဲသူ့နှုတ်က လွှတ်ခနဲထွက်သွားမိ၏။ ဒါကိုသူမမျက်မှောင် ကြုတ်သွားသည်။ အဖြေပေးရန်စဉ်းစားနေပုံရသည်။ အတန်ကြာမှ. . .

"နင်ချစ်တဲ့သူဆိုရင် နင်ရေထဲတွန်းချမလား. . ."

www.burmeseclassic.com



ဟုပြန်ဖြေပြီး ဂေါက်ဂက်ဂေါက်ဂက်နှင့် ဆင်းချသွား၏။ အလိုလို နေရင်း သူ့စိတ်ထဲကြည်နူးမိသွားသလို။ ထို့ကြောင့် အိမ်ဝရန်တာသို့ပြေး ထွက်ပြီး သူမကိုစောင့်ကြည့်နေလိုက်သည်။ သူမတိုက်ခန်းလှေခါးမှထွက် လာမှ . . .

"မေထူးချွန်. . . "

သူမပြန်မော့ကြည့်သည်။

"ဒါဆို နင်ချစ်တာဘယ်သူ့ကိုလဲ. . . "

သူမမျက်နှာရဲခနဲ။ သူ၏ကျယ်လောင်သောအော်သံကြောင့် ဖြတ်သွားဖြတ်လာများသူမကိုလှည့်ကြည့်လှည့်ကြည့်လုပ်ကြသည်။ ထိုအဖြစ်ကိုမြင့်တော့ သူမလည်းရှက်ရမ်းရမ်းသည်ထင့်။ လမ်းမပေါ် ဟိုကြည့်ဒီကြည့်လုပ်ပြီး ခဲတစ်လုံးကိုပြေးကောက်လိုက်သည်။ နောက် သူရှိရာအခန်းသို့ ချိန်ရွယ်ပြီး လှမ်းပစ်လိုက် သည်။ သို့သော် ခဲလုံးကသူ့ ဆီမရောက်ဘဲ သူမခေါင်းပေါ်တည့်တည့်သာ ပြန်ကျလာ၍ 'အား' ခနဲ အော်ပြီး ခဲလုံးလွတ်ရာပြေးသည်။ ခဲလုံးကျသွားတော့မှ သူ့ကိုလက်သီး ဆုပ်ပြကာ. . .

"နင်သေမယ်. . . "

ဟုအော်ပြီး ကားထဲ'ဝုန်း' ခနဲဝင်ကာ 'ဝူး'ခနဲမောင်းထွက်တော့၏။ ဘာကြောင့်ရယ်မသိ၊ သူမကိုကြည့်၍သူဟက်ဟက်ပက်ပက်ရယ်မိ လိုက်သည်။

www.burmeseclassic.com

BURMESE CLASSIC .com



တွင်အလှည့်အပြောင်းပေါင်းမြောက်မြား စွာရှိတတ်သည်ဟုဆိုပါ ကသူ၏ဘ၀တွင် ထိုစနေနေ့သည် မထင်မှတ်သောအလှည့် ပြောင်းများနှင့် ပြည့်စုံသောနေ့ဟုဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင်သူမနှင့် လိုက်မသွားမိလျှင် သော်လည်းကောင်း၊ လိုက်သွားပြီး သူမ၏စကားကို နားမထောင်ခဲ့လျှင် သော်လည်းကောင်း ထိုအဖြစ်ပျက်များကို ကြုံဆုံလိုက်ရမည်မဟုတ်ပေ။ သို့သော် မှားယွင်းမှုလား မှန်ကန်မှုလားမသိ။ ထိုနေ့တွင်သူမနောက်လိုက် သွားမိ၊ သူမစကားကိုနားထောင်မိ၍ ထိုသို့သောထူးဆန်းမှုတို့ကို မထင်မှတ် ပဲကြုံဆုံလိုက်ရခြင်းဖြစ်၏။

နွားခြံတစ်ခြံတွင်ဖြစ်သည်။

ခြံပိုင်ရှင်က လွန်စွာသန်မာသော နွားသိုးနောက်တစ်ကောင်ကို ဝယ်ယူ လိုက်ပြီဖြစ်ကြောင်း ခြံထဲမှနွားသိုးသုံးကောင်က သတင်းရသွား

www.burmeseclassic.com



သည်။ စိုးရိမ်စိတ် ကြောင့် သုံးကောင်လုံးခေါင်းချင်းဆိုင်သွားကြ၏။

စီနီယာအကျဆုံးနွားသိုးက ဒေါသသံဖြင့် ဤသို့ပြောသည်။

"ငါဒီရောက်နေတာငါးနှစ်ရှိပြီ. . . နွားမအကောင်တစ်ရာဟာ ငါ့အပိုင်ဖြစ်တယ်. . . နွားမတွေကိုယ်တိုင်ကကျေကျေနပ်နပ်လက်ခံထား တဲ့အတွက် အသစ်ရောက်လာတဲ့ငနဲကို ငါ့ပိုင်ဆိုင်မှုထဲက ဘယ်တစ်ကောင် မှခွဲမပေးနိုင်ဘူး သူသေကိုယ်သေရင်ဆိုင်ဖို့အသင့်ပဲ. . . "

ဒုတိယ စီနီယာကျသည့် နွားသိုးက ဤသို့ ပြတ်ပြတ်သားသား ဆိုပြန်၏။

"ကျုပ်ဒီကိုရောက်တာသုံးနှစ်ရှိပြီ. . . နွားမအကောင်ငါး ဆယ်ကို ကျုပ်အပိုင်ယူထားတယ်. . . နွားမတွေကလည်း ကျေနပ်ကြတယ်. . . အခုရောက်လာ မယ့်ငနဲ ကျုပ်နွားမတွေကိုဝင်ဆွဲလို့ကတော့ ကျုပ်နဲ့တွေ့ဖို့ သာပြင်ပေတော့. . . "

ဂျူနီယာအကျဆုံးနွားသိုးကလည်း ခွာသီးခွာမောင်းတန်း၍ (လက်သီး လက်မောင်းတန်းမရ၍ဖြစ်သည်။)

"ကျွန်တော်ဒီရောက်တာ တစ်နှစ်ပဲရှိသေးတယ်ဆိုပေမယ့် နွားမ ဆယ်ကောင် ကျွန်တော့်ကို သူတို့ရဲ့ကာမပိုင်ချစ်လင်အဖြစ် သတ်မှတ်ထား ပြီးသား. . ဒါကြောင့် ဘယ်ကောင်မျိုးပဲရောက်လာရောက်လာ ကျုပ်ရဲ့ မိန်းမတွေကို အဲဒီကောင်လက်ထဲထိုးမအပ်နိုင်ဘူး. . . အတင့်ရဲမယ် ဆိုလို့ကတော့ ဟင်း ဟင်း. . . ချိုချက်မကင်းဘဲဖြစ်သွားမယ်. . . "

သူတို့စကားပင်မဆုံးလိုက်ပါ။ ခြံဝသို့ ထရပ်ကားကြီးတစ်စီးထိုး ရပ်လာသည်။ ကားပေါ်မှာ ဧရာမနွားသိုးကြီးတစ်ကောင် မည်မျှ အကောင် ကြီးသည်ဆိုသော် ကားပေါ်မှအဆင်းတွင် ကားခေါင်းပါထောင်တက် သွား၏။

နွားသိုးကြီးကိုမြင်တော့ စီနီယာအကျဆုံးနွားသိုးက မျက်လုံးလေး ကလယ်ကလယ်နဲ့ . . .

"တကယ်တန်းပြောရရင် နွားမတွေဒီလောက်များများ ငါမနိုင်ပါ ဘူး. . . တချို့တဝက်ကို စိတ်ကောင်းစေတနာကောင်းနဲ့ ငါသူ့ကို မျှပေး

www.burmeseclassic.com



နိုင်ပါတယ်. . ”

ဒုတိယစီနီယာကျသည့်နွားသိုးက အမြီးတရမ်းရမ်းနှင့် ကိုယ်လေးကျုံ့ကာ. . .

“ဟုတ်တယ်နော်. . ကိုယ့်မှာလုံလောက်ရုံတင်မကဘူး ပိုတောင်ပိုနေပြီပဲ. . . လိုအပ်သူကိုမျှပေးရတာ ကုသိုလ်တောင်ရသေး. . . အဟေးဟေး. . . ”

ဂျူနီယာအကျဆုံး နွားသိုးကမူ သူတို့၏စကားကိုဂရုမစိုက်ဘဲ ခြေနှစ် ဖက်နှင့်မြေကြီးကိုယက်၍ ခေါင်းကိုအောက်စိုက်ပြီး ဦးချိုကိုပြ၏။ နွားသိုနှစ်ကောင် က စိုးရိမ်သွား၍. . .

“ဟိတ်ကောင်. . . မင်းသူ့ကိုဝှေ့မလို့လား. . . သေသွားမယ်နော်. . မင်းအသက်ထက် ဘယ်နွားမတွေမှ ပိုပြီးတန်ဖိုးမရှိပါဘူး. . . ”

ဆိုတာကို ဂျူနီယာအကျဆုံးနွားသိုးက နှာမှုတ်သံတဟဲဟဲပေးရင်း. .

“ဟိတ်ကောင်တွေ. . . မသိရင်တိတ်တိတ်နေကြ. . . ဒီလိုလုပ်တာ သူ့ကိုဝှေ့ဖို့မဟုတ်ဘူး. . ကျုပ်နွားထီးဖြစ်ကြောင်း သူ့ကို ကြိုတင်အသိပေးနေတာဗျ. . . ”

ဤသို့ပင်. . .

ထိုနေ့၌ ကျွန်ုပ်လည်း သူမအား သူအထီးဖြစ်ကြောင်းပြောပြခွင့်ရသောနေ့ဖြစ်ပါသည်။. . . . .

←•— —•— —•→

www.burmeseclassic.com

## တီ..တီ..

အောက်ကကားဟွန်းသံကြားကတည်းက သူမကားမှန်းသိလိုက်သည်။ နာရီကြည့်လိုက်တော့ နှစ်နာရီခွဲ။

ဝရန်တာကနေ သူထွက်ကြည့်ပြီး. . .

“ခဏစောင့်. . .”

ဟုပြောလိုက်သည်။ သူမကတော့မော့ပင်မကြည့်။ ကားထဲမှာပင် မျက်မှန် နက်ကြီးတပ်ပြီး မိန့်မိန့်ကြီးထိုင်နေသည်။ သူအိမ်ထဲကမန်းကတမ်း ပြန်ဝင်ပြီး အဝတ်အစားများလဲနေစဉ်မှာပင် သူမ၏ကားဟွန်းသံ တတီတီ ကြားနေရသည်။

“လာပြီဟ. . တကတည်း. . .”

သူမကြားလားမကြားလားမသိ။ သူကတော့ အိမ်ထဲဆူညံသွား

www.burmeseclassic.com



အောင်ထအော်လိုက်သည်။ သို့သော် သူမ၏ကားဟွန်းသံတတီတီက ရပ်မသွားသေး။

သူအဝတ်အစားပင် သေချာစွာမဝတ်နိုင်တော့ဘဲ အိမ်တံခါးသော့ခတ်ကာ တဒုန်းဒုန်းနှင့်ပြေးဆင်းသွားမိသည်။ သူကားနားရောက်တော့မှ သူမကားဟွန်းသံတိတ်သွားတော့၏။

သူကားတံခါးကိုဆွဲဖွင့်ရင်း. . .

"ဘယ်လိုဖြစ်နေတာလဲ အစောကြီးရှိသေးတယ်. . ."

သူမက ဝေ့ပင်မကြည့်ပါ။ သူကားပေါ်ရောက်သည် နှင့်ကားစက်ကိုနှိုးပြီး ကားကိုမောင်းထွက်သွားတော့၏။

လေတိုက်တိုင်းဝေ့ဝေ့တက်လာသည့် သူမ၏ဆံပင်များကြား သူမ၏ မျက်နှာကို ရှိုးတိုးရိပ်တိတ်မြင်နေရသည်။

သူမ၏နှုတ်ခမ်းမှာ ပန်းရောင်ဖြစ်သည်။ သူမ၏အသားအရောင်မှာ ဖြူဖွေးနုဖတ်နေသည်။ မျက်ခုံးမွှေးကခပ်နက်နက်ထူထူပါ။ ထိုမျက်ခုံးမွေးပေါ်မှာ အကြောစိမ်းလေးတစ်ခုအထင်းသားပေါ်နေသေး၏။

"နင်သာကားမောင်းရရင်ငါတို့သေနေပြီ. . ."

သူမ၏အသံ။ သူ ရှိုးတိုးရှန့်တန့်ဖြစ်သွားမိသည်။ သူမကတော့ခပ်တည်တည်နှင့် အရှေ့ကိုသာကြည့်ပြီး ကားကိုဂရုတစိုက်မောင်းနေသည်။ သူကသာ ဟိုကြည့်ဒီကြည့်နှင့် ရှက်ရမ်းရမ်းပြီး. . .

"နင်ကလည်းဟာ. . ချိန်းထားတာလေးနာရီမှ. . အခုဟာက အင်း. . ."

သူစကားမဆက်သေးဘဲ နာရီကိုပင်ကြည့်ကာ. . .

"နှစ်နာရီခွဲပဲရှိသေးတယ်. . . ဟိုရောက်ရင်အကြာကြီးစောင့်ရဦးမှာ . . ."

သူမနာရီကိုကြည့်သည်။ ပြီးနောက် ဘာမှဆက်မပြောဘဲ ကားကိုဂရုတစိုက်ဆက်မောင်းနေသည်။ သူမ၏ဆံပင်များကို ထုံးစံအတိုင်းလေထဲဝဲလျက်။

သူမကားလေးကန်တော်ကြီးပန်းခြံတွင်းသို့ကွေ့ဝင်လိုက်သည်။

www.burmeseclassic.com



နောက် သူမနှင့်တွေ့ဆုံရန်ချိန်းဆိုထားသော ကန်တော်ကြီးမြောက်ဖက်ရှိ သစ်ပင်ရိပ် အောက်တွင်ရပ်လိုက်သည်။

လေပြေတချို့ဝေ့ဝေ့ဝဲဝဲတိုက်ခတ်နေသည်။ သူမဆံနွယ်စများ လေးထဲလှုပ်ခပ်နေသည်။ မျက်မှန်နက်ကြီးကိုတော့ မချွတ်သေး။ ကားပေါ်ကဆင်းပြီးကတည်းက အရိပ်ကောင်းသောသစ်ပင်ရိပ်တွင် ငြိမ်သက်စွာ ရပ်နေသည်။ သူကတော့ ကားပေါ်ကမဆင်းဖြစ်သေး။ ဆင်းရန်လည်း လိုအံ့မထင်။ သူ့ကိစ္စမှမဟုတ်တာ။ ယခုကဲ့သို့လိုက်ပေးတာကိုလွန်လွန်း လှပြီ။

သူကလည်းသူပင်။ မည်သည့်အတွက်ကြောင့် သူမနောက် လိုက်ပေးနေရသည်ကိုမသိ။ အလုပ်မရှိအလုပ်ရှာ၊ အမှန်ဆို သူအိမ်မှာ ကိုယ့်အလုပ်ကိုယ်လုပ်နေရင်ပြီးပြီကိုး။

အော်. . သံယောဇဉ်. . သံယောဇဉ်. . အဲ. . ဘာဆိုင်လို့လဲ။

အေးလေ. . . သံယောဇဉ်ကြောင့်လည်း ဤမျှလောက်သီးခံ နေရတာကိုး။ သံယောဇဉ်ကြောင့်သာဆိုလျှင် သူသူမကိုချစ်မိနေမိပြီ လား. . . ။

‘ဒိုင်း’ ခနဲ ရင်ခုန်သံကြားရ၏။ ထိုအတွေးဝင်လာသည်နှင့် သူ့ခန္ဓာ ကိုယ်တစ်ခုလုံး ကတုန်ကရင်ဖြစ်လာသည်။ ဖြတ်ခနဲသူမကိုဝေ့ကြည့်မိ၏။

သူမကတော့ ငြိမ်သက်စွာကန်ရေပြင်ကိုငေးမောနေဆဲ။ ဩော် ဒီလို ငြိမ်ငြိမ်လေးနေတော့လည်းချစ်စရာအကောင်းသား။

အလို. . ဘာဆိုင်ပြန်တာလဲ. . သူ့ဖာသာသူမြက်ခင်းပေါ်မတ် တတ်ရပ်နေတာနဲ့. . . ဒုက္ခပါပဲ. . . စိတ်စိတ်. . . ဒီစိတ်. . . ။

ဒီစိတ်ကြောင့်ပဲ ရာဇဝင်မှာ ရသေ့ကြီးတွေခဏခဏချွန်လျှော တာ။ အို. . . ဘာဆိုင်ပြန်တာလဲ. . . ။ သူမချစ်စရာကောင်းတာနဲ့ ရာဇဝင် ထဲက ရသေ့ကြီးတွေချွန်လျှောတာနဲ့။ စိတ်တွေဂယောက်ဂယက်ဖြစ်နေမိ သည်။ သူမကို သွားပြောပါက ရေထဲတွန်းချခံရမှာသေချာ၏။

သူမနာရီပင်ကြည့်လိုက်သည်။

သူလည်း ယောင်ယမ်းပြီးနာရီပင်ကြည့်လိုက်၏။

www.burmeseclassic.com



သုံးနာရီလေးဆယ့်ငါး။

ချိန်းထားသည့်အချိန်ရောက်ရန် လေးဆယ့်ငါးမိနစ်အလို။

သူမရေကန်ထဲခဲတစ်လုံးကန်ချလိုက်သည်။ 'ပလုံ' ခနဲမြည်သံမကြားရသော်လည်း ရေတွေဝဲဂယက်ထသွားတာမြင်လိုက်ရသည်။ ဝဲဂယက်များက တော်ရုံနဲ့မပျောက်နိုင်။ သူမကတော့ မျက်မှန်နက်ကြီးတပ်ထားတာမို့ မြင်လားမမြင်လားတော့မပြောတတ်။ ခပ်ဝေးဝေးကိုသာစိုက်ကြည့်နေသည်။

သူကားပေါ်မှာဆင်းလိုက်သည်။ နောက်ဘာရယ်မဟုတ် သူမနားရောက်သွားသည်။ ခြေသံကြားသော်လည်းသူမလှည့်ပင်မကြည့်ပါ။

သူမြက်ခင်းပေါ်မှခဲတစ်လုံးကိုကောက်ယူမိလိုက်သည်။ ထိုခဲလုံးကိုရေထဲပစ်ချရန်လည်းဆန္ဒမရှိပါ။ ကိုင်ထားရန်လည်းဆန္ဒမရှိပါ။ ထို့ကြောင့် လက်ထဲ ပါလာသောဆန္ဒမရှိသည့်ခဲလုံးကို မြှောက်ကစားနေမိသည်။

လက်ထဲမှာမြှောက်ကစားနေသောခဲလုံး သူမရှေ့သို့ပြုတ်ကျသွား၏။ သူမခဲလုံးကိုငုံ့ကြည့်သည်။ နောက်မှ ဖိနပ်ဦးလေးနဲ့ထိတို့ကစားနေ၏။ နောက်မှ ထိုခဲလုံး ကို ဖုန်းခနဲရေထဲကန်ချလိုက်သည်။

ခဲလုံးနဲ့အတူသူမ၏ဖိနပ် 'ဝဲ' ခနဲ။ ဖိနပ်ကကန်ဇောင်းနား'ဖောက်' ခနဲ။

"ဟားဟားဟား. . ."

သူ၏ရယ်သံ။ သူမသူ့ကိုဖျပ်ခနဲတစ်ချက်ဝေ့ကြည့်ပြန်သည်။ ထို့နောက် ဖိနပ်မရှိသောသူ့ခြေထောက်ကို ဖိနပ်ရှိသောခြေထောက်ပေါ်တင်ထားလိုက်သည်။ သူမ၏ခြေထောက်ကလေးတွေမှာ မုန့်ဗိုင်းတောင့်အတောင့်ကလေး တွေလို ဖြူဖြူဖွေးဖွေးလေးတွေပါ။

သူမသူ့ကိုဖျပ်ခနဲ ဝေ့ကြည့်ပြန်သည်။ သူလည်းဘာရယ်မဟုတ် သူမကိုငြိမ်သက်စွာစိုက်ကြည့်နေမိသည်။ သူမဖျပ်ခနဲပြန်လှည့်သွားကာ. . .

"ကောက်ပေး. . ."

သူမစကားသံ။ သူ့ဖိနပ်ကိုကောက်ခိုင်းတာ။

www.burmeseclassic.com



"နိုးပဲ. . . အဲဒါမျိုးဝါသနာမပါဘူး. . ."

သူမဝေ့ကြည့်ပြန်သည်။ သူကစိုက်ကြည့်လျက်။ သူမပြန်လှည့်သွား ပြန်သည်။ နောက် ဖိနပ်မရှိသောခြေထောက်မြေကြီးပေါ်မထောက်မိအောင် ခြေတစ်ဘောင်ကျိုးနဲ့ ခုန်ဆွခုန်ဆွသွားကာ လွင့်သွားသောဖိနပ်ကိုသွားပြန်ကလော်လိုက်သည်။ ဖိနပ်ကလေးပြန်လှန်သွားတော့မှ သူမယိုင်ထိုးယိုင်ထိုးနဲ့ သူမခြေထောက်မုန့်ဗိုင်းတောင့်ကို ထိုးထည့်လိုက်သည်။ နောက် ပြန်လှည့်မလာပဲ ထိုကမ်းစပ်တွင်ရပ်နေသည်။

လေပြေတို့က ဝေ့ဝဲနေဆဲ။ သူမဆံနွယ်စတို့လွင့်ပျံ့နေဆဲ။ ရာသီဥတုကသာယာနေဆဲ။

သူမနာရီကိုပင့်ကြည့်လိုက်သည်။ သူလည်း သူမနည်းတူ။

သုံးနာရီလေးဆယ့်ငါး။

ချိန်းထားသည့်အချိန်ရောက်ရန် ဆယ့်ငါးမိနစ်အလို။ ပတ်ဝန်းကျင်တွင် မည်သည့်လှုပ်ရှားမှုမှမရှိသေး။ မြက်ပင်တို့သာ သူမခြေရင်းဝပ်စင်းရင်းနမ်းရှိုက်နေသည်။

"ကျွတ်တွယ်နိုင်တယ်နော်. . ."

သူ့စကားကြောင့် သူမမျက်လုံးပြူးသွားပြီး ဝတ်ထားသောစကပ်ကိုမကာ အပေါ်ပြန်ပြေးတက်လာသည်။ မြက်ခင်းလွတ်ရာရောက်တော့ သူ့ခြေထောက်သူပြန်မကြည့်၏။

သူမခြေသလုံးမှာ ဖြူဖွေးနေသောမုန်လာဥနဲ့တူ၏။ ဘာကျွတ်မှတွယ် တာမတွေ့မှ သူ့ကိုပြန်လှည့်ကြည့်သည်။ နောက် ဘာမှမပြောဘဲ လက်ကလေးပိုက် ကာကန်ရေပြင်ကိုငေးကြည့်နေသည်။ သူမတပ်ထားသောမျက်မှန်နက်ကို ခေါင်းပေါ်ဆွဲတင်လိုက်တယ်။ ထိုတော့မှ သူမမျက်နှာသုန်မှုန်နေမှန်းသိရသည်။

ဘာကိုအလိုမကျဖြစ်နေတယ်ဆိုတာကတော့ရှင်းနေပါပြီ။

"တီ. . တီ. . တီ. . တီ. ."

သူမလက်တွင်ပတ်ထားသောနာရီမြည်သံကြားရ၏။ သူနာရီပင့်ကြည့်လိုက်သည်။

www.burmeseclassic.com



လေးနာရီထိုးပြီ. . .။

မရည်ရွယ်ပါဘဲ ကားလမ်းမပေါ်ဝေ့ကြည့်မိသည်။ သူတို့ထံသို့ ဦးတည် လာသောကားတစ်စီးမှမတွေ့ရ။ သူမဖက်ပြန်လှည့်ကြည့်မိသည်။ နှုတ်ခမ်းများ မဲ့ကျနေသည်ကိုသတိထားမိ၏။ နောက်လွယ်လာသော စလင်းဘက်ခ်ကို ဖွင့်ကြည့်လိုက်သည်။ ထိုအိတ်ထဲတွင် ခွေခေါက်ထည့်ထားသော ပေါင်မုန့်ရှည်ကြီးတစ်လုံး။

ပေါင်မုန့်ကို ထုတ်၍ဂွတ်ခနဲဝါးလိုက်သည်။ သူ၏နားထဲတွင် 'စိတ်တိုနေလို့စားတာ' ဆိုသည့်စကားလုံးကိုပြန်ကြားယောင်နေမိသည်။

ပေါင်မုန့်ကို ဂွတ်ခနဲ ဂွတ်ခနဲကိုက်ချနေပြန်သည်။

သူမစိတ်တိုနေပြီ။ ဘာကြောင့်လဲဆိုတော့ ပေါင်မုန့်တစ်ဝက်စာကို စိတ်တိုနေပြီ။ သူမ၏မျက်ဝန်းတွင်လည်း ပေါင်မုန့်တစ်ဝက်မျက်ရည်များ ဝိုင်းနေ ပြီ။

"ရှုံ. . ."

သူမထံမှ နှာရှုံ့သံ။ မျက်ရည်အလုံးကြီးတစ်လုံးလိမ့်ကျလာသည်။ တစ် ဆက်ထဲ။ ပေါင်မုန့်တစ်ကိုက်ထပ်ကိုက်လိုက်ပြန်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့်သူသိပြီ၊ သူမအတော်ဒေါသထွက်နေပြီဆိုတာကို။ သူမ ကိုကြည့်ပြီး သူလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေမိ၏။ အတန်ကြာ မှ. . .

"လေးနာရီကျော်ထိုးပြီ. . ."

"အဟင့်. . ."

သူမထံမှ ရှိုက်သံကြားရပြန်သည်။ ပါးစပ်ထဲပေါင်မုန့်ကိုတော့ မြို မချသေး။ သူကပဲဆက်၍ . . .

"လေးနာရီဆယ့်ငါးလောက်ထိစောင့်မလား. . ."

သူမဘာမှပြန်မဖြေပါ။ လုပ်မိလုပ်ရာလုပ်တာလား၊ တမင်တကာ လားတော့မသိ။ မျက်ရည်ကျနေသောပါးတစ်ဖက်ကို ပေါင်မုန့်တစ်ဝက်နှင့် ကောက်သုတ်လိုက်သည်။ နောက် သူ့ကိုမကြည့်ပဲ. . .

"ငါ့ကိုဖုန်းဆက်ပေး. . ."

www.burmeseclassic.com



ဟုဆို၍ သူမအိတ်ထဲမှဖုန်းကိုထုတ်ပေးလိုက်သည်။

"အဲ. . ."

သူဖုန်းကိုလှမ်းမယူသေးပဲ သူမကိုပြန်ကြည့်နေမိသည်။ ဟိုတစ်ခါကလို မာလီကလက်ကမြင်းပြီးတွေ့ကရာနံပါတ်နှိပ်လိုက်လို့ ဟူသောအပြောမျိုး အပြောခံရမှာစိုး၍ဖြစ်သည်။ သူမသူ့ကိုဝင့်ကြည့်သည်။ သူမမျက်လုံးများကတစ်မျိုးကြီး ဒေါသထွက်နေသည်လား၊ ခံစားနေရသည်လား သူမခွဲတတ်။ မတတ်သာသည့်အဆုံး သူ့လက်ကိုင်ဖုန်းကိုလှမ်းယူလိုက်သည်။ နောက် အလွတ်ရနေသောဖုန်းနံပါတ်များကို. . .

"တီ. . တီ. . တီ. . . တီ. . ."

ဖုန်းကချက်ချင်းမဝင်။

"ဖုန်းမအားသေးဘူး. . ."

သူ့စကားသံ။ သူမက အမိန့်ပေးသလိုအသံမျိုးဖြင့်. . .

"အားတဲ့အထိဆက်ခေါ်. . ."

နောက်တစ်ကြိမ်ဖုန်းကိုဆက်ခေါ်သည်။

"တီ. . တီ. . တီ. ."

"ဟော. . . ဖုန်းဝင်သွားပြီ. . ."

သူမမုန့်ကိုဆက်မစားသေးဘဲ သူ့ကိုမျက်လုံးပြူးပြီးကြည့်သည်။

"ဟယ်လို. . . ပြောပါရှင်. . ."

"အဲ. . ."

အသံက မိန်းမခပ်ကြီးကြီးတစ်ယောက်အသံပါ။ သူမကတော့ ဘာမှဝင်မပြောသေးပဲ ဒီအတိုင်းကြောင်ငေးကြည့်နေသည်။ သူကသာ. .

"ဟို. . . ဟိုလေ. . ကိုမျိုးမြင့်ထွန်းနဲ့တွေ့ချင်လို့ပါ. . ."

"ကိုမျိုးမြင့်ထွန်း. . ."

"ဟုတ်ကဲ့. . ."

ဟိုဘက်ကသံယောင်လိုက်သည်။ သူမကတော့ စိတ်ဝင်တစား ငေးကြည့်နေဆဲ။

"ကိုမျိုးမြင့်ထွန်း ဒီနေ့ပဲသက်သက်ဇင်နဲ့စေ့စပ်ပွဲပြီးလို့ ဟန်းနီး

www.burmeseclassic.com



မွန်းထွက်သွားပြီ. . . ”

“ဘာ. . . ”

“ဟဲ့. . . ဖြည်းဖြည်းအော်ပါ. . တကတည်းမှပဲ. . . ”

တစ်ဖက်မှအလန့်တကြားအသံ။ သူကသာမသက်ာနိုင်စွာဖြင့်. .

“ဘာ. . . ဘာတဲ့. . . ”

“အော်. . ကိုမျိုးမြင့်ထွန်းနဲ့သက်သက်ဇင် မနက်ဆယ့်တစ်နာရီကစေ့စပ်ပွဲပြီးလို့ နှစ်နာရီလေယာဉ်နဲ့ ငပလီကိုဟန်းနီးမွန်းထွက်သွားပြီ. . . ”

သူဘာမှပြန်မပြောနိုင်တော့ ဖုန်းခွက်ကိုအသာ အယာပြန်ပိတ်လိုက်သည်။

“ဘာ. . ဘာတဲ့လဲ. . ဘာတဲ့လဲ. . . ”

သူမ၏အလောတကြီးအမေး။ သူသက်ပျင်းချလိုက်မိသည်။ နောက် ခေါင်းငုံ့၍လေသံတိုးတိုးဖြင့်. . .

“သူတို့ စေ့စပ်ပွဲပြီးလို့ နှစ်နာရီလေယဉ်နဲ့ငပလီကိုထွက်သွားပြီတဲ့. . . ”

“ဘာ. . . ”

သူမအသံအတော်ကျယ်ပါသည်။ နောက် မျက်လုံးကြီးပြူးကာ သူ့ကို တအံ့တသြငေးကြည့်နေသည်။

ဟိုလူက သူ စေ့စပ်ပွဲကိုလာပြီး မနှောင့်ယှက်နိုင်အောင် လေးနာရီတွင် သူမကိုချိန်းပြီး နှစ်နာရီတွင်ထွက်သွားပုံရသည်။ သူမက သာလက်ထဲ ဒေါသတကြီး ဆုပ်ကိုင်ထားသော ပေါင်မုန့်အတောင့်ကြီးပြတ်ကျသည်ထိ ညှစ်ချလိုက်သည်။ သူကမလိုအပ်ပါပဲ ရင်မဆိုင်ရဲစွာခေါင်းငုံ့လျက်. . .

“တောက်. . . ဒါသက်သက်ကျောတာ ယောက်ျားကြီးတန်မဲ့ကလယ်တာ. . . တွေ့ကြသေးတာပေါ့. . . ”

ဟုဆို၍ သူ့ကားကြီးဆီသို့ ဘောက်ဘတ်ဘောက်ဘတ်နဲ့ ထွက်သွားတော့၏။ သူလည်းမျက်လုံးပြူးသွားပြီး. . .

www.burmeseclassic.com



"ဟော့. . ဟော့. . . ဒါဘယ်လဲ. . ."

သူမလှည့်ပင်မကြည့်ဘဲ. . .

"လာ. . ကားပေါ်တက်. . ."

သူမစကားကြောင့် သူမျက်လုံးပြူးသွားရ၏။

"ဘယ်သွားမှာလဲ အရင်ပြောဦးလေ. . ."

"လျှာမရှည်နဲ့. . တက်ဆိုတက်. . ."

သူ့စကားမဆုံးခင် သူမထအော်သည်။ သူလည်းဘာမှမပြောတော့ပဲ ကားပေါ်ခပ်မြန်မြန်တက်လိုက်သည်။ သူကားပေါ်ရောက်သည်နှင့် ကားကို ဆောင့်ပြီးမောင်းထွက်လိုက်သည်။

ကားကပြေးလမ်းပေါ်ရိပ်ခနဲရိပ်ခနဲ။ သူမမျက်မှန်နက်ကြီးပြန်တပ်လိုက်သည်။ ကားကမင်္ဂလာဒုံဘက်သို့. . .

"ဘယ်. . . ဘယ်ကိုသွားမှာလဲ. . ."

"လေယာဉ်ကွင်းကို. . ."

"ဟင်. . ."

သူမစကားကြောင့် သူကြောင်သွားမိသည်။ ကားကအရှိန်ပြင်းစွာပြေးလွှားဆဲ။

"ဟ. . လေယာဉ်ကနှစ်နာရီကထွက်တာလေ အခုဟာကလေးနာရီ တောင်ကျော်နေပြီ. . ."

သူမ၏ကားလေး ရုတ်တရက်အရှိန်လျှော့သွား၏။ သူ့စကားကြောင့် သူမစဉ်းစားသွားပုံရ၏။ နောက်ကားကို ဝူးခနဲကွေ့ချလိုက်ပြီး တခြားလမ်းဆီသို့ ဦးတည်လိုက်သည်။ သူချိုးကွေ့လိုက်သည်က မြို့ပြင်လမ်းဘက်။

"ဟ. . . ဘယ်ပြန်တာလဲ. . . ဘယ်ကိုသွားမှာလဲ. . ."

"ငပလီကို. . ."

"ဟာ. . ."

သူမစကားကြောင့် သူအကြီးအကျယ်အံ့အားသင့်သွားရ၏။ သူမကြည့်တော့ တကယ်သွားမယ့်ပုံ။ သူကသာကြောက်လန့်တကြား

www.burmeseclassic.com



ဖြင့်. . .

"ဟ. . . နင့်ဟာက ပေလီကိုဒီကားနဲ့ဘယ်လိုရောက်မှာလဲ. . ."

"တိတ်. . အသံမထွက်နဲ့. . ."

သူမကအော်၏။ ကားကလေးက ကြောက်ခမန်းလိလိအရှိန်ပြင်းစွာ ပြေးလွှားဆဲ. . .။

"ဟ. . တိတ်လို့ဘယ်ဖြစ်မှာလဲ. . . နင့်ဟာကသဘာဝမှမကျတာ. . ဒီကားနဲ့ပေလီသွားရင် သူတို့ပြန်လာတဲ့အချိန်တောင်ရောက်မှာ မဟုတ်ဘူး. . ."

သူမကားကိုအရှိန်ထပ်မြင့်လိုက်သည်။

"ဟဲ့. . . မလုပ်နဲ့လေ. . . အားလုံးသေကုန်လိမ့်မယ်. . ."

သူ့စကားကြောင့် သူမဖျပ်ခနဲငဲ့ကြည့်ကာ. . .

"ဟားဟားဟား. . . သေမယ်. . . ဟုတ်လား. . . သေလည်းအေးတာပဲ. . ဟားဟား. . ."

သူမအားရပါးရရယ်ရင်း ကားကိုအရှိန်မြင့်ရန်ကြိုးစားလိုက်သည်။

"ဟ. . . သေလို့ဖြစ်မလား. . ငါကငယ်ငယ်လေးရှိသေးတာ မိန်းမ တောင်မရသေးဘူး. . ."

"အေး. . . ငါလည်းယောက်ျားမရသေးဘူး. . ."

"ဟ. . . . နင့်ဖာသာယောက်ျားမရတာနဲ့ ငါသေတာနဲ့ဘာမှမဆိုင်ဘူးရပ်စမ်း. . အခုရပ်. ."

သူ၏ကယောင်ကတန်းစကား။ သူမဘာမှပြန်မပြောဘဲ ကားကက် ဆက်ကိုဖွင့်လိုက်သည်။

"ရွှေရောငွေရော×××ငါဆင်ပေးထားတာ×××အခြေဂိုးအနေဂိုး××× နင်တို့အမျိုးလားကွာ×××"

မပြောင်းလဲသောသီချင်းသံက ဆူညံနေဆဲ. . .။

"ဟေ့. . ကားရပ်ပေးလို့ပြောနေတယ်. . မရပ်ဘူးလား. . ."

သူ၏သံကုန်ခြစ်အော်သံ။ သူမကသူ့ဘက်လှည့်၍. . .

"ရွှေရောငွေရော×××ငါဆင်ပေးထားတာ×××"

www.burmeseclassic.com



ဟု သံကုန်ဟစ်ပြီး သီချင်းပါဆိုပြနေ၏။ ဂရုမစိုက်ဘူးဆိုသည့်သဘော။ ကားကမှော်ဘီအလွန် ပဲခူးအဝင်လမ်းမပေါ်မှာ။

"ဟေ့. . . ရပ်ဆိုရပ်နော်. . ငါဟိုမှာလုပ်ဖို့အလုပ်တွေရှိသေးတယ်. . ."

သမက မကြားချင်ယောင်ဆောင်၍ သီချင်းကိုသာအားရပါးရအော်ဆိုနေသည်။

"နင့်အဘိုး×××နင့်အဘွား×××ဒီလိုအချိုးပဲလား×××"

သီချင်းသံမဆုံးခင် အရှိန်ပြင်းစွာသွားနေသော သူမ၏ကားတုန့်ဆိုင်းတုန့်ဆိုင်းဖြစ်သွားသည်။ ကြည့်လိုက်တော့ ဆီကဇီးရိုးနေရာရောက်နေပြီကိုး။ သူမ ကားစတီယာရင်ကို ဖောက်ခနဲရိုက်လိုက်ပြီး. . .

"တောက်. . . ဆီကုန်သွားပြီ. . ."

သူမညည်းတွားလို့မဆုံးခင် ကားကလမ်းမဘေးထိုးရပ်သွားသည်။

"ဟိဟိ. . ကောင်းတယ်မှတ်ထား. . . သူတော်ကောင်းကိုစော်ကားလို့. . ."

သူမသူ့ ကိုဝေ့ကြည့်သည်။ ပြီးနောက် ကားအောက်ကိုဆင်းလိုက်သည်။ သူလည်းရည်ရွယ် ချက်မရှိပါဘဲ ကားအောက်ကိုဆင်းလိုက်သည်။ သူမကား ဘီးကို'ဖုန်း'ခနဲကန်လိုက်ပြီး. . .

"တောက်. . . ကောင်းကျိုးမပေးတဲ့ကား. . . နင့်ကိုရောင်းစားပစ်မယ်. . ."

ဆိုပြီး ကားလမ်းမဘက် ကမန်းကတမ်းလှမ်းကာ လာသမျှကားများကို လှန်းတားနေ၏။ ကားများကတစ်စီးမှရပ်မပေး။ သူမကသာပျာယာခတ်ပြီး တစ်စီးပြီးတစ်စီးတားနေ၏။ ကြာတော့ သူမပို၍ ဒေါသထွက်လာပုံရ၏။ ကားလမ်းဟိုဘက်ကူးကာတားလိုက်၊ ဒီဘက်လမ်းပြန်ကူးကာတားလိုက်နဲ့ ယောက်ယက်ခပ်နေသည်။ သူကတော့ ဘာမှမဆိုင်သူတစ်ယောက်လို ငြိမ်ကြည့်နေလိုက်သည်။

လမ်းနဘေး လယ်ကွင်းများထံမှ လေများတသုန်သုန်တိုက်ခတ်နေ၏။ သူမကတော့ လမ်းမပေါ်ပျားပိတုန်းသဖွယ်ပျံဝဲနေသည်။ ဓာတ်ဆီ

www.burmeseclassic.com



မရလျှင် ငပလီမပြောနဲ့ ရန်ကုန်ပြန်ဖို့ပင်ခက်နေပြီ။

သူလည်း သူမကိုဘာမှမကူညီဘဲကြည့်နေ လိုက်သည်။ သူမက သာ စကပ်ကြီးတမမနဲ့ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်လုပ်နေသည်။

"ဟဲ့. . . နင်ယောကျ်ားကြီးတန်မဲ့ ဒီအတိုင်းကြည့်နေမှာလား ကားလာ ရင်နည်းနည်းပါးပါးဝိုင်းတားပေးပါလား. . ."

သူမစကားကြောင့် သူမျက်မှောင်ကြုတ်လိုက်သည်။

"ဘာလုပ်ဖို့တားမှာလဲ. . ."

သူ့စကားကြောင့် သူမခါးပေါ် လက်တင်ကာ မျက်လုံးကြီးပြူး၍ သူ့နား ရောက်လာပြီး. . .

"ဘာလုပ်ဖို့တားရမှာလဲ ဟုတ်လား. . ဟိုမှာ နင့်ဘိုးအေငါ့စီး တော်မြင်းက ဆီကုန်နေပြီလေ. . . အဲဒီ ငါ့စီးတော်မြင်းနင့်ဘိုးအေကို ဆီပြန်ထည့်ဖို့တားရမှာလေ. . ."

"အင်. . ."

သူပြောလိုက်မှ ကိုယ့်ဘိုးအေတောင် သူ့စီးတော်မြင်းဖြစ်ရပြီ။ ဒါတောင် သူမကမပြီးသေး. . .

"အောင်မလေး. . အဖက်ဖက်ချွန်တဲ့ ဖရီးဝီးမှတ်လို့ပေါင်းတာ ဘာအချွန်အတက်မှမရှိတဲ့ လောက်စာလုံးကြီး. . . မေထူးချွန်တို့လူပေါင်း မှားပြီ. . ."

သူ့ဖာသာသူ ပွစိပွစိနဲ့ခုန်ဆွခုန်ဆွဖြစ်နေတယ်။ သူမကိုကြည့်၍ သူလည်း မနေနိုင်တော့. . .

"မေထူးချွန်. . ."

သူမလှည့်ကြည့်သည်။ နောက်ပြီး ခပ်ဆတ်ဆတ်ပြန်မေးသည်။

"ဘာလဲ. . ."

သူ၏စိတ်ထဲမှာ လုံးဝမရည်ရွယ်သောစကားတစ်ခု. . .။

"နင့်ကို. . ငါချစ်တယ်. . ."

"ဘာ. . ."

သူ၏မဆီမဆိုင်စကားကြောင့် သူမမျက်လုံးပြူးပြီးထအော်၏။

www.burmeseclassic.com



သူမအသံကအတော်ကျယ်ပါသည်။ သူမအသံနဲ့အတူ အနောက်နား ဆီကကား တစ်စီးလည်း 'ဝိုး' ခနဲဖြတ်သွား၏။

ထိုစကားသူ၏နှုတ်မှ မည်သို့မည်ပုံထွက်သွားသည်ကိုမသိ။ သို့သော် သူလည်းပြောလက်စအရှိန်ရနေပြီမို့ ထိုစကားသာဆက်ပြောလိုက်သည်။

"ဟုတ်တယ်. . . နင့်ကိုငါချစ်တယ်. . ."

သူ့ထံမှထပ်မံထွက်ပေါ်လာသောစကားကြောင့် သူမပါးစပ်လေး ဟပြီးငြိမ်နေသည်။ အတန်ကြာမှ သူမဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးနောက် ကားလမ်း မဘက်ပြေးတက်သွားပြီး ခေါင်းကိုမော့ကာ အသံကျယ်ကျယ် ဖြင့်. . .

"သေတာပဲအေးပါတယ်တော်. . သေတာပဲအေးပါတယ်. . ဘယ့်နှယ် သူများရည်းစားမိန်းမနောက်လိုက်လို့စိတ်ညစ်နေရတဲ့ကြား ထဲ. . . ဒင်းကပွဲလန့်တုန်း. . . အဲ. . . ပွဲမလန့်လန့်အောင် ခလောက်မြွေ ပစ်ထည့်ပြီး ဖျာဝင်ခင်းချင်နေသေးတယ်. . ."

သူမစကားကြောင့် သူလည်းရှုံးတိုးရှန့်တန့်ဖြစ်သွားပြီ. . .

"ဟ. . ငါဖျာခင်းတာမဟုတ်ဘူးငါ့ရင်ထဲက တကယ်ချစ်မိနေ လို့. . ."

သူ့စကားပင်မဆုံးလိုက်။ သူမတစ်ဖက်သို့လှည့်ပြီး. . .

"သေတာပဲအေးပါတယ်တော်. . ရင်ထဲကတကယ်ချစ်လို့တဲ့ . . ဟင်း. . ဒါမျိုးကျတော့တတ်တယ်. . . လောက်စာလုံးလိုအလုံးကြီး မှတ်နေ တာ. . ဂျင်လိုတစ်ဖက်ချွန်ကြီး. . . ဟင်. . မချွန်သင့်တာချွန်နေတဲ့ လူကြီး. . ."

သူမစကားကြောင့် သူလည်းရှက်သွားပြီး. . .

"ဟာ. . . ဘာတစ်ဖက်ချွန်လဲ. . ငါ့ရင်ထဲကစကား. . ."

"ဘာ. . . ရင်ထဲစကား. . ဟုတ်လား. . . နင်ဒီလိုအချိန်မျိုး မှာပြော သင့်သလားစဉ်းစားကြည့်ပါဦး. . . အော်. . . ကိုယ်ကတော့ ကိုယ်အပူနဲ့ကိုယ်. . . ဒင်းကဘယ်အချိန်လစ်မလဲဆိုပြီးဝင် ချောင်းနေတာ

www.burmeseclassic.com



ဝင်ချောင်းနေတာ. . အချောင်းပိုင်ကြီး. . . ဘယ်အချိန်ကျရင် ဘယ်လို ခြေကလိန်ဝင်ကွပ်မယ်ဆိုပြီးစဉ်း စားနေတဲ့လူကြီး. . ခြေကလိမ်လက်က လိမ်နဲ့ ကလိမ်စေ့ငြမ်းဆင်ချင်တဲလူကြီး. . . ဘယ့်နှယ်. . . ဟိုကောင် မျိုးမြင့်ထွန်း လောက်ရုပ်ရည်ရှိရင် မသိချင်ယောင်ဆောင်ပြီး ခေါင်းညိတ် လိုက်ဦးမယ်. . အခုတော့. . . ”

“ဟာ. . . နင့်ကောင်မျိုးမြင့်ထွန်းနဲ့ငါ့ကိုမနှိုင်းပါနဲ့. . . နင့်ကောင် က မီးသွေးသည်ကျနေတာပဲ. . . မှောင်မည်းနေတာ. . . ”

“အော်. . . နင်ကအတော်ပြောင်တယ်ပေါ့လေ. . . ဟင်. . လူပြောင်ကြီး. . အတော်ပြောင်တဲ့လူကြီး. . . ပြောင်ပြောင်ရောင်ရောင် ကြီး. . . ”

သူမတစ်ခွန်းတင်မခံ ကက်ကက်လန်ရန်တွေ့သည်။ ဒါကို သူလည်းအ သိမဲ့စွာရှက်ရမ်းရမ်းပြီး. . .

“ဟာ. . . အဲဒီလောက်လည်းမပြောင်သေးပါဘူး. . . အဲ. . မျက်နှာ ပြောတာနော်. . . မျက်နှာ. . . ”

သူ့စကားကို သူမမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

“အော်. . . မျက်နှာမဟုတ်ရင် ငါကဘာပြောင်တယ်များ ပြောနေလို့လည်းလူပြောင်ကြီးရဲ့. . . နင့်မျက်နှာပြောင်ကြီးပဲကြည့်ပြီး ပြောနေတာ. . . ဟောဒီအခွက်ပြောင်ပြောင်ကြီးကိုပဲကြည့်ပြီးပြောနေတာ ဒီအပြောင်ကြီးက ငါ့ကိုချစ်တယ်တဲ့ သူမို့မရှက်မကြောက်. . . ”

သူမလက်ညှိုးက သူ့မျက်နှာနားနီးနီးလာသည်။ သူမ၏မနားတန်း စကား များကြောင့် သူစိတ်ရှုပ်ဟန်နဲ့ခေါင်းကုပ်လိုက်သည်။

“ဟာ. . . နင်ကစကားတတ်တိုင်းဟာ. . . ”

သူ၏စကားကို သူမခတ်တည်တည်နဲ့ခါးထောက်လိုက်ပြီး. . .

“ရှိတယ်. . မေထူးချွန်တို့မှာရှိတယ်. . . မပေါ်သေးတာ. . သူ့ဟာနဲ့ သူကပ်ပါနေတာပဲ. . . ”

“ဟာ. . . ဘာတွေလဲဟ. . ”

“စကားလုံးအလှလေးတွေပြောတာ. . . တလွဲမတွေးနဲ့. . . ”

www.burmeseclassic.com



သူစိတ်ရှုပ်စွာခေါင်းကုပ်လိုက်သည်။ သူမကိုဒီအတိုင်းစကားပြောနေလို့ကတော့ ဒီတစ်သက်နိုင်ဖွယ်မရှိ။ ထို့ကြောင့်. . .

"ဒီမှာမေထူးချွန်. . ."

သူမလှည့်ကြည့်ပါသည်။

"နင် ငါ့ကိုမချစ်ဘူးလား. ."

သူမမျက်နှာရှုံ့မဲ့၍တစ်ဖက်သို့လှည့်သွားပြီး ခုနကအတိုင်းခေါင်းကို မော့ကာ. . .

"သေတာပဲအေးပါတယ်တော်. . ဒီလောက်ရှင်းပြတာတောင်မရှင်းဘူးဖြစ်နေတယ်. . . ဟင်း. . ."

"မဟုတ်ပါဘူး. . နင့်ကိုငါချစ်တယ်ဆိုတာ ဘုရားရှေ့ကျိန်ဆိုကျိန်ရဲတယ်. . . ငါနင့်ကိုတကယ်ချစ်မိနေတာပါ. . . တကယ်ချစ်မိတာပါ. . ."

"ဟောတွေ့လား. . ဘုရားလည်းတရင်း. . . လိပ်ဥလည်းပြရင်းလုပ်ချင်သေးတာ. . ဟင်. . . ဒီလောက်ရှင်းပြနေတာမရှင်းသေးဘူးလား. . . ဟင်. ."

"ရှင်းတယ်. . အယ်. . မရှင်းဘူး. . ."

သူ၏ကပေါက်တိကပေါက်ချာစကားများ။ နောက်မှ စိတ်ကိုတည်ငြိမ်အောင်ထိန်းရင်း. . .

"မဟုတ်ဘူးလေ. . . အဲဒါဆို. . နင်က ဟိုမီးသွေးသည်အတွက် ငါ့ကို အသုံးချချင်ယုံသက်သက်လား. . ."

သူ၏မထင်မှတ်သောစကားကြောင့် သူမမျက်နှာရုပ်ချည်း တည်သွားသည်။ နောက်မှ ခေါင်းကိုမော့ကာ ခါးကိုထောက်ရင်းပြန်ဖြေသည်။

"ဟုတ်တယ်. . ဟုတ်တယ်. . ကဲ. . ဘာပြောချင်သေးလဲ. ."

"ဘာ. . ."

သူ၏အဖြေစကားကြောင့်မလိုအပ်ပဲမျက်ရည်များ ဝိုင်းသွားမိ၏။ ကြည့်စမ်း ဟိုလူ့အတွက်သူ့ကိုအသုံးချခဲ့တာတဲ့။ ဘယ်လောက်များဒေါသထွက်စရာကောင်းလဲ။ သူမကိုကြည့်ပြီး ချက်ချင်းဒေါသထွက်သလို

www.burmeseclassic.com



နာကျည်းသလိုဖြစ်မိသွား၏။ သူမစကားကြားမှ သူကဟိုလူအတွက်နဲ့ လုံးဝ အသုံးချခံလူတန်းစားကြီးဖြစ်သွားရပြီ။ မည်သည့်အတွက်အ သုံးချခံရတာလဲ သူကရောအသုံးချနေတာသိလျက်နဲ့ ဘာလို့ငြိမ်နေတာလဲ။ စဉ်းစားရင်း ဒေါသတို့တလိမ့်လိမ့်တက်လာ၏။ နောက် ဘာကြောင့်ရယ်မသိ။ အသားတဆတ်ဆတ်တုန်ပြီး လက်သီးကိုကျစ်ကျစ်ပါ အောင်ဆုပ်ထားမိသည်။ လည်ချောင်းထဲတစ်ခုခုနင် နေသလိုတစ်ဆို့ဆို့ကြီးဖြစ်နေသလိုခံစားရ၏။

နောက်မှ အသံကိုအတတ်နိုင်ဆုံးထိန်း၍ အားတင်းရင်း. . .

"ဒီမှာမေထူးချွန်. . နင့်ရဲ့အတ္တအတွက် လူတစ်ယောက်ကို ဒီလိုအသုံး မချသင့်ဘူး။ လူတိုင်းဟာ သွေးနဲ့ကိုယ်သားနဲ့ကိုယ် နှလုံးသားကိုယ်စီနဲ့ပါပဲ. . . လူတိုင်းမှာလည်းအချစ်ရှိတယ်. . အဲဒီအချစ်ဟာ နင်ဟိုကောင်ကိုချစ်တဲ့အချစ်မျိုးမဟုတ်ဘူး. . . အပြစ်ကင်းတဲ့ချစ်ခြင်း မေတ္တာပဲအေး. . အဲဒီချစ်ခြင်းမေတ္တာမျိုး နင့်မှာမရှိဘူးမေထူးချွန်. . . "

သူ၏အသံမှာလိုသည်ထက်ပိုကျယ်ပြီး တုန်ရင်နေပါသည်။ သူမကငေးလျက်။

"ကိုယ့်ရဲ့လိုအပ်ချက်အတွက် တခြားလူတွေကိုခုတုံးလုပ်တာ မကောင်း ပါဘူး. . . နင့်ရဲ့အပြုအမူတွေက ဟိုဘက်လှေနံနင်းချင်လို့ ဒီဘက်လှေနံ အားပြုသလိုဖြစ်နေပြီ. . . "

သူမသူ့ကိုကြောင်ငေးကြည့်နေသည်။ ခံစားချက်များကူးစက်သွားသည်ထင့်၊ သူမမျက်ဝန်းပေါ်တွင်လည်း. . .

"နင့်ကိုငါနောက်ဆုံးတစ်ခုပြောလိုက်မယ်. . . "

သူမသူ့ကိုမျက်ရည်အဝိုင်းသားနဲ့စိုက်ကြည့်နေ၏။ သူကသာ သူမ၏မျက်နှာကိုလက်နဲ့တည့်တည့်ထိုးပြီး ပြောချလိုက်သည်။

"မင်းကို ကြောက်သွားပြီ မေထူးချွန်. . . "

သူမဘာမှမပြောပဲ ခေါင်းငုံ့ငြိမ်သက်နေသည်။ သူလည်းသူ့မ၏အပြု အမူကို ပို၍ဒေါသဖြစ်ကာ နာကျည်းဖွယ်စကားများကို အသေအချာစီ၍ အသံကျယ်ကျယ်နှင့်ဆက်ပြောလိုက်သည်။

"မင်းဟာ တစ်ဖက်ကိုမလွှတ်ချင်လို့ တစ်ဖက်ကိုအသုံးချခဲ့တဲ့. . "

www.burmeseclassic.com



သူမအသံ. . .

"တိတ်. . . ပတ်ဝန်းကျင်လည်းတိတ်. . . "

သူက ဒေါသတကြီးအသံမြှင့်၍ . . .

"မြွေနှစ်ခွနဲ့လျှာဟောက်မ. . . အယ်. . . "

ကိုယ့်ဖာသာကိုယ် ဇီလင်ကြီးနဲ့ဒေါသတကြီးပြောပြီး စကားမှားသွားသည့်အတွက် ကိုယ့်ဖာသာကိုယ်ကြောင်သွားမိ၏။ သူမလည်း ရုတ်တရက်မို့ ကြောင်သွားသည်ထင့်။ မျက်မှောင်ကြုတ်၍. . .

"ဘာရယ်. . . "

ဘာဆက်ပြောလို့ပြောရမှန်းမသိဖြစ်သွားသည်။ နောက်မှ အားတင်းပြီး ဖီးလ်ပြန်ထည့်ကာ သူမ၏မျက်နှာကို လက်ညှိုးထိုး၍ သက်မကိုပြင်းပြင်းဆောင့်ချရင်း. . .

"မင်းဟာ လျှာနှစ်ဟောက်နဲ့ မြွေခွမလို့ပြောတာ. . . "

"ဟားဟားဟား. . . ငါကပဲမြွေခွရဦးမယ်. . ဟားဟား. . "

သူမသူ့ဖာသာသူ မြွေခွပြကာသဘောကျစွာရယ်သည်။ ထိုတော့မှ သူလည်းစကားထပ်မှားသွားမှန်းသိပြီး ခပ်တည်တည်နဲ့ထပ်အော်လိုက်သည်။

"နင့်ကိုမြွေနှစ်ဟောက်နဲ့လျှာခွမလို့ပြောတာ. . . "

"ဟားဟားဟားဟား. . . ဟားဟားဟားဟား. . . အဟွတ်အဟွတ်. . . မြွေနှစ်ဟောက်ဟီးဟီး. . လျှာခွမတဲ့ဟားဟားဟား. . . ဟားဟား. . . "

သူမရယ်ရင်းမျက်ရည်တွေထွက် ချောင်းတွေဆိုးပြီး လမ်းပေါ် ဆောင့်ကြောင့်ထိုင်ကာ သူ့ဗိုက်သူနှိပ်ရင်းလှိမ့်ရယ်နေလေ၏။

သူလည်းပြောရင်းနှင့် လျှာနှစ်ဟောက်နဲ့မြွေခွမလား၊ မြွေနှစ်ခွနှင့်လျှာဟောက်မလား အဓိပ္ပါယ်ကိုရုတ်တရက်ပြန်စဉ်းစားလို့မရဖြစ်နေသည်။ နောက်ဆုံး ဘယ်လိုမှ စဉ်းစားလို့မရသည့်အဆုံး. .

"အေး. . ငါပြောချင်တာ အဲဒါပဲ. . မြွေပါတယ်၊ လျှာပါတယ်၊ နှစ်ခွပါ တယ်၊ မပါတယ်. . . အဲဒါနင်ပဲ. . . အဲဒါကိုအဆင်ပြေအောင်စီပြီး

www.burmeseclassic.com



နာပေ တော့. . . ဟင်း. . . ”

ဟုဆို၍ ခပ်တည်တည်လှည့်ထွက်လိုက်သည်။ သူမကတော့ လမ်းမပေါ်ဆောင့်ကြောင့်ထိုင်၍ လှိမ့်ရယ်နေတုန်း။ သူမရယ်သံက ပတ်ဝန်းကျင်ကိုစီညံနေတုန်း။

“တောက်. . . အပိုင်ကြီးပြောရမယ့်အလှည့်ကျမှ စာသား ကမေ့နေရတယ်လို့ . . . ”

ရေရွတ်ပြီးတစ်လမ်းလုံးစဉ်းစားကြည့်သည်။

မြွေနှစ်ခွနဲ့လျှာဟောက်မလား၊ လျှာနှစ်ဟောက်နဲ့မြွေခွမလား၊ မြွေနှစ် ဟောက်နဲ့လျှာခွမလား၊ စဉ်းစား၍မရ။

တောက်. . . ဒီလောက်အပိုင်ကြီးမျက်ရည်တဝိုင်းဝိုင်းနဲ့ပြော ရတာကို စာသားမေ့နေရတယ်လို့။ အမှန်ဆို ထိုစာသားမှန်ပါက သူမ မျက်ရည်များဖြိုင်နေပြီ။ ယခုလည်းမျက်ရည်တော့ဖြိုင်ပါရဲ့၊ ဒါပေမယ့် ရယ်လို့ကျတဲ့မျက်ရည်များသာ ဖြိုင်နေတာ။

သူအသေအချာပြန်စဉ်းစားကြည့်သည်။ မြွေပါတယ်၊ လျှာပါ တယ်၊ မပါ တယ်၊ နှစ်ခွပါတယ်။ အဲဒါဘာလဲ။ အဖြေကမထွက်. . . ။

အို. . . အခုစဉ်းစားလို့ရတော့ရော လက်ညှိုးငေါက်ငေါက်ထိုး ဘယ်လို ပြန်ပြောလို့ရတော့မှာလဲ။

လျှောက်သည့်ခြေလှမ်းများ ဦးတည်ရာမဲ့နေသည်။

သူမကရော . . . ၊ ဆီကုန်နေသောကားတစ်စီးနှင့်မည်သို့ကျန်ခဲ့ မည်နည်း။

အို. . . နေပါစေ. . ဒီလိုကောင်မလေးမျိုး ဒီလိုဖြစ်တာပဲအေး မည်။ ခါတ်ဆီရသွားရင်တော့ ပေလီပဲဆက်လိုက်သွားမလား ဒါမှမဟုတ် ရန်ကုန်ကိုပဲ လှည့်ပြန်လာမလားသူမသိ။ သူမမပြောနှင့် သူပင်ရန်ကုန် ရောက်အောင် ဘယ်လိုပြန်ရမယ်မှန်းမသိသေး။ ဖြတ်သွားဖြတ်လာ ကား များက တဝီဝီမြည်ကာ ပေတစ်ရာ လမ်းမှာမစဲ ကားသံပဲလုပ်ရင်း သူ့ကိုဖြတ် ကျော်ကုန်၏။

သူမ၏ အနားမှာလည်း ထိုကဲ့သို့ပင် ကားတစ်စီးပြီးတစ်စီးဖြတ်

www.burmeseclassic.com



သန်းသွားပေလိမ့်မည်။ သူမကလည်း တစ်စီးပြီးတစ်စီးဖြတ် တားနေပေလိမ့်မည်။ ထိုမှ မဟုတ်ရင်လည်း သူပြောခဲ့သော လှပါတယ်၊ မြွေပါတယ်၊ နှစ်ခွပါတယ်၊ မပါတယ် ဟူသောစကားကို ပြန်ကြားယောင်ရင်း လိမ့်နေအောင်ရယ်နေမလား။မည်သို့ပင်ဖြစ်စေ ယခုတော့ သူမရောသူပါဒုက္ခရောက်နေရပြီ။ ဤကဲ့သို့ အခြေအနေမျိုးကို သူမကသာဖန်တီးခဲ့သည် မဟုတ်ပါလား။

သူကရော. . .။

သူလည်းသူမအပေါ် သံယောဇဉ်မရှိခဲ့လျှင်၊ စိတ်ထဲကကျိတ်ပြီး မချစ် မိခဲ့လျှင် ဤကဲ့သို့အဖြစ်မျိုး ကြုံနိုင်ပါဦးမည်လား။ ယခုသူမနှင့် နှစ်ယောက်ထဲထွက်လာမှ မည်သို့အချစ်စိတ်များရှုန်းကြွလာသနည်း။ သူစဉ်းစား၍မရ။

ဘယ်အချိန်မှာချစ်မိသွားတာလဲ. . .။

သူမသိ. . .။

သူ၏ခြေလှမ်းများ ဦးတည်ရာမဲ့တုန်း။

"တီ. . တီ. . . တီ. . . တီ. . တီ. . ."

ဒရကြမ်းနှိပ်လာသော ကားဟွန်းသံကြောင့် သူလှည့်ကြည့်လိုက်သည်။

"ဟာ. . ."

သူ့ထံဦးတည်၍ ဒရကြမ်းမောင်းနှင်လာသော သူမ၏ကားကိုမြင်တော့ သူလန့်သွားရ၏။

"တီ. . . တီ. . . တီ. . . တီ. . ."

"ဟင်. . ."

ကားက ဦးတည်ချက်မပြောင်းလဲဘဲ အရှိန်ပြင်းစွာပြေးဝင်လာသည်။ အနားရောက်တော့ သူအလန့်တကြား ခုန်ရှောင်လိုက်သည်။ သူမ၏ကားလည်း သူ့နားရောက်မှ ကွိခနဲ ဆွဲကွေ့သွား၏။ အရှိန်ကလုံးဝမလျှော့။ ကားတံခါးမှနေ၍ လက်ထုတ်ပြကာ. . .

"သွားပြီ. . . မြွေနှစ်ခွနဲ့လှ့ာဟောက်ထီးရေ့. . . ဟားဟား"

www.burmeseclassic.com



ဟုအော်ရင်း ရန်ကုန်ဘက်သို့ ဒရကြမ်းမောင်းထွက်သွား၏။ ကားကတ ခဏချင်းပင် မြင်ကွင်းကပျောက်ကွယ်သွားတော့၏။

"တောက်. . . ကောင်မမြွေခွမ ဘယ်ကစာတ်ဆီရသွားလဲမသိဘူး. . . "

ဟု ကြိမ်ဆဲရေရွတ်ရင်း သူမသွားရာလမ်းကလေးဆီသို့ ငေးကြည့်နေမိသည်။ ကားလေးကတော့ မီးခိုးပင်မမြင်ရတော့။ သူမကတော့ပုတ်သွားပြီ၊ သူက သာဘယ်ကဘယ်လိုပြန်ရမှန်းမသိသေး။ ညနေ၏နေရောင်ကလည်းတဖြည်းဖြည်းနှင့် သူ့ကိုယ့်သူမှိန်ဖျော့ချရန်တာစူနေပြီ။ ဖြတ်သွားဖြတ်လာကားများက ကျဲပါးစပြုနေပြီ။ သူဘာမှမတတ်နိုင်တော့။ သက်ပြင်းချ၍ ခြေလှမ်းကိုပြန်စလိုက်သည်။ ယခုတော့သူ့တစ်ယောက်တည်း၊ လမ်းမကရှည်လျားဆဲ။ ဤသို့သာပေါ့။

ချစ်ချင်းမေတ္တာဆိုတာ ဘယ်အချိန်မှာဘယ်လိုဝင်ရောက်လာမှန်းမသိပေမယ့် သူမကိုတွေ့တိုင်း သံပတ်အပေးခံရသူလို အလိုလိုတက်ကြွနေမိသည်။ သူမကိုမတွေ့ရှိချိန်များကိုလည်း လွမ်းဆွေးရကောင်းမှန်းမသိပေမယ့် သတိရစိတ်က အလိုလိုနေရင်း ရင်ထဲရောက်နေတတ်သည်။ တစ်ယောက်ကိုတစ်ယောက်ချစ် တယ်လို့ဖွင့်ပြောဖို့ဆိုတာကလည်း လွယ်လှသည့်အလုပ်တော့မဟုတ်။ ဈေးထဲက သမာဓိချိန်ခွင်လျှာလို နှစ်ဖက်အနားညီမှ ပြောလို့ဖြစ်သည်မဟုတ်ပါလား။ အခုတော့ ကိုယ်တစ်ဖက်ထဲ အလေးသာပြီး ပြောချင်ရာပြောခဲ့မိသည့်အတွက် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီ။ ထိုစကားတစ်ခွန်းသည် သူ၏နှုတ်ပေါ်သို့ ဘယ်အချိန်ရောက်ရှိလာသနည်း သူမသိပါ။ သူသတိထားမိချိန်တွင် ထိုစကားကို သူပြောပြီးနေပြီ။

ကြိုတင်ကြံစည်ထားခြင်း၊ ရည်ရွယ်ချက်ထားခြင်းလုံးဝမရှိခဲ့ပါ။ သူမပြောခဲ့သလို ပွဲလန့်တုန်းဖျာခင်းခဲ့ခြင်းလည်း အလျင်းမဟုတ်ခဲ့ပါ။ အဘယ် ကြောင့်ဆိုသော် သူမအား မည်သည့်အချိန်ကမှ ချစ်သူအဖြစ် စိတ်ကူးမယဉ်ခဲ့ဖူး၍ဖြစ်သည်။

မချစ်၍လား. . .။

မဟုတ်ခဲ့ပါ။ ချစ်ပါသည်။ သို့သော်. . .

www.burmeseclassic.com



မည်သည့်အချိန်မှာ စချစ်ခဲ့ခြင်းကို သူကိုယ်တိုင်မသိခဲ့ခြင်းကြောင့် ဖြစ်သည်။ 'ဖျတ်'ခနဲ လမ်းဘေးခတ်တိုင်မှ အလင်းရောင်များတောက်ပသွားသည်။ ထိုတော့မှ သူလည်းပတ်ဝန်းကျင် တစ်ခုလုံးမှောင်မည်းနေကြောင်းသတိထားမိ၏။ ရုတ်ချည်းပင် အကြောအချင်များ တောင့်တင်းလာသလိုခံစားရ၏။ တစ်ကိုယ်ခုလုံး ချွေးများလည်း ရွှဲနစ်နေသည်။

"ရေ. . . ရေဆာတယ်. . ."

လတ်တလောဖြစ်နေသောခံစားချက်များ ချက်ချင်းခန္ဓာကိုယ်ကို ပြန်ပူးကပ်လာသည်။ အနီးအနားတွင် လူနေအိမ်များလည်းမရှိ ဖြတ်သွားဖြတ်လာ ကားများလည်းမရှိ။ လမ်းမပေါ်တစ်ယောက်တည်း အိမ်အပြန်လမ်းကရှည်လျားဆဲ။

ကြောက်စိတ်မဟုတ်သော်လည်း သိမ်ငယ်စိတ်ကြောင့် ဇောချွေးတို့ထွက်လာ၏။ လမ်းဘေးမှာပဲ လှဲအိပ်နေရတော့မှာလား၊ လမ်းပဲဆက်လျှောက်သွားရတော့မှာလားမဝေခွဲနိုင်။ ကိုယ့်ခြေထောက်ကိုကိုယ်ပြန်မသယ်နိုင်လောက်အောင် လေးလံနေသည်။ မောပန်းနွမ်းနယ်စွာ ခြေလှမ်းကိုခေတ္တရပ်နားလိုက်သည်။

"မောတယ်ကွယ်. . ."

ထိုစဉ်. . .

"ဟာ. . ."

သူနှင့်မျက်နှာချင်းဆိုင်မှ လမ်းပြောင်းပြန်မောင်းနှင်လာသောကားတစ် စီး။

မည်သည့်အတွက်ကြောင့် လမ်းပြောင်းပြန်မောင်း နှင်လာမှန်းမသိ။ ခပ်ဝေးဝေးကဆိုတော့ သိပ်မသဲကွဲ။

"အလို. . ."

ခပ်လှမ်းလှမ်းရောက်မှ ကားကဘက်ဂီယာနှင့် အရှိန်ပြင်းစွာ ပြန်ဆုတ်လာမှန်းသိရသည်။

"ဟင်. . ."

သူမ၏ကား. . .။ သူမ၏ကားမှန်းသိချိန်ဝယ် ကားကသူ့ကို

www.burmeseclassic.com



နောက်ဆုတ်လျက်ပင်ဝှီးခနဲဖြတ်ကျော်သွား၏။

"အဲ. . ."

ကားက သူနှင့်ခပ်လှမ်းလှမ်းတွင်ကွ္ဍိခနဲရပ်သွားသည်။ နောက်အရှေ့သို့ 'ဝှီး' ခနဲပြန်မောင်းပြီး သူ့အရှေ့ခပ်လှမ်းလှမ်းတွင်ရပ်သွားပြန်၏။ သူ့ကားမောင်းပုံကြည့်ရသည်မှာ အရှေ့ရောက်လိုက်အနောက်ရောက်လိုက်နှင့် ဘုန်းကြီးပျံဇယဉ်ကျူးနေသလို။

ကားလေးလုံးဝရပ်သွားတော့မှ သူကားလေးဆီသို့ ဝမ်းသာအားရပြေး သွားလိုက်မိသည်။ နောက်ကားတံခါးကိုဆွဲဖွင့်လိုက်စဉ်. . .

"နေဦး. . ."

သူမ၏ပြတ်တောင်းတောင်းအသံ။ သူတံခါးကိုကိုင်ပြီး သူမကိုကြောင်ကြည့်နေမိသည်။

"နင်နဲ့ငါ အခုမှစတွေ့တယ်လို့ သဘောထားနိုင်မှ ကားပေါ်တက်ပါ. . ."

သူမ၏အသံက နူးညံ့မှုတော့လုံးဝမရှိ။ သူဘာမှမပြောဘဲ ကားထဲဝင်ထိုင်လိုက်သည်။ သူမ၏စကားကိုလည်း ဂရုမစိုက်နိုင်။ ယခုအချိန်တွင် အရေးကြီး သည်က အိမ်ပြန်ရောက်ဖို့သာ။

သူကားပေါ်ရောက်သည်နှင့် ကားလေးက ဝူးခနဲမောင်းထွက်သွားတော့၏။ သူကားပေါ်တွင် ပက်လက်လှန်ရင်း ခေတ္တအမောဖြေလိုက်သည်။ အတန်ကြာမှ. . .

"မေထူးချွန်. . ."

သူမဘက်မှန်ထဲမှ သူ့ကိုကြည့်သည်။

"ငါနင့်ကို ခုမှတွေ့တယ်လို့ သဘောထားပြီထားပါတော့. . . နင်ကရော . . ."

သူမထံမှ ခပ်တိုးတိုးရယ်သံကြားရ၏။ ပြီးနောက် သူ့အိတ်ကလေးကို ကားမောင်းရင်းဖွင့်ရှာကာ ဓာတ်ပုံတစ်ပုံသူ့ထံပစ်ပေးလိုက်သည်။

"ရော့. . . အဲဒီမှာကြည့်. . ."

သူမပစ်ပေးသော ဓာတ်ပုံကိုယူကြည့်လိုက်ရာ. . .

www.burmeseclassic.com



"ဟင်. . . "

ခါတ်ပုံထဲတွင် သူမအပါအဝင် နောက်ထပ်နှစ်ယောက်ပေါင်း သုံး ယောက်ရပ်နေပြီး ထိုသုံးယောက်အနောက်နားမှာမှ ခုံတန်းလေးတစ်ခု ပေါ်ထိုင်နေသောကျွန်တော့်ပုံ။

"ငါနင့်ကိုကျောင်းကတည်းကသိတယ်. . . "

သူမ၏အသံ။ ပြီးနောက် ကျယ်လောင်စွာထွက်ပေါ်လာသောသီချင်းသံက Willie Nelson ရဲ့ Always On My Mind သူကြည်နူးစိတ်နဲ့ကြည့်လိုက်တော့ သူမကားဒက်ရှ်ဘုတ်ပေါ်တွင်ကား . . .

"ဟင်. . . ဗျောက်အိုး. . . ဗျောက်အိုးတွေ. . . "

သူမကတော့ မသိချင်ယောင်ဆောင်၍. . . ။

သူသာတွန့်သင့်သည့်နေရာအားလုံး တွန့်တက်သွား၏။

ထိုအချိန်မှ ထွက်ပေါ်လာသောသီချင်းသံက . . .

"ရွှေရောငွေရော×××ငါဆင်ပေးထားတာ×××အဖေရော××× အမေရော××× ××"

လေးစားစွာကြိုးစားလျက်
အာကြည်ဝေက်

www.burmeseclassic.com

